တက္ကသိုလ်

# နှောင်းဒေါင်

## ကျောက်စိမ်းမင်းသား နှင့် သိုင်းလောကအလှမယ်

ဝမ်အင်း၏ လုရှောင်တိန်းကို

ဒုတိယပိုင်း
ဇာတ်သိမ်းပိုင်း



တိုးတက်ရေးစာပေ

တက္ကသိုလ်
နေလင်းအောင်

# ကျောက်စိမ်းမင်းသားနှင့် သိုင်းလောကအလှမယ်

(ဒုတိယပိုင်း ဇာတ်သိမ်း)

တိုးတက်ရေးစာပေ

"မင်းဘယ်ပြေးမလဲ"

ထိလင်းကအော်ငေါက်ရင်း ရုတ်တရက်ပြေးဝင်တိုက်ခိုက်
ဟသည့်အခါ လီဝမ်ရှိမှာကြောင်အမ်းအမ်းဖြစ်သွားလေသည်။

ထိလင်းအနေဖြင့် တိုတောင်းလှသည့်အချိန်အတွင်း၌ သူ့
းနောက်လိုက်လာနိုင်လိမ့်မည်ဟုမထင်မိချေ။

ထို့ကြောင့် ထိလင်းကို ပါးစပ်အဟောင်းသားဖြင့်ငေးကြည့်
နမိတော့၏။

ယင်းအခိုက်မှာပင်.... ထိလင်းက ရုတ်တရက်စတင်တိုက်
က်လာခြင်းဖြစ်သည်။

လီဝမ်ရှိရင်ထိတ်သွား၏။

"ဟေ့လူ... ခင်ဗျားဘယ်လိုလုပ်လိုက်တာလဲဗျ"

အော်ပြောရင်းပျာပျာသလဲရှောင်တိမ်းလိုက်ရသည်။

ကမန်းကတမ်းရှောင်တိမ်းလိုက်သဖြင့်....

သူသည် ကျောက်တုံးတစ်တုံးကိုခလုတ်တိုက်မိကာ....

"အမယ်လေး...."

မြေပေါ် ဖင်ထင်လဲကျသွားလေသည်။

ထိုသို့လဲကျသွားခြင်းက သူ့အတွက်ကံကောင်းသွားသည် ဟုဆိုရမည်ဖြစ်သည်။

သို့မဟုတ်ပါက....

ထိလင်း၏တိုက်ခိုက်မှုကြောင့် သူသေချာပေါက်ဒုက္ခရောက်သွားမည်ဖြစ်သည်။

ထိလင်းက ဆက်၍တိုက်ခိုက်ခြင်းမပြုတော့ဘဲ အံ့သြသောမျက်လုံးများဖြင့်လိဝမ်ရိကိုကြည့်လိုက်သည်။

လိဝမ်ရိ ကပျာကယာလူးလိမ့်ထလိုက်ပြီး....

"ခင်ဗျား.... ဘယ်လိုလုပ်တာလဲဗျ"

ဟုမကျေမနပ်မေးလိုက်၏။

ထိလင်းက လိဝမ်ရိအားခြေဆုံးခေါင်းဆုံးကြည့်ရင်း....

"မင်း.... မင်း...."

လိဝမ်ရိကရင်ကော့ကာ....

"ကျုပ်ဘာဖြစ်သလဲ၊ ပြောပါဦး"



ထိလင်းကစိတ်ရှုပ်ထွေးသွားဟန်ဖြင့်...

"မင်းဟာ ကျောက်စိမ်းမင်းသားမဟုတ်ဘူးလား"

ဟုမေးလိုက်သည်။

လိဝမ်ရိက....

"မဟုတ်ပါဘူးလို့ ဘယ်နှစ်ခါပြောရမလဲ"

"မင်း....."

ထိလင်းမှာ ဘာပြောရမှန်းမသိဖြစ်သွား၏။

လိဝမ်ရိက ထိလင်းကိုမကျေမနပ်ဟန်ဖြင့်ကြည့်ကာ....

"ခင်ဗျားက ကျုပ်ကို မဟုတ်တရားစွပ်စွဲရုံမကဘူး၊ မတရားလဲတိုက်ခိုက်သေးတယ်၊ ကျုပ်မကျေနပ်ဘူး"

ဟုအော်ပြောလိုက်၏။

ထိလင်းနှာခေါင်းရှုံ့လိုက်သည်။

"မကျေနပ်တော့ မင်းဘာလုပ်ချင်သလဲ"

အရေးမစိုက်ဟန်ဖြင့်ပြန်ပြောလိုက်ခြင်းဖြစ်သည်။

လိဝမ်ရိက....

"ကျုပ်မြို့ဝန်နဲ့သွားတိုင်မယ်"

ပြောပြောဆိုဆိုပင် ချာခနဲလှည့်၍ထွက်သွား၏။

ထိုစဉ်....

"ခွပ်... ခွပ်... ခွပ်"

မြင်းလှည်းတစ်စီးမောင်းနှင်လာ၏။

မြင်းလှည်းမောင်းလာသူမှာပိုးဟပ်ဖြူဖြစ်သည်။

လိဝမ်ရိရှိရာသို့ တည့်တည့်မတ်မတ်မောင်းနှင်လာခြင်းဖြစ်ပေသည်။ လိဝမ်ရိ ခြေလှမ်းတုန့်ခနဲရပ်သွား၏။

ထိုအခါ သူသည် ပိုးဟပ်ဖြူနှင့်ထိလင်းတို့နှစ်ယောက်ကြားရောက်ရှိသွား၏။ သူသည် ၎င်းတို့နှစ်ယောက်ကြားရပ်ကာ မည်သို့ပြုလုပ်ရမှန်းမသိဖြစ်နေလေတော့သည်။

oooo

"ခွပ်ခွပ်... ခွပ်ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာထွက်ပေါ်လာသည်။

မြင်းလှည်းတစ်စီး အပြင်းမောင်းနှင်လာ၏။

မြင်းလှည်းမောင်းလာသူမှာ ပိုးဟပ်ဖြူဖြစ်ပါသည်။

"မပြေးနဲ့"

အော်ငေါက်သံ ကျယ်လောင်စွာထွက်ပေါ်လာ၏။

လိဝမ်ရိလှည့်ကြည့်လိုက်သည့်အခါ ဓားဝင့်၍ပြေးလိုက်လာနေသည့်ထိလင်းကိုတွေ့ရသည်။

ယခု ထိလင်းနှင့်ပိုးဟပ်ဖြူတို့နှစ်ဦးက သူ့အားညှပ်ပူးညှပ်ပိတ်လမ်းပိတ်ထားလိုက်သကဲ့သို့ရှိနေ၏။

လိဝမ်ရိအနေဖြင့် သူတို့နှစ်ယောက်ကြားမှ ပြေးထွက်လွတ်မြောက်ရန်လမ်းမမြင်ချေ။

ထိုအချိန်တွင်....

ထိလင်းနှင့်ပိုးဟပ်ဖြူတို့သည် သူ့ထံသို့ ချည်းကပ်လာရာ တစ်စထက်တစ်စနီးကပ်လာကြပြီဖြစ်သည်။

သူ ဓားရှေးပြန်လာသည်။

ဘာလုပ်ရမှန်းမသိ။

သို့သော် သူကြာရှည်စဉ်းစားမနေနိုင်တော့ပါ။

ကြံမိကြံရာ ဝရန်းသုန်းကားလုပ်ချလိုက်လေတော့၏။

"ဟေး...."

အာလုပ်သံကြီးဖြင့်တစ်ချက်အော်ဟစ်၍ လမ်းဘေးချုံပုတ်များကြားပြေးဝင်လိုက်ခြင်းပင်ဖြစ်ပေသတည်း။

၀၀၀၀



လမ်းဘေးတွင် သစ်ပင်ချုံနွယ်များဖုံးလွှမ်းနေ၏။

လိဝမ်ရိက ဝမ်းခေါင်းသံကြီးဖြင့်ဟစ်ကြွေးလျက်ချုံပုတ်များကြားပြေးဝင်လိုက်ရာ ထိလင်းနှင့်ပိုးဟပ်ဖြူတို့ ရုတ်တရက်ကြောင်အမ်းအမ်းဖြစ်သွားကြ၏။

သူတို့သတိပြန်ဝင်လာချိန်တွင် လိဝမ်ရိမှာ သူတို့၏မြင်ကွင်းမှပျောက်ကွယ်သွားပြီဖြစ်လေသည်။

ထိလင်းဒေါပွသွား၏။

"မင်း ပြေးလို့လွတ်မလား"

ဟုအော်ငေါက်ရင်းပြေးလိုက်သွား၏။

ပိုးဟပ်ဖြူကလည်းအားကျမခံ....

"သူဟာ ကျွန်မအတွက်ပဲရှင့်"

ဟုအော်ပြောလေ၏။ တစ်ဆက်တည်းပင် သူမသည် မြင်းလှည်းကိုအရှိန်သပ်ရပ်တန့်ပြီး....

မြင်းလှည်းပေါ်မှနေ၍ ပေါ့ပေါ့ပါးပါးခုန်ထွက်လိုက်၏။

ထို့နောက် လိဝမ်ရိပြေးဝင်သွားရာ ချုံပုတ်ကြားသို့ တိုးဝင်လိုက်၏။

သို့ဖြင့်.... သုံးယောက်သား ချုံပုတ်ထဲတိုးဝင်ပျောက်ကွယ်သွားကြလေသည်။

ဝန်းကျင်တစ်ခုလုံးတိတ်ဆိတ်ငြိမ်သက်သွား၏။

အဝေးမှ ကျေးငှက်သာရကာများ၏တေးသီသံ ထွက်ပေါ်လာသည်။ သာယာနာပျော်ဖွယ်ကောင်းလှသည်။

သို့သော်.... လူသွားလူလာမရှိသောမြို့ပြွန်ဖြစ်၍ မည်သူမျှခံစားနားဆင်နိုင်ခြင်းမရှိပါ။

ထိုအချိန်တွင်.... လိဝမ်ရိသည် သေပြေးရှင်ပြေးနေသဖြင့် သဘာဝ၏အလှတရားကိုခံစားရန်ထက် အသက်ဘေးမှလွတ်မြောက်ရန်ကိုသာအာရုံပြုနေရသည်။

သူ့အနေဖြင့် အမှန်တကယ်ကော ထွက်ပြေးလွတ်မြောက်နိုင်ပါမည်လော။

ထိလင်းသည် သူ့အားကျောက်စိမ်းမင်းသားအမှတ်ဖြင့် သိုင်းပညာပြိုင်ရန်လိုက်လံရှာဖွေနေခြင်းဖြစ်သည်။



သို့ဆိုလျှင်...

ပိုးဟပ်ဖြူဆိုသောမိန်းကလေးကကော လိဝမ်ရိအား အဘယ်သို့သောအကြောင်းဖြင့်လိုက်ရှာနေရပါသနည်း။

ရုတ်တရက်ဆိုသလို လမ်းဘေးရှိချုံပုတ်များ တလှုပ်လှုပ်ဖြစ်လာသည်ကိုတွေ့ရ၏။ ထို့နောက် ပြန်လည်ငြိမ်သက်သွားသည်။

မကြာပါချေ ချုံပုတ်များကြားမှလူနှစ်ဦးခုန်ထွက်လာသည်ကိုတွေ့မြင်လိုက်ရလေသည်။

ထိလင်းနှင့်ပိုးဟပ်ဖြူတို့ဖြစ်ကြသည်။

သူတို့နှစ်ယောက်စလုံး စိတ်ပျက်သည့်အမူအရာများရှိနေသဖြင့် လိဝမ်ရိအား လုံးဝရှာမတွေ့ခဲ့ကြကြောင်းထင်ရှားလေသည်။

ထိလင်းမကျေမနပ်ဖြစ်မိ၏။

ပိုးဟပ်ဖြူကိုဒေါသတကြီးကြည့်ပြီး....

“မင်းဘာဝင်ရှုပ်တာလဲ”

ဟုငေါက်လိုက်၏။

ထိုအခါ ပိုးဟပ်ဖြူကလည်း အားကျမခံ ပြန်ပြောလိုက်၏။

“ဘာပြောတယ်ရှင့်... သေချာလဲစဉ်းစားပြီးမှပြော၊ ကျွန်မကရှုပ်တာလား ရှင်ကရှုပ်တာလား”

"မင်း...."

ထိလင်း ဘာပြန်ပြောရမှန်းမသိအောင်ဖြစ်သွားသည်။

ပိုးဟပ်ဖြူကခါးထောက်လိုက်ပြီး....

"သူကကျွန်မအစ်ကိုရှင့်... စိတ်ဖောက်ပြန်ပြီး အိမ်ကထွက်သွားလို့ ကျွန်မလိုက်ရှာနေတာ"

"ဘာ...."

ပိုးဟပ်ဖြူ၏စကားကြောင့် ထိလင်းမှာ မျက်လုံးပြူးသွားလေသည်။ ပိုးဟပ်ဖြူကိုမယုံကြည်နိုင်စွာကြည့်ရင်း....

"ဘာပြောတယ်... သူဟာ မင်းရဲ့အစ်ကိုဟုတ်လား"

ဟုမေးလိုက်၏။

ပိုးဟပ်ဖြူကခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... သူဟာ စိတ်ဖောက်ပြန်နေတဲ့စိတ္တဇဝေဒနာရှင်တစ်ယောက်ပေါ့ရှင်"

ထိလင်းခေါင်းခါလိုက်သည်။

"မဖြစ်နိုင်ဘူး၊ မင်းပြောတာငါမယုံဘူး"

"ဘာရှင့်"

"သူဟာကျောက်စိမ်းမင်းသားလေးပဲ"



ပိုးဟပ်ဖြူသည် ထိလင်း၏စကားကိုသဘောကျသွားဟန်ရှိသည်။ ပါးစပ်ကိုလက်ဖြင့်အုပ်ကာ....

"ခစ်... ခစ်... ခစ်"

ခန္ဓာကိုယ်လေး သိမ့်သိမ့်လှုပ်မျှရယ်လိုက်လေသည်။

ထိလင်းမကျေမနပ်ဖြစ်သွား၏။

"မင်းဘာရယ်တာလဲ"

မျက်နှာထားတင်းတင်းဖြင့်ငေါက်လိုက်၏။

ပိုးဟပ်ဖြူက....

"ရှင်က ကျွန်မအစ်ကိုကို ကျောက်စိမ်းမင်းသားလို့ပြောနေတာကိုး၊ ဒီစကားကိုသာကျောက်စိမ်းမင်းသားကြားသွားရင် ရှင့်ကိုတော်တော်စိတ်ဆိုးမှာပဲ"

ထိလင်းဇဝေဇဝါဖြစ်မိသည်။

ပိုးဟပ်ဖြူ၏စကားကို ယုံရကောင်းနိုး မယုံရကောင်းနိုးဖြင့် ဝေခွဲမရဖြစ်ကာ ဘာလုပ်ရမှန်းမသိအောင်ပင်ဖြစ်သွားလေသည်။

ထိုစဉ် ပိုးဟပ်ဖြူက....

"ကျွန်မအစ်ကိုကိုပြန်ခေါ်နိုင်တော့မယ်လို့ထင်နေတာ... ခုရှင့်ကြောင့်လွတ်သွားပြန်ပြီ"

ဟုပြစ်တင်ပြောဆိုလိုက်၏။

ထိလင်းခေါင်းတွင်တွင်ခါလိုက်၏။

"မင်းပြောတာကိုငါမယုံဘူး"

"ဘာရှင့်"

ထိလင်းက...

"မင်းဘာပြောပြော... ငါမယုံဘူး၊ သူဟာ... ကျောက်စိ မင်းသားဆိုတာ ငါသိတယ်"

"နေပါဦး... ရှင်ပြောနေတာ ကျောက်စိမ်းနန်းတော် ကျောက်စိမ်းမင်းသားလား၊ သိုင်းလောကရဲ့အလျှို့ဝှက်ဆုံးဆို လူလေ"

ထိလင်းခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... သူကလွဲရင်ဘယ်သူရှိဦးမှာလဲ"

ပိုးဟပ်ဖြူက...

"ကျောက်စိမ်းမင်းသားရဲ့သိုင်းပညာဟာ သိုင်းလောက ပြိုင်ဘက်ကင်းတယ်လို့ လူတိုင်းကသိကြတယ်ရှင့်"

"ဟုတ်တယ်လေ"

ပိုးဟပ်ဖြူနှုတ်ခမ်းမဲ့ကာ...



"သူသာကျောက်စိမ်းမင်းသားဆိုရင် ရှင့်ကိုရင်မဆိုင်ဘဲ အခုလိုရှောင်ထွက်သွားပါ့မလားရှင့်"

အချက်ကျကျပြောလိုက်သည့် ပိုးဟပ်ဖြူ၏စကားကြောင့် ထိလင်းမှာ ပါးစပ်အဟောင်းသားဖြစ်သွားသည်။

မှန်သည်။

ကျောက်စိမ်းမင်းသားသည် သိုင်းပညာပြိုင်ဘက်ကင်းသလို မာနကြီးသူလည်းဖြစ်၏။ ထိုသို့သောလူတစ်ယောက်က သူ့အား စိန်ခေါ်လာသူကိုရင်မဆိုင်ဘဲ ရှောင်တိမ်းထွက်ခွာသွားပါမည်လော။

ထိလင်းဇဝေဇဝါဖြစ်လာသည်။

ထိုစဉ် ပိုးဟပ်ဖြူကဆက်၍ပြောလာပြန်လေသည်။

"ကျောက်စိမ်းမင်းသားဟာ သိုင်းပညာပြိုင်ဘက်ကင်းတဲ့အတွက် ခက်ထန်မောက်မာတယ်၊ ရက်စက်ကြမ်းကြုတ်တဲ့စိတ်ထားလဲရှိတယ်၊ ဘယ်သူ့ကိုမှလူထင်တာမဟုတ်ဘူး၊ သူ့လက်အောက်မှာ အမှုထမ်းတဲ့လူတွေဟာ သိုင်းပညာတော်ကြတယ်၊ ငွေဆိုလဲ သုံးမကုန်အောင်ချမ်းသာကြွယ်ဝကြတယ်... သူဟာ...."

သူမ၏စကားမဆုံးမီ ထိလင်းကကြားဖြတ်ပြောသည်။

"တော်ပါတော့... ဒီအကြောင်းကို သိုင်းလောကတစ်ခုလုံး

ကြားဖူးထားကြသလို ကျုပ်လဲကြားဖူးထားတာပဲ… ဘာဆန်းလို့လဲ”

“ရှင်သိတယ်ဆိုရင် ဘာကြောင့်ကျွန်မအစ်ကို့ကို ကျောက်စိမ်းမင်းသားလို့ထင်နေရတာလဲ”

ထိလင်း မည်သို့ပြန်ပြောရမှန်းမသိဖြစ်သွားလေသည်။

ပိုးဟပ်ဖြူက….

“ကျွန်မအစ်ကိုဟာကျောက်စိမ်းမင်းသားလို အရည်အချင်းမျိုးရှိနေလို့လား၊ ကျွန်မအနေနဲ့ပြောရရင်တော့ ကျွန်မအစ်ကိုဟာ ကျောက်စိမ်းမင်းသားနဲ့ တစ်စက်ကလေးမှမတူဘူးလို့ ရဲရဲကြီးပြောရဲတယ်ရှင့်”

ထိလင်းခေါင်းခါလိုက်သည်။ သူကိုယ်တိုင် သီးသန့်တည်းခိုခန်း၌တည်းခိုနေသည့် ကျောက်စိမ်းမင်းသားကို စိန်ခေါ်လာခဲ့သူဖြစ်သည်။

နောက်ဖေးတံခါးပေါက်မှရှောင်ထွက်သွားသဖြင့် ယခုကဲ့သို့ထက်ကြပ်မကွာလိုက်လာခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် လူမှားလိမ့်မည်ဟု သူမထင်ချေ။

“သူ ခုလိုရှောင်ထွက်သွားတာ အကြောင်းရှိလို့နေမှာပေါ့”

ပိုးဟပ်ဖြူပြုံးလိုက်သည်။



“ဟင်း… ဟင်း… ခုထိ ရှင်က စိတ်မလျှော့သေးဘဲကိုး… ...းပြီ ဒါဆိုသူဘာကြောင့်ထိပ်တန်းတည်းခိုခန်းမှာတစ်ယောက် ...လာတည်းနေရတာလဲ”

ထိလင်းက….

“သူ့မှာအခြေအရံတွေ ပါလာပါတယ်”

“ကောင်းပြီ… အဲဒီအခြေအရံတွေဘယ်ရောက်သွားလဲ”

ပိုးဟပ်ဖြူက ကောက်ကာငင်ကာပြန်မေးလိုက်သည်။

ထိလင်း တစ်ချက်တွေဝေသွားသည်။

ပြီးမှ….

“သူတို့က ရှိကျန်းမြို့ကိုသွားနှင့်ကြတာနေမှာပေါ့”

“ဒါဆို ရှိကျန်းမြို့ကလာတဲ့သူဌေးကျိုနဲ့ ဘာကြောင့်မတွေ့...လဲ”

“ဒါက….”

ထိလင်းမည်သို့ပြောရမှန်းမသိဖြစ်မိသည်။

ပိုးဟပ်ဖြူက….

“သူဟာ သူဌေးကျိုနဲ့ ကုန်သည်ချန်ဆီက အကူအညီရယူခဲ့...ယ်ရှင့်”

"ဒါကိုကျုပ်သိပါတယ်"

"မာနကြီးတဲ့ကျောက်စိမ်းမင်းသားဟာ သူများဆီက အညီတောင်းမယ်လို့ ရှင်ထင်သလား"

ထိလင်းက....

"သူဟာ ဟန်စင်းကျေးရွာကလူတွေ ဒုက္ခရောက်နေ မကြည့်ရက်လို့ အကူအညီတောင်းတာပါ"

သူမက....

"ကျောက်စိမ်းမင်းသားဟာ ခုမှတွေ့တဲ့လူတွေဆီက ကြေးအကူအညီတောင်းတယ်ဆိုတာ စဉ်းစားစရာပါ၊ ပြီး သူ့မှာငွေပါမလာရအောင် မွဲတေနေပြီလား၊ ဘယ်သူမဆို ခရီ မယ်ဆိုရင် ငွေကြေးအလုံအလောက်ယူလာမှာပဲမဟုတ်လား၊ ကြီးကိစ္စနဲ့ထွက်လာတာဆိုရင် ငွေကိုပိုတောင်ယူလာရဦးမှာ

တစ်ချက်ချင်းပြောလိုက်သည့် ပိုးဟပ်ဖြူ၏စကား ထိလင်းငြိမ်ကျသွား၏။

ပိုးဟပ်ဖြူကထိလင်းကိုစေ့စေ့ကြည့်ကာ....

"ကဲ... ရှင် အထင်မှားနေပြီဆိုတာယုံပြီလား"

ထိလင်း ခေါင်းကုပ်လိုက်မိတော့သည်။



ပိုးဟပ်ဖြူ၏စကားကရေပက်မဝင်အောင် နိုင်မာနေသည်။

"ဒါဖြင့် သူကကျောက်စိမ်းမင်းသားအဖြစ်ဟန်ဆောင်ခဲ့တာပေါ့ဟုတ်လား"

ပိုးဟပ်ဖြူက....

"ဟုတ်ပါတယ်ရှင့်"

ထိလင်း နှာခေါင်းရှုံ့လိုက်သည်။

"မင်းပြောသလို သူသာ ကျောက်စိမ်းမင်းသားအဖြစ်ဟန်ဆောင်ခဲ့တာဆိုရင် နည်းတဲ့သတ္တိမဟုတ်ဘူး"

ပိုးဟပ်ဖြူက နှာခေါင်းရှုံ့ကာခေါင်းခါလိုက်သည်။

"ဒါသတ္တိကောင်းလို့မဟုတ်ဘူးရှင့်... စိတ်ဖောက်ပြန်ပြီး ရူးသွပ်နေလို့"

"တောက်...."

ထိလင်းတက်ခေါက်လိုက်သည်။

သူ့အသွင်က အတော်ပင်ခံပြင်းနေဟန်ရှိလေသည်။

"မင်းပြောတဲ့အတိုင်းဆိုရင် ငါတို့ဟာ အရူးတစ်ယောက်ရဲ့စကားကိုယုံမိသလိုဖြစ်နေပြီ"

ပိုးဟပ်ဖြူကရယ်လိုက်သည်။

ထိလင်းသည် မျက်နှာကြီးရှုံ့မဲ့ကာ....

"သိုင်းလောကသားတွေသာ ငါတို့အဖြစ်ကိုသိသွားကြရင် ဘယ်လောက်များ လှောင်ပြောင်ရယ်မောလိုက်ကြမလဲမသိဘူး၊ အရှက်တော့ကွဲပါပြီ"

ပိုးဟပ်ဖြူကလည်းရယ်ကျဲကျဲဖြင့်....

"ဟုတ်တာပေါ့ရှင်... ရှင်တို့အဖြစ်က တကယ့်ကို ရယ်စရာကောင်းနေပြီ၊ ကြံကြံဖန်ဖန်ရှင်... အရူးတစ်ယောက်ကို ကျောက်စိမ်းမင်းသားနဲ့မှားရတယ်လို့ "

ထိုစကားကြောင့် ထိလင်းမှာ မျက်နှာကြီးနီရဲသွားကာ ပိုးဟပ်ဖြူအား စိုက်ကြည့်လိုက်၏။

"မင်းအစ်ကိုကြောင့် ငါတို့အရှက်ကွဲရမှာဆိုတော့ မင်းမှာလဲ တာဝန်ရှိတယ်"

"ရှင်...."

"ဒီကိစ္စကိုမင်းဖြေရှင်းရလိမ့်မယ်"

ပိုးဟပ်ဖြူက...

"ဘယ်လိုလုပ်ပြီး ကျွန်မဘက်ကို မြားဦးလှည့်လာတာလဲ"

"မလိုချင်ဘူး... မင်းပဲတာဝန်ယူဖြေရှင်းပေးရမယ်"



ပိုးဟပ်ဖြူကနှာခေါင်းရှုံ့ကာ....

"ရှင်တို့ဖာသာ အရူးစကားကိုယုံပြီးဖြစ်ခဲ့တဲ့ကိစ္စ ကျွန်မနဲ့ ာဆိုင်လို့လဲ"

ထိလင်းက....

"ဒီကိစ္စကိုမင်းပဲသိတာ... မင်းသာ ဘာမှမပြောဘဲနေရင် ဖြစ်မှန်ကို ဘယ်သူမှသိကြမှာမဟုတ်ဘူး"

ပိုးဟပ်ဖြူက....

"ဩော်... ရှင်က အရှက်ကွဲမှာစိုးရိမ်ပြီး ကျွန်မကိုနှုတ်ပိတ် ်တဲ့သဘောပေါ့ဟုတ်လား"

ထိလင်းကအံကြိတ်ကာက....

"စကားမရှည်နဲ့... မင်းတို့မောင်နှမနှစ်ယောက်စလုံးကို းပစ်မှ ငါတို့ဂုဏ်သိက္ခာကိုဆည်နိုင်မှာ... သေဖို့သာပြင်ပေတော့"

ပြောပြောဆိုဆိုပင်... ထိလင်းသည် ပိုးဟပ်ဖြူအား စတင် က်ခိုက်လိုက်လေတော့၏။

၀၀၀၀

ထိလင်းသည် ထိပ်တန်းသိုင်းသမားတစ်ဦးဖြစ်သည်
သူသည် လိဝမ်ရိအား ကျောက်စိမ်းမင်းသားဟုထ
ယုံကြည်မိခဲ့၏။

ယခု ပိုးဟပ်ဖြူပြောသည့်စကားအရဆိုလျှင်....

သူသည် စိတ်ဖောက်ပြန်ရူးသွပ်နေသူတစ်ယော
စကားကိုအဟုတ်ထင်ပြီးစိန်ခေါ်တိုက်ခိုက်ရန်ကြိုးစားခဲ့သည်

သူလိုထိပ်တန်းသိုင်းသမားကြီးတစ်ယောက်က အ
ယောက်အား သိုင်းပညာချင်းယှဉ်ပြိုင်ရန်စိန်ခေါ်ခဲ့သည်ဆို
သတင်းသာ သိုင်းလောကသို့ပျံ့နှံ့သွားပါက သူ့မျက်နှာ ဘ
ရမှန်းပင် သိတော့မည်မဟုတ်ပါ။

ထိလင်းသည် အလွန်ပင် ရှက်ရွံ့သွားမိ၏။

ထိုသတင်း သိုင်းလောကသို့ပျံ့နှံ့သွားမည်ကိုလည်း
ပင် စိုးထိတ်မိ၏။



ထို့ကြောင့် သူသည် ထိုသတင်းပေါ်ပေါက်ပျံ့နှံ့ သွားခြင်း မရှိစေရန် ပိုးဟပ်ဖြူအားနှုတ်ပိတ်ပစ်ရန်ဆုံးဖြတ်လိုက်ခြင်း ဖြစ်ပေတော့သည်။

ထိလင်းသည် အံတင်းတင်းကြိတ်ကာ ဓားကိုရှမ်းခနဲဆွဲထုတ် လိုက်၏။ တစ်ဆက်တည်းမှာပင် လေ၏လျင်မြန်ခြင်းမျိုးဖြင့် ပိုးဟပ်ဖြူအား လျှပ်တစ်ပြက်တိုက်ခိုက်လိုက်သည်။

"ဝှီး...."

"ဝှစ်...."

လေတိုးသံထွက်ပေါ်လာသည်။

လေတိုးသံနှင့်အတူ ဝင်းလက်တောက်ပသည့်ဓားရောင်များ ပြိုးပြိုးပြက်ပြက်ထွက်ပေါ်လာလေ၏။

ထို့အတူ ထိလင်း၏ဓားသည် ပိုးဟပ်ဖြူအား စလွယ်သိုင်း၍ခုတ်ပိုင်းလာ၏။ ထိပ်တန်းသိုင်းသမားပီပီ သူ၏တိုက်ခိုက်မှုသည်အားမာန်ပြည့်ကာ တစ်ချက်တည်းနှင့်ပွဲသိမ်းမည့်အနေအထားမျိုးဖြစ်လေသည်။

တော်ရုံတန်ရုံလူဆိုလျှင် ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ မျက်ကလူးဆန်ပျာဖြစ်သွားနိုင်လောက်သည်။

သို့သော် ပိုးဟပ်ဖြူကမူ အလွန်ပင် တည်ငြိမ်အေးစက်လှ
၏။ ထိလင်းက လှျပ်တစ်ပြက်တိုက်ခိုက်လာသည့်တိုင် ဘာမှုမဖြ
သလိုဖြင့် မလှုပ်မယှက်ရပ်နေလေသည်။

သူမထံသို့ထိလင်း၏ဓားခုတ်ချလာသည့်အခါမှ လက်တ
ဖက်ကိုဆန့်ထုတ်ပြီး လက်ချောင်းလေးနှစ်ချောင်းဖြင့် ခုတ်ချလာ
သည့်ဓားသွားကိုညှပ်ကာ ဆတ်ခနဲဖမ်းထားလိုက်လေသည်။

"ဟင်...."

ထိလင်းထိတ်ခနဲဖြစ်သွားသည်။

မျက်လုံးကြီးပြူးလျက် ပိုးဟပ်ဖြူကိုကြည့်သည်။

သူမသည် ယခုကဲ့သို့ သူ၏ဓားကိုဖမ်းထားနိုင်လိမ့်မည်ဟု
မထင်မိချေ။

ပိုးဟပ်ဖြူသည် ဟန်မပျက်ရကင်းမဲ့သောမျက်နှာထားဖြင့်ရှိ
၏။ ထိလင်းကအံကြိတ်ကာ....

"လွှတ်စမ်း"

အော်ငေါက်ပြီး ဓားကိုတအားဆွဲယူလိုက်၏။

ထိုစဉ်မှာပင်....

"သွားစမ်း"



ပိုးဟပ်ဖြူကငေါက်ငမ်းရင်း ဓားကိုညှပ်ထားသည့်လက်
ချောင်းလေးနှစ်ချောင်းကိုလိမ်လိုက်၏။

ဤတွင်....

"ခြွမ်း...."

ကျယ်လောင်သည့်အသံထွက်ပေါ်လာပြီး ထိလင်း၏ဓား
မှာ ထက်ပိုင်းကျိုးသွားလေတော့၏။

"ဟာ...."

ထိလင်း ထိတ်လန့်တကြားဖြင့်မျက်လုံးကြီးပြူးသွား၏။

ပိုးဟပ်ဖြူက....

"ရှင် ဆက်ပြီးတိုက်ခိုက်ချင်သေးသလား"

ဟုမေးလိုက်သည်။

ထိလင်းကပျာကယာနောက်ဆုတ်လိုက်ပြီး....

"မင်း... မင်းကသိုင်းပညာတတ်တယ်ဟုတ်လား"

ပိုးဟပ်ဖြူကမဲ့ပြုံးပြုံးကာ....

"သိုင်းတတ်တာ မတတ်တာအရေးမကြီးပါဘူး။ ရှင် ကျွန်မ
ကိုနှုတ်ပိတ်ဖို့ထပ်ပြီးကြိုးစားဦးမှာလားဆိုတာပြောပါရှင်"

ထိလင်းသည် ပိုးဟပ်ဖြူအား ထပ်မံတိုက်ရန်နေနေသာ

သူမလက်ချက်ဖြင့် ဒုက္ခရောက်မသွားအောင်ပင် မနည်းကြိုးစားရ
မည့်အခြေအနေတွင်ရှိသည်။

ထို့ကြောင့် ထိလင်းအသာနောက်ဆုတ်လိုက်သည်။

ပိုးဟပ်ဖြူက....

"ဘာလဲ ရှင်သွားတော့မလို့လား"

ဟုမေးလိုက်၏။

ထိလင်းသည် တစ်ခွန်းမျှပင် ပြန်မပြောနိုင်တော့ဘဲ ချာခနဲ
လှည့်ကာထွက်ပြေးသွားလေတော့သည်။

oooo



"ခွပ်... ခွပ်... ခွပ်... ခွပ်"

မြင်းခွာသံများ ထွက်ပေါ်နေ၏။

ပိုးဟပ်ဖြူသည် မြင်းလှည်းကို တောလမ်းအတိုင်းမောင်း
နှင်နေ၏။ ဝမ်ကျက်မြို့သည် အနောက်ဘက် အတော်ဝေးဝေး၌ ကျန်
ရစ်ခဲ့ပြီဖြစ်သည်။

ပိုးဟပ်ဖြူသည် မြင်းလှည်းကိုမောင်းနှင်နေဆဲပင်....

သူမသည် မရပ်မနားမောင်းနှင်သွားမည့်သဘောရှိ၏။

သို့သော်... ညနေစောင်းအချိန်၌ လမ်းဆုံလမ်းခွတစ်ခုသို့
ရောက်ရှိသွားသည့်အခါ မြင်းလှည်းရပ်တန့်လိုက်၏။

လမ်းဆုံလမ်းခွတွင် ခရီးသည်များ ခရီးတစ်ထောက်နား၍
စားသောက်ကြသည့်ထမင်းဆိုင်လေးတစ်ဆိုင်ရှိ၏။

ဆိုင်ရှင်သည် စီးပွားရေးအကွက်မြင်သူပီပီ အချိန်မတော်မှ
ရောက်လာသည့်ခရီးသည်များ အိပ်စက်အနားယူနိုင်ရန် ဆိုင်နှင့် မနီး

မဝေးတွင် ဝါးတဲလေးများဆောက်လုပ်ထားပြီး တစ်ညလျှင် တည်
ခိုခငွေငါးဆယ်နှုန်းဖြင့်ငှားရမ်း၏။

ပိုးဟပ်ဖြူသည် မြင်းလှည်းကို ထမင်းဆိုင်ရှေ့တွင်ရပ်တန့်
လိုက်၏။ ထို့နောက် မြင်းလှည်းပေါ်မှခုန်ဆင်းလိုက်ပြီး.....

"အင်း... ဒီဆိုင်က တောကြက်ကင်နဲ့အရက်ဟာ နာမည်
ကျော်ပဲ၊ ညစာစားသောက်ပြီး ဒီမှာတစ်ညနားမယ်... မနက်မှခရီး
ဆက်တော့မယ်"

ဟုတစ်ကိုယ်တည်းရေရွတ်ပြောဆိုလိုက်၏။

ထိုစဉ်.... လုလင်တစ်ယောက် ဆိုင်ထဲမှထွက်လာပြီးကြိုဆို
လေသည်။

"အစ်မလေး... ကျွန်တော်တို့ဆိုင်မှာပဲ ခဏတဖြုတ်နားပြီး
စားသောက်ပါလား... တောကြက်ကင်နဲ့အရက်ကောင်းရှိတယ်"

ပိုးဟပ်ဖြူကရယ်မောလိုက်၏။

"ကောင်းတာပေါ့ရှင်၊ ကဲ ကျွန်မအတွက်ကြက်တစ်ကောင်
ယူလာပေးပါ၊ မြင်းလှည်းပေါ်မှာပဲစားမယ်... ပြီးရင် မြင်းတွေကို
အစာကျွေးဖို့စီစဉ်ပေးပါရှင်"

"ကောင်းပါပြီဗျာ"



လုလင်သည် ကြက်ကင်ချက်ချင်းယူလာပေး၏။

ပိုးဟပ်ဖြူသည် မြင်းလှည်းခေါင်မိုးပေါ်ခုန်တက်လိုက်၏။
ခေါင်မိုးပေါ်တွင် အကျအနထိုင်၍ အားရပါးရစားသောက်လေသည်။

ကြက်ကင်နံ့က မွှေးကြိုင်နေ၏။ ပိုးဟပ်ဖြူသည် အေးအေး
ဆေးဆေးစားသောက်နေလိုက်ရာ တဖြည်းဖြည်းမိုးချုပ်သွားလေ
၏။ သူမသည် မြင်းလှည်းခေါင်မိုးပေါ်တွင်လှဲချပြီးအနားယူနေလိုက်
၏။ ကောင်းကင်ပေါ်တွင် လဝန်းနှင့်ကြယ်လေးများထွက်ပေါ်လာ
၏။ ဝန်းကျင်တစ်ခုလုံးကြည်လင်သာယာလှလေ၏။

ပိုးဟပ်ဖြူက....

"သာယာလိုက်တဲ့ညပါလား၊ အင်း ဒီလိုညမျိုးမှာ သဘာဝ
ရဲ့လေပြည်လေညှင်းကိုရှူရှိုက်ပြီး ညရဲ့အလှကိုကြည့်ရတာ ဘယ်လို
အရသာမျိုးနဲ့မှမတူပါလား၊ တကယ်လို့များ ခုလိုအချိန်မျိုးမှာ မွှန်း
ကျပ်ပိတ်လှောင်နေမယ်ဆိုရင်...."

ပိုးဟပ်ဖြူ၏စကားသံသည် တစ်ပိုင်းတစ်စဖြင့် ရပ်တန့်
သွားလေ၏။

အကြောင်းမှာ....

"ဟပ်ချိုး...."

လှည်းအိမ်ထဲမှ နှာချေသံတစ်ချက် ကျယ်လောင်စွာထွက် ပေါ်လာခြင်းကြောင့်ဖြစ်လေ၏။ ပိုးဟပ်ဖြူက....

"အင်း.... မြင်းလှည်းအိမ်ထဲမှာ ငရုတ်သီးအိတ်တွေရှိနေ တာပဲ၊ ငရုတ်သီးအိတ်တွေကြားထဲ တစ်ညလုံး အိပ်လိုက်ရရင်တော့ ဟင်း... ဟင်း..."

သူမကဆက်မပြောဘဲ ရယ်မောလိုက်ပြန်၏။

ဤတွင်....

"ဟပ်ချိုး... ဟပ်ချိုး"

နောက်ထပ် နှာချေသံများထွက်ပေါ်လာ၏။

တစ်ဆက်တည်းမှာပင်....

"ဝုန်း...."

ကျယ်လောင်သောအသံနှင့်အတူ မြင်းလှည်းတံခါးပွင့်သွား ပြီး လူတစ်ယောက်ခုန်ထွက်လာသည်ကိုတွေ့ရလေတော့သည်။

oooo



လိဝမ်ရိ....

သူသည် မြို့စွန်တွင် ပိုးဟပ်ဖြူနှင့်ထိလင်းတို့နှစ်ယောက် ကြားတွင် ညှပ်ပူးညှပ်ပိတ်မိနေခဲ့သည်။

ရှေ့တိုးမရ နောက်ဆုတ်မရနှင့်အခက်ကြုံနေခဲ့သည်။

နောက်ဆုံး....

ကြံရာမရဖြစ်ကာ လမ်းဘေးရှိချုံပုတ်ကြားသို့ဆင်းပြေး၍ ပုန်းအောင်းနေလိုက်တော့၏။

ထိလင်းနှင့်ပိုးဟပ်ဖြူတို့သည် သူထွက်ပြေးသွားသည်ဟု ထင်မှတ်ကာ အနီးပတ်ဝန်းကျင်တစ်ဝိုက်လိုက်လံရှာဖွေကြ၏။

သူတို့နှစ်ယောက် ယင်းသို့ရှာဖွေနေခိုက်မှာပင်....

လိဝမ်ရိသည် ပို၍လုံခြုံမှုရှိစေရန် ပိုးဟပ်ဖြူမောင်းနှင်လာ သည့်မြင်းလှည်းအိမ်ထဲသို့ ကမန်းကတမ်းပြေးဝင်ပုန်းအောင်းနေ လိုက်လေသည်။

ထို့ကြောင့်လည်း ပိုးဟပ်ဖြူက မြင်းလှည်းကိုမောင်းနှ
ထွက်ခွာသွားသည့်အခါ လိဝမ်ရီသည် မရည်ရွယ်ဘဲ မြင်းလှည်းနှ
အတူ မြင်းလှည်းသွားရာနောက်သို့ အလိုအလျောက်ပါသွားရခြ
ဖြစ်ပေတော့၏။

မြင်းလှည်းအိမ်ထဲတွင် ငရုတ်သီးအိတ်များပါရှိနေသည
လိဝမ်ရီသည် ငရုတ်သီးအိတ်များကြားထဲ၌ တစ်ချိန်လုံးေ
ရသည့်အတွက် ကြာသည့်အခါ မည်သို့မျှမခံနိုင်တော့ဘဲ တံခါးဖွင့်
ခုန်ဆင်းလိုက်ရခြင်းဖြစ်ပေတော့သည်။

"ဟပ်ချိုး... ဟပ်ချိုး"

သူသည် အဆက်မပြတ်နှာချေလေ၏။

မျက်ရည်များ၊ နှာရည်များလည်း ကျဆင်းလာလေသည်
သူ၏တစ်ကိုယ်လုံး ပူစပ်ပူလောင်ဖြင့်အနေရခက်နေ၏

"ခစ်... ခစ်... ခစ်"

သူ့အဖြစ်ကိုမြင်တွေ့ရသည့်အခါ ပိုးဟပ်ဖြူသည် သဘော
ကျသွားပြီး ဟက်ဟက်ပက်ပက်ပင် ရယ်မောလိုက်မိလေသည်။

အားရအောင်ရယ်မောပြီးမှ ပိုးဟပ်ဖြူသည် မြင်းလှည်
ပေါ်မှခုန်ဆင်းလိုက်လေသည်။



ထို့နောက် လိဝမ်ရီကိုရယ်ကျဲကျဲကြည့်ကာ....

"လက်စသတ်တော့... ရှင်က မြင်းလှည်းထဲဝင်ပုန်းနေတာ
ကိုး၊ ဒါကြောင့် ဖြူနံ့စားကြီးဘယ်ရောက်သွားပါလိမ့်လို့တွေးမရဘဲ
ဖြစ်နေတာ"

ဟုပြောလိုက်လေသည်။

လိဝမ်ရီကမူ မျက်နှာကြီးရှုံ့မဲ့ကာ....

"မင်း... မင်း ကျုပ်ကိုနှိပ်.. နှိပ်စက်... ဟပ်... ဟပ်ချိုး"

လိဝမ်ရီသည် စကားကိုဆုံးအောင်ပင် မပြောနိုင်ဘဲ ဟပ်ချိုး
ဟပ်ချိုးဖြင့်နှာချေနေလေတော့၏။

ပိုးဟပ်ဖြူကခါးထောက်လိုက်ပြီး...

"ဩော်... ကျွန်မက ရှင့်ကိုနှိပ်စက်တယ်လို့ပြောချင်သေး
တယ်ပေါ့ဟုတ်လား၊ ကျွန်မသာ ညအိပ်မနားဘဲ မြင်းလှည်းကို တစ်
ညလုံးဆက်မောင်းနေမယ်ဆိုရင် ရှင်ဘယ်လိုဖြစ်သွားမလဲဆိုတာ
စဉ်းစားကြည့်ပေါ့၊ ကျွန်မကိုတောင်ကျေးဇူးတင်ရဦးမယ်"

ဟုပြောလေ၏။

လိဝမ်ရီဒေါပွသွားသည်။

"မင်း... မင်း...."

မည်သို့ဆိုစေ သူမသည် တော်ရုံတန်ရုံ မိန်းကလေးမဟု
ကြောင်း နားလည်သဘောပေါက်ထားသည်။

ထိလင်းအား သူမ မည်သို့ရင်ဆိုင်ခဲ့သည်ကို သူကိုယ်
ချောင်းကြည့်မြင်တွေ့ခဲ့သည်မဟုတ်ပါလော။

သူမသည် မြင်းလှည်းအိမ်ထဲ မိမိဝင်ရောက်ပုန်းနေသည်
သိရှိထားသဖြင့် ယခုကဲ့သို့ တမင်ဒုက္ခပေးနေခြင်းဖြစ်ကြောင်း ရိ
လိုက်သည်။

သူ့အနေဖြင့် သူမအားရှောင်သွားခြင်းက· အကောင်း
ဖြစ်မည်ဟုနားလည်လိုက်သည်။

ထို့ကြောင့်....

"ဟပ်ချိုး... ဟပ်ချိုး"

အဆက်မပြတ်နှာချေပြီးနောက် သူမကိုကျောခိုင်း၍
သုတ်သုတ်ထွက်ခွာသွားလေတော့၏။

oooo



လိဝမ်ရှိသည်... အဆက်မပြတ်နှာချေရင်း ပိုးဟပ်ဖြူကို
ကျောခိုင်းထွက်ခွာသွား၏။

ဤတွင်....

"ဒါကဘယ်သွားမလို့လဲ"

ပိုးဟပ်ဖြူကလှမ်းမေးလိုက်သည်။

လိဝမ်ရှိကဘာမျှပြန်မပြောချေ။

လှည့်လည်းမကြည့်ဘဲ... ရှေ့သို့သာဆက်လက်လျှောက်မြဲ
လျှောက်သွားလေသည်။

ပိုးဟပ်ဖြူ၏စကားသံကလည်း သူ့နောက်မှကပ်လျက်
လိုက်ပါလာပြန်လေ၏။

"အင်း... ဓားသမားထိလင်းကတော့ ကျေနပ်မှာမဟုတ်
ဘူး၊ ရှမ်ကျောင်းနှင့်ကျန်ဖွေ့ကိုသွားပြောမှာသေချာတယ်၊ သူတို့က
လဲ အရှုံးလုပ်ခံလိုက်ရတာကိုသိရင် အတော်ကြီးကိုရှက်သွားကြမှာ၊

ဘယ်လိုပဲဖြစ်ဖြစ် သိုင်းလောကထဲမှာတော့ မျက်နှာမဖော်ဝံ့အောင် အရှက်တကွဲတော့ အဖြစ်ခံမှာမဟုတ်ဘူး"

ထိုစကားကြားလိုက်ရသည့်အခါ လီဝမ်ရီသည် ခြေလှမ်းတုံ့ ခနဲရပ်သွား၏။

ပိုးဟပ်ဖြူကဆက်ပြောလိုက်သည်။

"အင်း... သူတို့သုံးယောက်သာပေါင်းလိုက်ကြရင်တော့ တကယ့်ကိုမတွေးဝံ့စရာဖြစ်နေပြီ၊ သူတို့ကိုလိမ်ညာလှည့်ဖြားရဲတာ နည်းတဲ့သတ္တိမဟုတ်ဘူး"

လီဝမ်ရီ၏ခန္ဓာကိုယ် တစ်ချက်တုန်ခါသွား၏။

သူသည် ပိုးဟပ်ဖြူဘက်ဆတ်ခနဲလှည့်၍....

"မင်း...."

သူသည် အော်ငေါက်ရန်ဟန်ပြင်လိုက်သော်လည်း စကားသံကဆက်လက်ထွက်ပေါ်မလာဘဲ စကားတစ်ပိုင်းတစ်စဖြင့်ရပ်တန့်သွားလေသည်။

ပိုးဟပ်ဖြူက သူ့အားလှမ်းကြည့်ကာ....

"ရှင်သွားတော့မလို့လား"

ဟုမေးလိုက်၏။



လီဝမ်ရီကအံကြိတ်လိုက်ပြီး....

"မသွားဘူး"

"ဟောရှင်... ခုပဲသွားမယ်... ခုပဲမသွားဘူးနဲ့ အမျိုးမျိုးပါလား၊ ဘယ်လိုဖြစ်တာလဲရှင့်"

ပိုးဟပ်ဖြူက လှောင်သလို သရော်သလိုလေသံဖြင့် ပြောလိုက်ရာ လီဝမ်ရီကအံကြိတ်လိုက်ပြီး....

"ကျုပ်မသွားတာမင်းကြောင့်ပေါ့"

ပိုးဟပ်ဖြူမျက်လုံးကလေးဝိုင်းသွားသည်။

"ရှင်.... ကျွန်မကြောင့် ဟုတ်လား"

"ဟုတ်တယ်"

ပိုးဟပ်ဖြူပခုံးတွန့်လိုက်သည်။

"ဘာကြောင့်လဲဆိုတာပြောစမ်းပါရှင်"

"ကျုပ်ကမင်းအစ်ကိုဖြစ်နေလို့လေ"

"ဘာ...."

သူမ မကျေမနပ်ဖြစ်သွား၏။ လီဝမ်ရီက....

"ကျုပ်ကမင်းရဲ့အစ်ကိုပဲမဟုတ်လား၊ ဒါကြောင့် ကျုပ်ဒုက္ခရောက်ရင် မင်းလဲဒုက္ခရောက်မှာရေးမျှတမှာပေါ့"

သူမသည် လိဝမ်ရိကိုစိုက်ကြည့်လိုက်၏။ သူမသည် ဒေါ
တကြီးဖြင့် မိမိအားတိုက်ခိုက်လာလိမ့်မည်ဟု လိဝမ်ရိယုံကြည်ထ
သည်။ သို့သော် တကယ်တမ်းတွင် သူမသည် တိုက်ခိုက်ခြင်းမပြု
သဘောကျစွာပင်ရယ်မောလိုက်လေသည်။

"ခစ်... ခစ်... ခစ်"

လိဝမ်ရိသည် ပိုးဟပ်ဖြူကိုပေါ့ပေါ့တန်တန်သဘောမထ
ဝံ့ချေ။ ထို့ကြောင့် မျက်ခြည်မပြတ်အကဲခတ်ကြည့်နေမိ၏။

ယခုတစ်ကြိမ်တွင် သူမ၏ရယ်မောသံသည် နားထော
ကောင်းသည်ဟုထင်မိ၏။

သူမသည် ဟန်ဆောင်ရယ်ခြင်းမဟုတ်ဘဲ တကယ့်ခံစ
ချက်ဖြင့်လှိုက်လှဲစွာရယ်လိုက်ခြင်းမျိုးဖြစ်သည်။

သူမသည် အတန်ကြာအောင်ရယ်မောပြီးမှ....

"ရှင် တကယ်ပဲ ကျွန်မရဲ့အစ်ကိုဖြစ်ချင်လို့လားရှင့်"

ဟုမေးလာသည်။

လိဝမ်ရိက ချက်ချင်းပင်ခေါင်းခါယမ်းလိုက်၏။

"ဟင့်အင်း....."

ပိုးဟပ်ဖြူမျက်မှောင်ကုပ်သွားသည်။



"ဘာဖြစ်လို့လဲရှင့်"

"ကျုပ် ငရုတ်သီးအိတ်တွေကြားထဲမှာမနေချင်လို့ပါ"

ပိုးဟပ်ဖြူရယ်မောလိုက်ပြန်သည်။

လိဝမ်ရိက....

"တကယ်ဆိုရင် ကျုပ်ပြဿနာကို ကျုပ်ဘာသာကျုပ် ဖြေရှင်းနိုင်ပါတယ်၊ အခု မင်းဝင်ရှုပ်လိုက်ကာမှပဲ ပိုပြီးရှင်းလို့မရအောင်ရှုပ်ကုန်တော့တာ"

ပိုးဟပ်ဖြူမှာမျက်လုံးကလေးဝိုင်းသွားကာ....

"ဘယ်လို... ကျွန်မကြောင့် ဟုတ်လား"

"ဟုတ်တယ်"

"ဟွန်း ကျွန်မသာအချိန်မီရောက်မလာရင် ရှင်ဒုက္ခရောက်သွားမယ်ဆိုတာမတွေးမိဘူးလား"

ပိုးဟပ်ဖြူကနှာခေါင်းရှုံ့ကာပြောလိုက်ခြင်းဖြစ်သည်။

လိဝမ်ရိကအားကျမခံ....

"ကျုပ်ဘာကြောင့်ဒုက္ခရောက်ရမှာလဲ"

ပိုးဟပ်ဖြူက....

"ရှင့်ကိုထိလင်းကဖမ်းမိသွားမှာပေါ့"

"ဟား... ဟား... ဟား"

လိဝမ်ရိကဟားတိုက်ရယ်မောလိုက်သည်။

ပိုးဟပ်ဖြူကမျက်မှောင်ကုပ်ကာ...

"ရှင် ဘာရယ်တာလဲ"

ဟုမေးသည်။

လိဝမ်ရိက....

"သဘောကျလို့ပေါ့၊ ထိလင်းက ကျုပ်ကိုဒုက္ခပေးနိုင်မယ် များထင်နေလို့လား"

"ဩော်... ရှင်ကကိုယ့်ကိုယ်ကိုအထင်ကြီးနေတာကိုး"

လိဝမ်ရိပခုံးတွန့်လိုက်သည်။

"အထင်ကြီးတာမဟုတ်ဘူး... သူတို့က ဉာဏ်မှမရှိကြတာ၊ ပြောတိုင်းယုံတဲ့လူတွေပဲ... ဒါကြောင့် ကြောက်စရာမလိုဘူးလို့ပြောတာပေါ့"

ပိုးဟပ်ဖြူသက်ပြင်းချလိုက်သည်။

"အင်း... ဒီလိုဆိုတော့လဲ ရှင်ပြောတာဟုတ်နေတာပဲ၊ သူတို့က ပြောတိုင်းယုံတဲ့လူတွေဆိုတော့ ရှင့်ကို ကျောက်စိမ်းမင်းသားလို့ထင်နေကြတာပေါ့"



လိဝမ်ရိကပိုးဟပ်ဖြူကိုကြည့်ကာ....

"မင်းကတော့မယုံဘူးမဟုတ်လား"

ဟု မေးလိုက်၏။

ပိုးဟပ်ဖြူက....

"အမှန်အတိုင်းပြောရရင် ကျွန်မလဲယုံမိတယ်"

"ဗျာ...."

လိဝမ်ရိကြောင်အမ်းအမ်းဖြစ်သွား၏။

ပိုးဟပ်ဖြူကိုမျက်လုံးပြူး၍ကြည့်လိုက်ပြီး....

"မင်းလဲယုံတယ်ဟုတ်လား"

ဟုအံ့အားသင့်ဟန်ဖြင့်မေးလိုက်လေ၏။

ပိုးဟပ်ဖြူကခေါင်းညိတ်သည်။

"ဟုတ်တယ်... ကျွန်မလဲယုံကြည်မိလို့ ဒီနယ်ကိုရောက်လာတာပေါ့ရှင်"

လိဝမ်ရိသက်ပြင်းချလိုက်သည်။

"လက်စသတ်တော့ ဒီလိုကိုး... ဒါဖြင့် မင်း ဒီနယ်ကမဟုတ်ဘူးဆိုပါတော့"

"မဟုတ်ဘူးရှင့်"

"စိတ်ဖောက်ပြန်နေတဲ့ မင်းရဲ့အစ်ကိုကိုလိုက်ရှာနေတယ်ဆိုတာကတော့ တကယ်မဟုတ်ဘူးပေါ့"

ပိုးဟပ်ဖြူခေါင်းခါလိုက်သည်။

"မဟုတ်ဘူး"

လိဝမ်ရိက....

"ဒါဖြင့် မင်းကဘာသဘောနဲ့လာတာလဲ"

"ကျောက်စိမ်းမင်းသားကိုအကဲခတ်ဖို့လာခဲ့တာ"

"သြော်...."

လိဝမ်ရိသည် ဟန်စင်းကျေးရွာကိုကူညီရန်ဟူသောရည်ရွယ်ချက်ဖြင့် ကျောက်စိမ်းမင်းသားအဖြစ်ဟန်ဆောင်ခဲ့ခြင်းသာဖြစ်သည်။ အခြားမည်သည့်ရည်ရွယ်ချက်မျှမရှိ။

နောက်ဆက်တွဲဖြစ်ပေါ်လာမည့်ပြဿနာများကိုလည်း မစဉ်းစားမိခဲ့။

မိမိကြောင့် သိုင်းလောကတစ်ခုလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားရပြီဖြစ်ကြောင်း ယခုမှနားလည်သဘောပေါက်လာတော့သည်။

သူ၏အဖြစ်သည် ပေါက်ကွဲမှုအင်အားပြင်းထန်သည့်ယမ်းအိုးကြီးကို မီးရှို့မိသူနှင့်တူနေပြီမဟုတ်ပါလား။



သူသက်ပြင်းချလိုက်သည်။

"ကျုပ်က မင်းသားအစစ်အဟုတ်ဘဲ ဟန်ဆောင်လိမ်ညာခဲ့တယ်ဆိုတာဝန်ခံပါတယ်"

လိဝမ်ရိကစိတ်မကောင်းဟန်ဖြင့်ပြောလိုက်သည်။

ပိုးဟပ်ဖြူသက်ပြင်းချလိုက်သည်။

"ရှင် ဘာကြောင့် ဒီလိုလုပ်ရတယ်ဆိုတာ ကျွန်မသိပါတယ်ရှင်၊ ဒုက္ခရောက်နေတဲ့ဟန်စင်းကျေးရွာအတွက်မဟုတ်လား"

လိဝမ်ရိခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... ဟွမ်ဟိုပြည်နယ်ကလူတွေ အတော့်ကိုဒုက္ခရောက်နေကြတယ်"

ပိုးဟပ်ဖြူကနားလည်ဟန်ဖြင့်ခေါင်းညိတ်ပြသည်။

"ဒီသတင်းတွေကို ကျွန်မကြားပြီးပါပြီရှင်၊ ရှင်က ကိုယ်ကျိုးအတွက်ဆောင်ရွက်ခဲ့တာမဟုတ်ဘူးဆိုတာလဲ ကျွန်မသိပါတယ်ရှင်"

ထိုစကားကြောင့် လိဝမ်ရိစိတ်သက်သာရာရသွားသည်။

"ဟူး... တော်ပါသေးရဲ့"

ပိုးဟပ်ဖြူခေါင်းခါလိုက်သည်။

"မတော်ပါဘူးရှင့်"

"ဗျာ...."

"ရှင် ခုလိုလုပ်လိုက်တဲ့အတွက် ကောင်းသည်ဖြစ်စေ၊ ဆိုး
သည်ဖြစ်စေ မင်းသားကတော့လက်ခံမှာမဟုတ်ဘူး"

လိဝမ်ရိသက်ပြင်းချလိုက်သည်။

"ဟုတ်ပါတယ်ဗျာ တကယ်တော့ ကျုပ်ရဲ့လုပ်ရပ်တွေဟာ
ကျောက်စိမ်းမင်းသားဘက်ကကြည့်ရင် ဘယ်နည်းနဲ့မှလက်ခံနိုင်စရာ
အကြောင်းမရှိပါဘူး"

"လက်မခံတာကအရေးမကြီးဘူးရှင့်... ဒီလိုလုပ်ရကောင်း
မလားဆိုပြီး ရှင့်ကိုဒေါသတကြီးတုံ့ပြန်ဆုံးမမှာကအရေးကြီးတယ်
သူကတော့ ငြိမ်ခံနေမှာမဟုတ်တာသေချာတယ်"

သူ မချိပြုံးပြုံးလိုက်သည်။

"ဘယ်တတ်နိုင်ပါ့မလဲ... ကျုပ်က သူ့ကိုရန်စသလိုဖြစ်နေပြီ
ပဲ၊ အပြစ်ရှိနေပြီမဟုတ်လား"

ပိုးဟပ်ဖြူက....

"ဒါဖြင့် သူရောက်လာရင် ရှင်ကလည်စင်းပေးမယ်ပေါ့"

လိဝမ်ရိဘာမှမပြောဘဲနေလိုက်သည်။

ပိုးဟပ်ဖြူက....



"ကျောက်စိမ်းမင်းသားဟာ ဘယ်လိုလူစားမျိုးလဲဆိုတာ
ရှင်သိသလား"

လိဝမ်ရိခေါင်းခါယမ်းရင်း...

"ကျုပ် သူ့ကိုစိတ်မဝင်စားပါဘူးဗျာ"

ဟုအမှန်အတိုင်းပြောလိုက်လေသည်။

ပိုးဟပ်ဖြူက....

"အခုပတ်သက်နေမိပြီမဟုတ်လား... ရှင် စိတ်မဝင်စားဘဲ
နေလို့မရတော့ဘူးလေ"

"ကျုပ်... ကျုပ်က...."

ပိုးဟပ်ဖြူကကြားဖြတ်ပြောလိုက်သည်။

"ရှင်ဟာ မြင်းလှည်းပေါ်မှာပုန်းနေတာကိုသိလျက်နဲ့ ကျွန်မ
ရှင့်ကိုဘာကြောင့်ကယ်ထုတ်ခဲ့သလဲဆိုတာ ရှင်သိသလား"

လိဝမ်ရိက ပိုးဟပ်ဖြူကိုဖျတ်ခနဲလှမ်းကြည့်ရင်း...

"ဘာကြောင့်လဲ... ပြောစမ်းပါဦး"

ဟုမေးလိုက်၏။

ပိုးဟပ်ဖြူက....

"ရှင့်ဆီက အကူအညီတောင်းချင်လို့ပေါ့

"ဗျာ...."

လိဝမ်ရိအံ့သြသွားလေသည်။

"ကျုပ်ဆီကအကူအညီတောင်းချင်လို့ ဟုတ်လား"

ပိုးဟပ်ဖြူခေါင်းညိတ်ပြသည်။

"ဟုတ်တယ်"

လိဝမ်ရိက ရယ်စရာပြက်လုံးတစ်ခုကြားရသလိုမျိုးဖြင့် ရယ်မောလိုက်လေသည်။

"ဟား... ဟား... ဟား"

ထိုလင်း၏၏ရယ်သံ ကျယ်လောင်စွာထွက်ပေါ်လာသည်

ပိုးဟပ်ဖြူမကျေမနပ်ဖြစ်သွား၏။

"ကျွန်မ ရယ်စရာပြောနေတာမဟုတ်ဘူးရှင့်"

လိဝမ်ရို၏မျက်နှာထား လေးနက်တည်ကြည်သွား၏။

"ကျုပ်ဟာ ကျောက်စိမ်းမင်းသားအဖြစ်ဟန်ဆောင်ပြီးနေ ပြေးဝက်ပြေးပြေးနေရတဲ့သူပါဗျာ၊ ကျုပ်လိုလူက မင်းကိုဘယ်လို ညီနိုင်မှာမို့လဲ"

ပိုးဟပ်ဖြူက....

"ရှင်ကျွန်မကိုကူညီနိုင်မယ်လို့ ကျွန်မယုံကြည်ပါတယ်ရှ



လိဝမ်ရိခေါင်းတွင်တွင်ခါလိုက်သည်။

"မဖြစ်နိုင်တာမပြောစမ်းပါနဲ့ဗျာ"

ပိုးဟပ်ဖြူက....

"ကျွန်မကိုကူညီနိုင်မယ့်လူဟာ ရှင်တစ်ယောက်တည်းပဲရှိပါတယ်ရှင်"

ဟုအလေးအနက်ထား၍ပြောလိုက်လေသည်။

လိဝမ်ရိပြုံးလိုက်ပြီး...

"တယ်ဟုတ်ပါလား ဒီတစ်ခါတော့ ကျောက်စိမ်းမင်းသားအဖြစ်ဟန်ဆောင်စရာမလိုဘဲ အလိုလိုနေရင်း သူရဲကောင်းကြီးဖြစ်ရတော့မယ်ထင်တယ်၊ ကဲ... ကျုပ်တစ်ယောက်တည်းကပဲကူညီနိုင်မယ်လို့ မင်းဘာကြောင့်ထင်ရတာလဲ... ပြောစမ်းပါဦး"

ဟုမေးလိုက်လေသည်။ ပိုးဟပ်ဖြူက....

"ကျွန်မရှင်းပြပါ့မယ်... ရှင်လဲဗိုက်ဆာနေရောပေါ့၊ တစ်ခုခု ားသောက်ကြရင်း ပြောကြတာမကောင်းဘူးလား"

ထိုစကားကိုတော့ လိဝမ်ရိသဘောကျသွားသည်။

လောလောဆယ် သူကိုယ်တိုင်လည်း ဗိုက်ဆာနေပြီမဟုတ်ါလား။

ထို့ကြောင့်…

"သိပ်ကောင်းတာပေါ့ဗျာ"

ဟုပြောလိုက်လေသည်။

ပိုးဟပ်ဖြူက….

"ဒါဖြင့် ဆိုင်ထဲသွားကြမယ်"

"သွားလေ"

ပြောပြောဆိုဆိုပင် နှစ်ယောက်သား စားသောက်ဆိုင်ရှိ သို့ ဦးတည်ထွက်ခွာခဲ့ကြလေတော့၏။



ယနေ့အဖို့ လမ်းဆုံစခန်းတွင် ညအိပ်ရပ်နားမည့်ခရီးသည် ဟူ၍ လီဝမ်ရီနှင့်ပိုးဟပ်ဖြူတို့သာလျှင်ရှိကြလေသည်။

အခြားသောခရီးသည်များကား အနားယူစားသောက်ကြ ပြီးနောက် နေမဝင်မီပင် ခရီးဆက်ကြကုန်လေသည်။

ထို့ကြောင့်….

ညမိုးချုပ်သွားသောအခါ လမ်းဆုံစခန်းတွင်လူသူကင်းရှင်း သွားပေတော့၏။

လီဝမ်ရီနှင့်ပိုးဟပ်ဖြူတို့နှစ်ယောက်သာ ထိုစခန်းရှိ စား သောက်ဆိုင်၌ကျန်ခဲ့ကြသည်။ သူတို့သည် ပြတင်းပေါက်နှင့်ကပ် လျက်စားပွဲတစ်လုံး၌ထိုင်၍စားသောက်နေကြ၏။

ပိုးဟပ်ဖြူက ကျွေးမွေးပြုစုခြင်းဖြစ်သည်။

လီဝမ်ရီတစ်ယောက် ယခုတလော ကံကောင်းနေသည်ဟု ဆိုရပေမည်။

သူ့အားကျွေးမွေးမည့်သူများနှင့်ချည်း တွေ့ကြုံဆုံတွေ့

သည်မဟုတ်ပါလား။

ပိုးဟပ်ဖြူသည် လိဝမ်ရိစားသောက်ပြီးသည်အထိ

မပြောသေးဘဲစောင့်ဆိုင်းနေလိုက်သည်။

စားသောက်ပြီးသည့်အခါမှ....

"ရှင့်ကို ကျွန်မပုံပြင်တစ်ပုဒ်ပြောပြတယ်လို့ပဲ သဘော

စေချင်တယ်၊ တကယ်လို့ ကျွန်မပြောတဲ့စကားအဆုံးမှာ ရှင် မကျ

နိုင်ဘူးဆိုရင်ပေါ့လေ"

ပိုးဟပ်ဖြူကပြောလိုက်သည်။

လိဝမ်ရိကပြုံးကာ...

"ကောင်းသားပဲ၊ ကဲ... ပြောစမ်းပါဦး"

ပိုးဟပ်ဖြူသည် စတင်ပြောဆိုရန် အားယူဟန်ဖြင့်ခေ

နှုတ်ဆိတ်သွား၏။ ပြီးမှ....

"နတ်သမီးလေးတစ်ပါးကို ဘီလူးအိုကြီးတစ်ကောင်က

ချင်မက်မောနေတယ်၊ နတ်သမီးလေးဟာ ဘီလူးကြီးရဲ့စက်ကွင်

လွတ်အောင်မပြေးနိုင်ဘူး၊ ဘာကြောင့်လဲဆိုတော့ နတ်သမီး

ကသာငြင်းပယ်လိုက်ရင် ဘီလူးအိုကြီးက နတ်သမီးလေးရဲ့အပေ



ကိုက်စားပစ်လိုက်မှာမို့ပါပဲ၊ ဒါကြောင့် နတ်သမီးလေးဟာ သူ့ရဲ့ရဲရွေ

တော်တစ်ယောက်ကိုအကူအညီရှာဖွေဖို့လွှတ်လိုက်တယ်၊ ရဲရွေတော်

လေးဟာ ထင်ရာစိုင်းတတ်တဲ့လူ့ခွစာတစ်ယောက်နဲ့တွေ့ပြီး အကူအ

ညီရခဲ့တယ်၊ ဒါနဲ့ လူခွစာကဘီလူးကြီးရဲ့အစွယ်တွေကိုချိုးပစ်လိုက်

တယ်၊ ဒါကြောင့် ဘီလူးကြီးဟာနတ်သမီးလေးကိုဒုက္ခမပေးနိုင်တော့

ဘဲထွက်ပြေးသွားရတော့တယ်"

ပိုးဟပ်ဖြူကစကားကိုအဆုံးသတ်ပြီး လိဝမ်ရိကိုကြည့်လိုက်

သည်။ နှုတ်မှလည်း....

"ကျွန်မပြောချင်တဲ့ပုံပြင်က ဒါပါပဲရှင်"

ဟုပြောလိုက်၏။

လိဝမ်ရိမျက်နှာရှုံ့မဲ့သွားပြီး....

"အတော်နားထောင်လို့ကောင်းတဲ့ပုံပြင်ပဲ"

ဟု မဲ့ကာရွဲ့ကာပြောလိုက်လေသည်။

ပိုးဟပ်ဖြူက....

"နေပါဦး... ဒီပုံပြင်နဲ့ပတ်သက်ပြီး ရှင် ဘယ်လိုသဘောရ

လဲ၊ ပြောပါဦး"

လိဝမ်ရိပခုံးတွန့်လိုက်သည်။

"ကျုပ်ဘယ်လိုသဘောရရမှာလဲ"

"နတ်သမီးလေးနဲ့ဘီလူးအိုကြီးကိုလေ"

"သူတို့ကဘာဖြစ်လို့လဲ... ပုံပြင်ကပြီးနေပြီမဟုတ်လား"

ပိုးဟပ်ဖြူခေါင်းခါလိုက်လေသည်။

"မပြီးသေးဘူးရှင့်"

"ဗျာ..."

လိဝမ်ရိက....

"မင်းဟာကဘယ်လိုသဘောလဲ"

ဟုမေးလိုက်၏။

ပိုးဟပ်ဖြူက....

"ရှင်က စိတ်မဝင်စားဘူးဆိုတော့ ရှင်စိတ်ဝင်စားအော

အဲဒီပုံပြင်ကို တစ်မျိုးပြောင်းပြီးထပ်ပြောပြရမှာပေါ့"

လိဝမ်ရိပခုံးတွန့်လိုက်သည်။ ပိုးဟပ်ဖြူက....

"ဘီလူးအိုကြီးကြောင့် နတ်သမီးလေးခမျာ ဒုက္ခရောက်

ရတယ်ဆိုပါတော့ရှင်၊ နတ်သမီးလေးက သူ့ရဲ့ရှဲရွှေတော်ကိုလွတ်

ကူညီမယ့်လူကိုရှာဖွေခိုင်းခဲ့တယ်၊ ဒါပေမယ့် ကူညီမယ့်သူကိုရှာ

မတွေ့ဘူးဆိုပါတော့"



"ဒါဆို နတ်သမီးလေးဒုက္ခရောက်သွားမှာပေါ့"

ဟုလိဝမ်ရိကမဆိုင်းမတွပင်ပြန်ပြောလိုက်လေသည်။

ပိုးဟပ်ဖြူခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ပါတယ်ရှင်... နတ်သမီးလေးဒုက္ခရောက်ရမှာ အသေအချာပဲပေါ့"

လိဝမ်ရိခေါင်းခါလိုက်သည်။

"ပုံပြင်ကို ဒီလိုအဆုံးသတ်ရင်တော့မကောင်းပါဘူး"

"ဒါဖြင့် ရှင်က ဒုတိယပုံပြင်ထက်စာရင် ပထမပုံပြင်ကိုပိုပြီးသဘောကျတယ်ဆိုပါတော့"

"ဟုတ်တယ်"

လိဝမ်ရိကခေါင်းညိတ်၍ပြောလိုက်၏။

ပိုးဟပ်ဖြူကအသာအယာပြုံးကာ....

"ရှင့်ကိုကျေးဇူးတင်ပါတယ်"

"ဗျာ...."

လိဝမ်ရိကြောင်အမ်းအမ်းဖြစ်သွားရပြန်သည်။

"ပထမပုံပြင်ကို ရှင်သဘောကျတယ်ဆိုလို့ ကျွန်မကကျေးဇူးတင်တာပါရှင်"

"ဪ... ဒီလိုလား"

"ပထမပုံပြင်ကို ရှင်နှစ်သက်သဘောကျတယ်ဆိုမှ ကျွန်မက ရှင့်ကိုအကူအညီတောင်းလို့ဖြစ်မှာပေါ့"

လိဝမ်ရိကမျက်မှောင်ကုပ်ကာ....

"ကျုပ်ကိုအကူအညီတောင်းမဲ့ကိစ္စဟာ မင်းပြောတဲ့ပုံပြင်နဲ့ပတ်သက်နေတယ်ဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

"ကောင်းပြီ... ကျုပ်ကဘယ်လိုကူညီရမှာလဲပြောပါဦး"

ပိုးဟပ်ဖြူက....

"နတ်သမီးလေးကိုကယ်တင်ဖို့ ဘီလူးအိုကြီးရဲ့အစွယ်တွေကိုချိုးပေးဖို့ပါပဲ"

လိဝမ်ရိမျက်လုံးပြူးသွားသည်။

"ဒါဆို ကျုပ်ကလူ့ခွစာလုပ်ရမှာပေါ့ဟုတ်လား"

ပိုးဟပ်ဖြူခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"ဟာ... မဟုတ်သေးပါဘူး၊ ဒါနဲ့ နတ်သမီးလေးကဘယ်သူလဲ... ဘီလူးအိုကြီးကကောဘယ်သူလဲ"



ဟုမေးလိုက်လေသည်။

ပိုးဟပ်ဖြူက....

"ဘီလူးအိုကြီးဆိုတာက ကျောက်စိမ်းမင်းသားပါ... နတ်သမီးလေးဆိုတာကတော့ သိုင်းလောအလှမယ်ပေ့ကျိုဝါးတို့ဖြစ်ကြပါတယ်ရှင်"

ထိုစကားကိုကြားလိုက်ရသည့်အခါ လိဝမ်ရိမှာ မျက်လုံးကြီးများပြူးကျယ်သွားရလေသည်။ ထို့ပြင်မက... ပါးစပ်အဟောင်းသားလည်းဖြစ်သွားရလေတော့၏။

oooo

နတ်သမီးလေး...

ဘီလူးအိုကြီး...

လူ့ခွစာ....

ပုံပြင်ထဲမှ လူသုံးယောက်သည် အပြင်လောကတွင် အမှန်တကယ်ရှိနေကြပြီဖြစ်သည်။

လိဝမ်ရိက ပိုးဟပ်ဖြူကိုစိုက်ကြည့်လိုက်သည်။

ပိုးဟပ်ဖြူသည် ဟန်မူရာကင်းသည့်မျက်နှာထားဖြင့် အေးစက်စက်ရှိနေပေသည်။ သို့သော် သူမ၏မျက်လုံးများသည် အရောင်တဖိတ်ဖိတ်တောက်ပနေ၏။

လိဝမ်ရိသည် သူမ၏မျက်လုံးများကိုကြည့်၍ သူမ၏ရင်ထဲမှခံစားချက်ကိုခန့်မှန်းကြည့်လိုက်လေသည်။ သူမသည် သူ၏အကူအညီကိုအားကိုးတကြီးမျှော်လင့်နေသည်မဟုတ်ပါလား။

လိဝမ်ရိသက်ပြင်းချလိုက်သည်။



"လက်စသတ်တော့... ကျုပ်က မင်းအတွက် ကျောက်စိမ်းမင်းသားနဲ့ထိပ်တိုက်ရင်ဆိုင်ပေးရမဲ့သဘောပေါ့ ဟုတ်လား"

ပိုးဟပ်ဖြူကအေးတိအေးစက်ပင်....

"နတ်သမီးလေးအတွက်မဟုတ်ရင်လဲ ရှင်ဟာကျောက်စိမ်းမင်းသားနဲ့ရင်ဆိုင်ရမှာပဲမဟုတ်လား"

လိဝမ်ရိက....

"ကျုပ်ဟာ ဆယ်နှစ်သားအရွယ်ကတည်းက မိဘမဲ့ဖြစ်ခဲ့တာပါ၊ ဇာတိရပ်ရွာကိုစွန့်ပြီး တစ်ကောင်ကြွက်ဘဝနဲ့ကျင်လည်ကျက်စားကြီးပြင်းလာခဲ့ရတာပါ၊ အန္တရာယ်ကိုဘယ်လိုရင်ဆိုင်ရမယ်၊ ဘယ်လိုရှောင်ကွင်းရမယ်ဆိုတာနားလည်ပြီးသားပါ"

"ဒါကြောင့်လဲ ရှင့်ကိုအကူအညီတောင်းရတာပေါ့"

"ဟာ...."

လိဝမ်ရိကပျာပျာသလဲပင်....

"ကျုပ်ပြောချင်တာက ကျုပ်ဖာသာကျုပ် ကျောက်စိမ်းမင်းသားရဲ့အန္တရာယ်ကိုရှောင်တိမ်းနိုင်တယ်လို့ပြောတာဗျ"

ပိုးဟပ်ဖြူမဲ့ပြုံးပြုံးလိုက်သည်။

"ရှင်က ကျောက်စိမ်းမင်းသားကို အထင်သေးနေတာကိုး၊

သူဟာ ရှင်တွေ့ဖူးခဲ့တဲ့ကြောက်စရာအကောင်းဆုံးဆိုတဲ့လူတွေထက် ပိုပြီးကြောက်စရာကောင်းတဲ့လူတစ်ယောက်ရှင့်၊ သူ့အန္တရာယ်ကို ရှင်ရှောင်နိုင်မယ်များထင်နေသလား"

လိဝမ်ရိက....

"မင်းတို့တောင် ရင်မဆိုင်ရဲတဲ့လူကို ဘာကြောင့် ကျုပ်ကိုလာပြီးရင်ဆိုင်ခိုင်းရတာလဲ"

"ကျွန်မတို့ကိုကူညီနိုင်မယ့်လူ ရှင်တစ်ယောက်ပဲရှိလို့ပါ"

"ဟာ... ဒါတော့မဖြစ်နိုင်ပါဘူး"

"ရှင်ကူညီမှာပါ... ကျွန်မပြောတာ ဟုတ်တယ်မဟုတ်လား"

"နေပါဦး... သိုင်းလောကအလှမယ်ပေကျို့ဝါးနဲ့ ကျောက်စိမ်းမင်းသားက ဘယ်လိုပတ်သက်နေလို့လဲ"

ပိုးဟပ်ဖြူက....

"ကျွန်မပြောပါ့မယ်"

"နေဦး"

လိဝမ်ရိကလက်ကာပြလိုက်ပြီး....

"ပုံပြင်ထဲကရုံ့ရွှေတော်ဆိုတာမင်းပေါ့"

ဟုကြားဖြတ်မေးလိုက်လေသည်။



ပိုးဟပ်ဖြူခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ရှင်"

ထိုအခါမှ လိဝမ်ရိက....

"ကောင်းပြီ... မင်းပြောစရာရှိတာဆက်ပြောပါ"

ပိုးဟပ်ဖြူက....

"ကျောက်စိမ်းမင်းသားနဲ့ အလှမယ်ပေကျို့ဝါးတို့ဘယ်လိုပတ်သက်နေကြသလဲဆိုရင်...."

ယင်းသို့အစချီကာ... ပိုးဟပ်ဖြူသည် သိုင်းလောက၏အလွန်လျှို့ဝှက်သောကိစ္စတစ်ခုကို လိဝမ်ရိအားပြောပြလိုက်လေတော့၏။

oooo

လေပြည်လေညင်း ဝေ့ယမ်းတိုက်ခတ်လာသည်။

မွေးကြိုင်သင်းပျံ့သည့်ပန်းရနံ့များ လွင့်ပျံ့လာ၏။

ပန်းဥယျာဉ်အတွင်း၌ လှပသည့်ရောင်စုံပန်းများ ငွားငွား စွင့်စွင့်ဖူးပွင့်နေကြသည်။

ပျားပိတုန်းလိပ်ပြာလေးများသည်လည်း ပန်းဝတ်ရည်စုပ် ယူရန်ပျံဝဲနေကြသည်။

ပန်းဥယျာဉ်အတွင်း၌ မိန်းကလေးတစ်ဦးရှိသည်။

ထိုမိန်းကလေးသည် ဆံကေသာများကိုကျောပြင်ပေါ် ဖား လျားချ၍ အဖြူရောင်အဝတ်အစားများကို ရိုးရိုးယဉ်ယဉ်ဝတ်ဆင် ထား၏။ ထိုမိန်းကလေး ပန်းဥယျာဉ်အတွင်း၌ရှိနေခြင်းကြောင့် ပန်း ကလေးများ၏အလှသည် မှေးမှိန်သွားသည်ထင်ရသည်။

သူမသည် ပြိုင်ဘက်ကင်းသည့်အလှပိုင်ရှင်မလေးဖြစ်နေ သည်မဟုတ်ပါလား။



သူမသည် ပန်းပွင့်လေးတစ်ပွင့်ကိုခူးယူ၍နမ်းရှိုက်၏။

ထို့နောက် ဆံကေသာတွင် ပန်ဆင်လိုက်သည်။

သူမသည် ငယ်ရွယ်နုပျိုသည်။

ချောမောလှပသည်။

ချမ်းသာကြွယ်ဝပြီး ဆွေကြီးမျိုးကြီးမှဆင်းသက်ပေါက်ဖွား လာသူဖြစ်သည်။

သူမသည် သိုင်းလောကအလှမယ်ဘွဲ့ရပေကျို့ဝါးဖြစ်၏။

ပေကျို့ဝါး၏ဖခင်သည် နန်းတွင်းသိုင်းဆရာပေကျင်းနန် ဖြစ်၏။ ပေကျင်းနန်တို့မျိုးရိုးစဉ်ဆက်သည် နန်းတွင်း၌တာဝန်ထမ်း ဆောင်ခဲ့ကြပြီး ဂုဏ်သတင်းမွှေးပျံ့ခဲ့သူများဖြစ်သည်။

ယခုအချိန်တွင်....

ပေကျင်းနန်သည် အသက်အရွယ်ကြီးရင့်လာပြီဖြစ်၍ နန်း တွင်းမှအနားယူကာ ဇာတိမွေးရပ်မြေဖြစ်သည့်ကျင်းလိမ်မြို့သို့ပြန် လာပြီး အေးချမ်းစွာနေထိုင်လျက်ရှိပေသည်။

ကျင်းလိမ်မြို့တောင်ဘက်မှ ပေမိသားစုခြံဝင်းဆိုလျှင် လူ တိုင်းသိကြသည်။

ပေကျင်းနန်သည်....

တစ်ဦးတည်းသောသမီးလေး ပေကျို့ဝါးကိုအရိပ်တကြည့်ကြည့် ကြည့်နေခဲ့ရာမှမမျှော်လင့်သော ပြဿနာတစ်ရပ်နှင့်ကြုံတွေ့ခဲ့ရသည်။

ဖခင်ဖြစ်သူကြုံတွေ့နေရသည့်အခက်အခဲကို ပေကျို့ဝါးပင် မသိချေ။

သူမသည် မမျှော်လင့်ဘဲ ဖခင်ဖြစ်သူ၏မိတ်ဆွေစာပေ ပညာရှင်ကြီးယင်စန်းရောက်ရှိလာသည့်အခါတွင်မှ ဖခင်ဖြစ်သူ၏အ ခက်အခဲကိုသိလိုက်ရခြင်းဖြစ်ပေသည်။

ထိုနေ့က....

ပေကျို့ဝါးသည် ပန်းဥယျာဉ်အတွင်း၌ ပျော်ရွှင်စွာရှိနေစဉ် မြင်းခွာသံ၊ မြင်းလှည်းဘီးလိမ့်သံများထွက်ပေါ်လာသည်ကို ကြား လိုက်ရသဖြင့်လှမ်းကြည့်လိုက်သည့်အခါ....

ပေမိသားစုခြံဝင်းအတွင်းသို့ဝင်ရောက်လာသော မြင်း လှည်းတစ်စီးကိုတွေ့မြင်လိုက်ရလေသည်။

ပေကျို့ဝါးက စိတ်ဝင်စားစွာကြည့်လိုက်ရာ ဖခင်ဖြစ်သူ၏ မိတ်ဆွေ စာပေပညာရှင်ကြီးယင်စန်း၏မြင်းလှည်းဖြစ်နေသည်ကို တွေ့ရလေသည်။



ပေကျို့ဝါးဝမ်းသာသွားသည်။

ယင်စန်းရောက်လာသည့်အခါတိုင်း....

သူမ သိလိုသည့်သိုင်းလောကအကြောင်း၊ ရှေးဟောင်းစာပေများအကြောင်း၊ ကဗျာလင်္ကာများနှင့် ထူးခြားနက်နဲသည့်သိုင်းပညာရပ်များအကြောင်းကို ပြောပြလေ့ရှိသည်မဟုတ်ပါလား။

ထိုမျှမကသေး ရယ်ရွှင်စရာများ စိတ်ဝင်စားစရာကောင်းသောပုံပြင်များကိုလည်း ပြောပြတတ်ပေသေးသည်။

သူမသည် ယင်စန်းကိုအလွန်တွယ်တာမိ၏။

ယင်စန်းရောက်လာသည်ကိုတွေ့လိုက်ရသဖြင့် သူမသည် ပန်းပင်များကြားမှကပျာကယာတိုးဝှေ့ထွက်လိုက်သည်။

ထိုစဉ်....

"ဗြဲ...."

မမျှော်လင့်ဘဲ ဆူးရှိသည့်ပန်းပင်တစ်ပင်ဆူးသည် သူမ၏ အင်္ကျီနှင့်ငြိသွား၏။ သူမ၏အင်္ကျီအနည်းငယ်စုတ်ပြဲသွားသည်။

ထို့ပြင် ဆူးဖြင့်ခြစ်မိသဖြင့် သူမ၏လက်မောင်းတွင်လည်း သွေးအနည်းငယ်စို့လာလေ၏။

နာကျင်သွားသဖြင့် သူမ၏မျက်နှာရှုံ့မဲ့သွားသည်။

"ဒီအတိုင်းသွားတွေ့လို့မဖြစ်သေးပါဘူးလေ... တော်ဖြ
ဖေဖေက ဣန္ဒြေမဲ့တဲ့မိန်းကလေးတစ်ယောက်ဆိုပြီး ဆူပူကြ
မောင်းနေဦးမယ်"

အလွန်စည်းကမ်းကြီးသည့် ဖခင်၏မျက်နှာကိုမြင်ယေ
လာသဖြင့် ကိုယ်ရှိန်သတ်လိုက်၏။ သူမအနေဖြင့် ယင်စန်းကိုသ
ရောက်တွေ့ဆုံလိုလျှင် အဝတ်အစားလဲရတော့မည်ဖြစ်သည်။

ထိုမျှနှင့်မပြီးသေး။

ဆူးခြစ်မိသွားသောဒဏ်ရာကိုလည်း ဆေးထည့်ရဦးမ
ဖြစ်သည်။ ပေကျို့ဝါးသည် သူမ၏အခန်းဘက်သို့ ပြန်လည်ဖြေ
လှည့်လိုက်ရလေတော့သည်။

oooo



ပေကျို့ဝါးသည် အဝတ်အစားလဲပြီးသွားပြီဖြစ်၏။

သို့သော် ဆူးခြစ်မိသည့်ဒဏ်ရာကို ရေနွေးဖြင့်ဆေးကြော၍ ဆေးထည့်နေရသဖြင့်အချိန်အတော်ကုန်သွား၏။

ထို့ကြောင့် ဧည့်ခန်းဆောင်သို့ သူမ ရောက်ရှိသွားသည့်အခါ ယင်စန်းကိုမတွေ့ရတော့ပါ။

ပေကျို့ဝါးသည် ဟိုဟိုသည်သည်ကြည့်လိုက်ပြီး....

"ဒုက္ခပဲ... အဘယင်စန်း ပြန်များသွားပြီလား"

သူမ စိုးရိမ်ပူပန်သွား၏။

ထို့ကြောင့် အိမ်ဖော်တစ်ယောက်ကိုမေးကြည့်လိုက်၏။

"စောစောက ဘဘရောက်လာတယ်မဟုတ်လား၊ သူပြန်သွားပြီလား"

အိမ်ဖော်ကခေါင်းခါယမ်းရင်း....

"မပြန်သေးဘူး... ရှိပါသေးတယ်သခင်မလေး၊ သခင်ကြီးနဲ့

စာဖတ်ခန်းထဲမှာစကားပြောနေကြပါတယ်"

သူမ မျက်မှောင်ကုပ်သွား၏။

"စာဖတ်ခန်းထဲမှာဟုတ်လား"

"ဟုတ်ပါတယ်သခင်မလေး"

ပေကျို့ဝါးလက်ဝှေ့ယမ်းပြလိုက်သည်။

"ကောင်းပြီ... ငါသွားတွေ့လိုက်ဦးမယ်"

ပေကျို့ဝါးသည် ပြောပြောဆိုဆိုပင် ခန်းမဆောင်မှထ

၍ စင်္ကြံလမ်းအတိုင်း စာဖတ်ခန်းရှိရာသို့ထွက်လာခဲ့လေသည်။

ဖခင်ဖြစ်သူသည် မိတ်ဆွေများ၊ ဧည့်သည်များကို ဧည့်

ဆောင်၌ပင် လက်ခံတွေ့ဆုံ၍ဧည့်ခံလေ့ရှိသည်။

ယခု ယင်စန်းအားစာဖတ်ခန်းထဲခေါ်သွားသည်မှာ အ

ကြီးသည့်ကိစ္စရှိနေ၍ဖြစ်ကြောင်း ပေကျို့ဝါးရိပ်မိလိုက်သည်။

"ဘယ်လိုအကြောင်းကိစ္စများ ရှိနေကြပါလိမ့်"

ပေကျို့ဝါးသည် ထိုသို့တွေးရင်းခပ်သွက်သွက်လျှောက်

ခဲ့ရာ စာဖတ်ခန်းအနီးသို့ရောက်ရှိလာလေ၏။

အမှန်တော့... ပေကျင်းနန် စာဖတ်ခန်းထဲဝင်နေချိန်

မည်သူမျှ စာဖတ်ခန်းအနီးသို့ လာရောက်ခွင့်မရှိချေ။



မည်မျှအရေး ကြီးသည့်ကိစ္စရှိရှိ နှောင့်ယှက်ခြင်းမပြုရချေ။

အကြောင်းကိစ္စရှိလျှင် ပေကျင်းနန်က စာဖတ်ခန်းထဲမှနေ

၍ ခွေမောင်းကလေးကိုထု၍ခေါ်ယူမည်ဖြစ်၏။

ထိုစည်းကမ်းကို... ပေမိသားစုခြံဝင်း၌နေထိုင်သူအားလုံး

လိုက်နာကြရသည်။

ထို့ကြောင့် ပေကျို့ဝါးသည်စာဖတ်ခန်းအနီးသို့ရောက်သွား

သည့်အခါ အခန်းတွင်းသို့ဝင်သင့်မဝင်သင့် ဝေခွဲမရဖြစ်သွားရလေ

သည်။

ဖခင်ထုတ်ပြန်ထားသောစည်းကမ်းသည် သူမနှင့်လည်း

သက်ဆိုင်သည်မဟုတ်ပါလား။

သူမအနေဖြင့် မသိကျိုးကျွံပြု၍မရချေ။ အများနည်းတူ

လိုက်နာရမည်သာဖြစ်သည်။ ထို့ကြောင့် ပေကျို့ဝါးသည် ပိတ်ထား

သည့်စာဖတ်ခန်းတံခါးကိုအတန်ကြာအောင်စိုက်ကြည့်ပြီးနောက် ပြန်

လှည့်ထွက်သွားရန်ဟန်ပြင်လိုက်သည်။

စာဖတ်ခန်းထဲမှ ယင်စန်းပြန်ထွက်လာမည့်အချိန်ကို ဧည့်

ခန်းမဆောင်ထဲမှစောင့်နေခြင်းက အသင့်တော်ဆုံးပင်ဖြစ်သည်မ

ဟုတ်ပါလော။

ပေကျို့ဝါးကထွက်သွားရန် ဟန်ပြင်လိုက်စဉ်မှာပင် စာဖတ်ခန်းထဲမှစကားသံတစ်သံထွက်ပေါ်လာသည်။

ထိုစကားသံကြောင့်... လှမ်းထွက်တော့မည့်ပေကျို့ဝါး၏ခြေလှမ်းများသည် တုံ့ခနဲရပ်တန့်သွားရလေတော့၏။

oooo



စာဖတ်ခန်းထဲမှထွက်ပေါ်လာသည့်စကားသံကား....

"ကျုပ်သမီးလေးရဲ့ရှေ့ရေးကို ရင်လေးမိတယ်ဗျာ"

ဟုပြောလိုက်သော ဖခင်ကြီး၏အသံပင်ဖြစ်ပေသည်။

ပေကျို့ဝါးရင်ထိတ်သွား၏။

ဖခင်ကြီးသည် ထိုသို့သောစကားမျိုး မည်သည့်အခါကမျှ ပြောဘူးချေ။ ဖခင်၏လေသံသည် စိုးရိမ်ပူပန်မှုလွှမ်းမိုးနေသည့် လသံမျိုးဖြစ်၏။

ပေကျို့ဝါး အလွန်ပင်စိတ်ဝင်သွား၏။

မည်သည့်ကိစ္စများဖြစ်ပေါ်နေပါသနည်း။

"ဖေဖေတို့ အရေးကြီးတဲ့ကိစ္စ တိုင်ပင်ဆွေးနွေးနေကြတာ ါနဲ့ပတ်သက်နေပါလား"

ပေကျို့ဝါး မနေနိုင်တော့ပါ။

ခြေသံမကြားအောင် ဖော့နင်းပြီး....

စာဖတ်ခန်းအနီးချဉ်းကပ်ကာ တိတ်တဆိတ်ချောင်းမြော
နားထောင်လိုက်လေသည်။

ထိုသို့မပြုလုပ်သင့်ကြောင်း သူမအနေဖြင့် နားလည်ထ
သော်လည်း သူမနှင့်ပတ်သက်၍ မည်သို့သောအရေးကိစ္စဖြစ်ေ
နေသည်ကိုသိလိုစိတ်ပြင်းပြနေသဖြင့် ခွတ်မိုက်ပြုလုပ်လိုက်ခြင်း
ဖြစ်ပေသည်။

သူမ ချောင်းနားထောင်လိုက်ချိန်တွင် ယင်စန်း၏စကား
ထွက်ပေါ်လာသည်ကိုကြားလိုက်ရ၏။

"မိတ်ဆွေကြီး... ဘယ်လိုအခက်အခဲကြုံတွေ့နေရတယ်
တာ ကျုပ်ကိုပွင့်ပွင့်လင်းလင်းပြောစေချင်တယ်"

ပေကျင်းနန်ကသက်ပြင်းချသည်။

"အင်း... ကျုပ် ဒီကိစ္စကို ရင်ထဲမျိုသိပ်အောင့်အည်းထာ
တာတစ်နှစ်လောက်ရှိပါပြီဗျာ၊ ဘယ်သူ့ကိုမှလဲ ဖွင့်မပြောရဲဘူး
တော့ အချိန်တန်လာပြီမို့ မိတ်ဆွေဆီတင်ပြအကြံဉာဏ်ရယူဖို့
လိုက်ရတာပါ"

ယင်စန်းရောက်ရှိလာခြင်းမှာ ဖခင်ကဖိတ်ခေါ်လိုက်
ကြောင့်ဖြစ်ကြောင်း ယခုမှပေကျို့ဝါးသိရတော့သည်။



ယင်စန်း၏စကားသံထွက်ပေါ်လာပြန်၏။

"ကျုပ်တို့ဟာ မိတ်ဆွေရင်းတွေပဲဗျာ... ခင်ဗျားမှာ ဘယ်လိုအခက်အခဲကြုံနေရတယ်ဆိုတာကိုပြောပြပါ၊ ကျုပ်အတတ်နိုင်ဆုံးကူညီဆောင်ရွက်ပေးပါ့မယ်"

ပေကျင်းနန်က....

"ဒီစကားကြားရတာဝမ်းသာလိုက်တာဗျာ... ကျုပ်ပြောပြပါ့မယ်၊ မိတ်ဆွေကြီး ကျောက်စိမ်းနန်းတော်နဲ့ကျောက်စိမ်းမင်းသားဆိုတာကိုကြားဖူးတယ်မဟုတ်လား"

ထိုစကားကြောင့် ယင်စန်းကရယ်မောလိုက်၏။

"သိုင်းလောကတစ်ခုလုံး ကြားဖူးထားကြတာပဲဗျာ၊ ကျုပ်လဲ ကြားဖူးတာပေါ့... ဘာဖြစ်လို့လဲ"

"ကျောက်စိမ်းမင်းသားနဲ့ပတ်သက်ပြီး အမျိုးမျိုးဝေဖန်ပြောဆိုနေကြပေမယ့် သူ့ကိုတွေ့ဖူးမြင်ဖူးသူမရှိသလောက်ဆိုတာအမှန်တကယ်ပဲလားဗျာ"

"ဒီစကားအမှန်ပဲလို့ပြောနိုင်တယ်ဗျ... ဘာကြောင့်လဲဆိုတော့ ကျောက်စိမ်းမင်းသားကိုတွေ့ဖူးသူဆိုလို့ ခုချိန်အထိ မကြားဖူးသေးလို့ဘဲ"

ပေကျင်းနန်က....

"အင်း... ဒါကြောင့်လည်း သူဟာ သိုင်းလောကမှာအလျှို့ဝှက်ဆုံးလူတစ်ယောက်ဖြစ်နေတာကိုး"

ဟုမှတ်ချက်ချလိုက်၏။

ယင်စန်းက....

"ခင်ဗျား သူ့အကြောင်းပြောနေတယ်ဆိုတော့ ခင်ဗျားသူနဲ့ ပတ်သက်မှုတစ်ခုခုရှိနေလို့လား"

ဟုမေးလိုက်သည်။

ပေကျင်းနန်က....

"ဟုတ်တယ်... မမျှော်လင့်ဘဲ သူက ကျုပ်ကိုပတ်သက်လာတာဗျ"

ယင်စန်းက....

"ထူးဆန်းလိုက်တာ ဒီကိစ္စကျုပ်မသိလိုက်ရပါလား"

ပေကျင်းနန်က....

"ကျုပ်ကိုခွင့်လွှတ်ပါဗျာ... ကျုပ်ကိုယ်တိုင်လဲမယုံကြည်နိုင်အောင်ဖြစ်နေမိတယ်၊ ဖြစ်ပုံကလဲ အိပ်မက်တစ်ခုလိုဖြစ်နေတာမို့ ဘယ်သူ့ကိုမှဖွင့်မပြောဘဲနေခဲ့တာပါ"



"ကဲ... ပြောစမ်းပါဦးဗျာ"

ပေကျင်းနန်သက်ပြင်းချသည်။

"လွန်ခဲ့တဲ့တစ်နှစ်လောက်ကပေါ့... လပြည့်ညတစ်ညမှာ ကျုပ်အိပ်မပျော်နိုင်တာနဲ့ ပန်းဥယျာဉ်ထဲထွက်ပြီး လေညှင်းခံနေခဲ့တယ်၊ လရောင်အောက်မှာ ဝန်းကျင်တစ်ခုလုံးသာယာလှပနေပြီး ပန်းရနံ့တွေကလဲ မွှေးကြိုင်နေတာပေါ့"

ပေကျို့ဝါးသည် စိတ်ဝင်စားစွာဖြင့် စာဖတ်ခန်းအပြင်ဘက်မှခိုး၍နားထောင်နေမိသည်။

ဖခင်ဖြစ်သူပေကျင်းနန်ထံမှစကားသံ ထပ်မံထွက်ပေါ်လာပြန်လေသည်။

"ကျုပ် ရင်ထဲကြည်နူးပြီး ညရဲ့အလှကိုခံစားနေတုန်းမှာပဲ ဖြုန်းဆို လေနဲ့အတူဖိတ်စာတစ်စောင်လွင့်ပျံလာတယ်လေ"

ယင်စန်းစိတ်ဝင်စားသွား၏။

ပေကျင်းနန်ကဆက်ပြော၏။

"ပထမတော့ ကျုပ်စိတ်ထဲမှာ လိပ်ပြာကြီးတစ်ကောင်ပျံဝဲလာတာပဲလို့ထင်မိသေးတယ်၊ ဒါပေမယ့် သေသေချာချာကြည့်တော့မှ ဖိတ်စာတစ်စောင်ဖြစ်နေတာကိုတွေ့လိုက်ရတော့တာပဲ၊ ဒါနဲ့ ကျုပ်

လဲ စိတ်ဝင်စားလွန်းလို့ ဘာမှမစဉ်းစားနိုင်တော့ဘဲ အဲဒီဖိတ်စာကို
ဖမ်းယူထားလိုက်မိတယ်လေ”

ယင်စန်းက....

“ဖိတ်စာပစ်ပေးတဲ့လူကိုကော တွေ့လိုက်ရသေးသလား
ဟုမေးလိုက်သည်။

ပေကျင်းနန်ကခေါင်းခါသည်။

“ဟင့်အင်း မတွေ့ရဘူး”

ယင်စန်းက....

“ခင်ဗျားရဲ့သိုင်းပညာလဲ ထိပ်တန်းအဆင့်မှာရှိတာပဲ၊ ည
အလှကိုသာငေးမောမနေဘူးဆိုရင် ဖိတ်စာပေးသွားတဲ့လူကို ခင်ဗျ
တွေ့လိုက်ရဖို့များတယ်”

ပေကျင်းနန်က....

“ဖြစ်နိုင်ပါတယ်ဗျာ... ကျုပ်အမှုမဲ့အမှတ်မဲ့ဖြစ်သွားတယ်
ပြီးတော့ ခြံဝင်းထဲမှာမဟုတ်လား... ညကြီးအချိန်မတော် ဘယ်
ကမှကျူးကျော်ဝင်လာရဲမှာမဟုတ်ဘူးလို့ ယုံကြည်ထားတယ်လေ

“အင်း... ခင်ဗျားတောင် မတွေ့လိုက်ဘူးဆိုတော့ အခေ
အကြပ်တွေတွေ့ဖို့ဆိုတာမဖြစ်နိုင်ဘူး”



ပေကျင်းနန်ခေါင်းညိတ်လိုက်သည်။

“ဟုတ်ပါတယ်ဗျာ မနက်မိုးလင်းတော့ ညက အခြေအနေ ဘာထူးသေးသလဲမေးကြည့်တယ်၊ အားလုံးကဘာမှမထူးဘူးလို့ ပြောကြတာပဲ... မသင်္ကာစရာတွေ့တယ်လို့ပြောတဲ့လူ တစ်ယောက်မှမရှိဘူး”

ယင်စန်းက....

“ကဲ... ခင်ဗျား လက်ထဲရောက်လာတဲ့ဖိတ်စာအကြောင်းကို ဆက်ပြောစမ်းပါဦးဗျာ”

ပေကျင်းနန်သက်ပြင်းချလိုက်ပြီး....

“အချိန်မတော်ရောက်လာတဲ့ဖိတ်စာမို့ ကျုပ်လဲစိတ်ဝင်တစားနဲ့ အပြေးအလွှားကြည့်လိုက်မိတယ်လေ၊ ကြည့်တော့ အနီရောင် မင်္ဂလာဖိတ်စာတစ်စောင်ဖြစ်နေတယ်... ဟောဒီမှာလေ”

ပေကျို့ဝါးသည် လွန်စွာစိတ်ဝင်စားလာသဖြင့် ချောင်းနား ထောင်ရုံမျှမကဘဲ တံခါးကြားမှပင်ချောင်းကြည့်လိုက်မိလေသည်။

ထိုအခါ....

ပေကျင်းနန်က အနီရောင်ဖိတ်စာတစ်စောင်ကိုထုတ်ယူ၍ ယင်စန်းအား ပေးလိုက်သည်ကိုတွေ့လိုက်ရ၏။

ယင်စန်းက ဖိတ်စာကို သေသေချာချာစစ်ဆေးကြည့်လို
သည်။ ပြီးနောက် ဖိတ်စာပေါ်၌ရေးထားသည့်စာများကိုအသံထွ
၍ဖတ်လိုက်လေသည်။

ယင်းသို့အသံထွက်ဖတ်လိုက်သဖြင့် ပေကျို့ဝါးအတွက်
ဆင်ပြေသွားသည်။

သို့မဟုတ်လျှင် ဖိတ်စာပေါ်၌ မည်သည့်အကြောင်းအ
များရေးသားထားသည်ကို သူမအနေဖြင့်သိရှိနိုင်မည်မဟုတ်ချေ

ယင်စန်းက ဖိတ်စာကိုကြည့်၍အသံထွက်ဖတ်လိုက်သည်

"ဆရာကြီးပေကျင်းနန်ခင်ဗျာ....

ဆရာကြီး၏သမီး သိုင်းလောကအလှမယ်လေး ပေကျို့
အား ကျောက်စိမ်းနန်းတော်မှကျောက်စိမ်းမင်းသားကမေတ္တာသ
ဝင်နေပါသည်။ သို့ပါ၍ လက်ထပ်ထိမ်းမြားပေးပါရန် လေးစား
ဖြင့်ခွင့်ပန်အပ်ပါသည်၊ ယခု ယနေ့မှစ၍တစ်နှစ်ပြည့်သည့်အချိန်တ
ကျောက်စိမ်းမင်းသားသည် သိုင်းလောကထဲဆင်းလာပြီး ဆရာကြ
နှင့်လာရောက်တွေ့ဆုံမည်ဖြစ်ပါသည်၊ လက်ထပ်ထိမ်းမြားပေး
ဆရာကြီးက သဘောတူခွင့်ပြုသည်ဟူသောအဖြေကို ကျောက်စိ
မင်းသားကမျှော်လင့်ထားပါသည်"



ဖိတ်စာပါစာသားကိုဖတ်ရှုပြီးလျှင်ပြီးချင်း....

"တော်တော်ရိုင်းပါလား"

ယင်စန်းက မကျေမနပ်ဖြင့်ပြောလိုက်လေတော့သည်။

၀၀၀၀

ပေကျို့ဝါးမျက်လုံးပြူးသွားသည်။

"ဟာ ဒုက္ခပဲ... ကျောက်စိမ်းမင်းသားက ငါနဲ့လက်ထပ်ဖို့

တောင်းထားတဲ့စာပါလား"

ပေကျို့ဝါးသည် ချက်ချင်းပင် အဝေးသို့ထွက်ပြေးသွား

စိတ်များဖြစ်ပေါ်လာလေသည်။

သို့သော် သူမသည်မည်သည့်နေရာသို့မျှထွက်ခွာသွား

မရှိပါ။ စာဖတ်ခန်းရှေ့တွင်ပင် မလှုပ်မယှက်ရပ်နေမိလေသည်

ထိုစဉ် ယင်စန်းထံမှစကားသံထွက်ပေါ်လာ၏။

"လက်ထပ်မင်္ဂလာကိစ္စဆိုတာ ဘယ်သူမဆိုအလေး

ဆောင်ရွက်ကြတာချည်းပဲ၊ ခင်ဗျားဟာ နန်းတော်ထဲမှာအမူ

လာ သူတစ်ယောက်ဖြစ်တယ်... မျိုးရိုးဂုဏ်သိက္ခာကိုစောင့်ထိန်း

လူ တစ်ယောက်လဲဖြစ်တယ်... ဒီလိုကိစ္စမျိုးဟာ အောင်သွယ်

ကတစ်ဆင့် နားဖောက်ရတဲ့ကိစ္စမျိုးပဲ၊ ခုတော့ ကျောက်စိမ်းမင်း



ကတစ်ဖက်သတ်ဆန်လွန်းတယ်... အစဉ်အလာ ထုံးတမ်းစဉ်လာကို

ဂရု မစိုက်ဘူး၊ သူ့ရဲ့လုပ်ရပ်ဟာ ရိုင်းစိုင်းမောက်မာပြီး ပမာမခန့်လုပ်

သလိုဖြစ်နေတယ်"

ပေကျင်းနန် သက်ပြင်းချလိုက်သည်။

"အတော့်ကိုခံပြင်းစရာကောင်းတဲ့ကိစ္စဆိုတာ မှန်ပါတယ်

ဗျာ၊ ကျုပ်လဲဖိတ်စာရတော့ အတော့်ကိုဒေါပွသွားတယ်... ကျောက်

စိမ်းမင်းသားကိုလိုက်ရှာပြီး ဆုံးမဖို့တောင်စိတ်ကူးမိတယ်၊ ဒါပေမယ့်

နောက်ပိုင်းမှာ သူ့ရဲ့သတင်းတွေတစ်စတစ်စကြားလာရတော့ မဆင်

မခြင်လုပ်လို့မဖြစ်ဘူးဆိုတာနားလည်သဘောပေါက်လာတယ်၊

ဒီကိစ္စကိုဘယ်လိုဖြေရှင်းရမယ်ဆိုတာ ကျုပ်စဉ်းစားလာခဲ့တာတစ်နှစ်

ရှိပါပြီ"

ယင်စန်းက....

"တစ်နှစ်ရှိပြီဆိုတော့ သူချိန်းထားတဲ့အချိန်ကိုရောက်တော့

မှာပေါ့"

ပေကျင်းနန်ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... လပိုင်းလောက်ပဲလိုတော့တယ်"

ယင်စန်းက....

"အင်း ဒါကြောင့် မကြာခင်မှာ ကျောက်စိမ်းမင်းသား
သိုင်းလောကထဲကိုဆင်းလာတော့မယ်လို့ သတင်းတွေဖြစ်ပေါ်
တာကိုး"

ပေကျင်းနန်ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... အဲဒီသတင်းတွေကြားလို့ ကျုပ်နေမထိ
မသာဖြစ်နေတာဗျ၊ ဒါကြောင့် ဘယ်လိုလုပ်ရင်ကောင်းမလဲဆို
မိတ်ဆွေကြီးကိုခေါ်ပြီးတိုင်ပင်ရတာပါပဲ"

ယင်စန်းကပေကျင်းနန်ကိုလှမ်းကြည့်ကာ....

"မိတ်ဆွေကကော ဘယ်လိုလုပ်ချင်လို့လဲ"

ပေကျင်းနန်က....

"ဘယ်လိုလုပ်ရမှန်းမသိတော့ပါဘူးဗျာ"

ဟုညည်းတွားလိုက်လေသည်။

ယင်စန်းက....

"မိတ်ဆွေကြီးရဲ့စကားသံကိုနားထောင်ရတာ သမီးလေ
သဘောမတူနိုင်ဘူးလို့ကျုပ်ခန့်မှန်းမိတယ်ဗျ"

ထိုစကားကြားသည့်အခါ... ချောင်းမြောင်းနားထောင်
သော ပေကျို့ဝါးဝမ်းသာသွားသည်။



"ဖေဖေရယ်.... သဘောမတူလိုက်ပါနဲ့"

စိတ်ထဲမှလည်း ကြိတ်၍ဆုတောင်းနေလိုက်မိသည်။

ထိုအချိန်မှာပင်....

ပေကျင်းနန်၏စကားသံထွက်ပေါ်လာသည်။

"အမှန်အတိုင်းဝန်ခံရမယ်ဆိုရင် ကျောက်စိမ်းမင်းသားဟာ ဘယ်လိုလူစားမျိုးပဲဖြစ်ဖြစ် ကျုပ်သမီးနဲ့သဘောမတူနိုင်ဘူး၊ ကျုပ်သမီးရဲ့အိမ်ထောင်ရေးကိစ္စ သူ့ဘာသာသူ ဆုံးဖြတ်ပါလိမ့်မယ်၊ သမီးစိတ်တိုင်းကျဖြစ်စေရမယ်လို့ ကျုပ်သန္နိဋ္ဌာန်ချထားပါတယ်၊ ကုန်ကုန်ပြောရရင် ကျုပ်သမီးက သူတောင်းစားတစ်ယောက်ကိုမေတ္တာရှိတယ်ဆိုရင်တောင် ကျုပ်ကသဘောတူလက်ထပ်ပေးမှာပါဗျာ"

သမီးပေါ်ချစ်သည့်စိတ်ကို ဖွင့်ဟပြောပြလိုက်သည်။

ဖခင်ဖြစ်သူ၏စကားကိုကြားရသည့်အခါ ပေကျိုးဝါး၏ မျက်ဝန်းအစုံတွင် မျက်ရည်များရစ်ဝဲလာလေသည်။

"ဖေဖေရယ်...."

ဟုလည်းစိတ်ထဲညည်းတွားလိုက်သည်။

ယင်းအချိန်မှာပင်....

ယင်စန်း၏စကားသံထွက်ပေါ်လာသည်ကိုကြားရ၏။

"ခင်ဗျားဟာ သမီးလေးကို ဘယ်လောက်ချစ်မြတ်နိုးတ
ဆိုတာ ကျုပ်သဘောပေါက်ပါတယ်ဗျာ၊ ဒါပေမယ့် ခင်ဗျားကမြ
လိုက်ရင် ကျောက်စိမ်းမင်းသားက ဒုက္ခပေးလာနိုင်တယ်ဆိုတာ
လည်း ထည့်တွက်ရလိမ့်မယ်"

ပေကျင်းနန်ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် ကျုပ်ကဒါကိုတွေးနေမိတာပါ၊ ကျောက်စိ
မင်းသားဟာ သူရဲ့အမိန့်ကို လူတိုင်းနားထောင်ရမယ်လို့ သဘေ
ထားနေပုံရတယ်၊ ကျုပ်ကငြင်းလိုက်ရင် ကျိန်းသေရန်ငြိုးထားမှာ

ယင်စန်းက....

"မပူပါနဲ့ဗျာ... ခင်ဗျားမှာ သိုင်းလောကမိတ်ဆွေတွေက
နန်းတွင်းနဲ့ပါ အဆက်အသွယ်ရှိနေတာပဲ၊ ထင်တိုင်းလုပ်လို့ မရပါ

ပေကျင်းနန်သက်ပြင်းချလိုက်သည်။

"အင်း နောက်ဆုံး သူအန္တရာယ်ပြုလာရင်တော့ မိတ်
ကြီးပြောသလို သိုင်းလောကမိတ်ဆွေတွေနဲ့နန်းတွင်းကိုအကူအ
တောင်းရတော့မှာပဲ"

ချောင်းနားထောင်နေသည့်ပေကျို့ဝါးသည် မိမိအတွက်
အကျယ်အကျယ်မငြိမ်းဖွယ်ဖြစ်လာရတော့မည်ကို တွေးကာစိတ်



ငိုက်သွားလေသည်။ ယင်စန်းက ဉာဏ်ကောင်းသူပီပီ အကြံတစ်ခု
ပြောပြ၏။

"တစ်ခုတော့ရှိတယ်ဗျ... သူ့ကိုလက်မခံနိုင်ဘူးလို့ငြင်းလိုက်
တာထက် ဘာကြောင့် လက်မခံနိုင်သလဲဆိုတဲ့ အကြောင်းပြချက်
တစ်ခုနဲ့ငြင်းနိုင်ရင် ပိုကောင်းမယ်၊ သူက အန္တရာယ်ပြုချင်ရင်တော့
စိတ်ထိန်းပြီး နောက်ဆုတ်ရမယ့်ကိစ္စမျိုးပေါ့"

ပေကျင်းနန်မျက်မှောင်ကုပ်သွားသည်။

"မိတ်ဆွေကြီးဆိုလိုတာက...."

ယင်စန်းက....

"သူ့ကိုလက်မခံနိုင်တာဟာ ဘယ်လိုအကြောင်းကြောင့် ဆို
တာ ခင်ဗျားကရှာဖွေတင်ပြရမယ်၊ ကျုပ်ဆိုလိုတာက သူ့ရဲ့အပြစ်
အနာအဆာကိုဖော်ထုတ်ဖို့ပေါ့၊ သတို့သမီးရှင်တစ်ဦး လက်မခံနိုင်တဲ့
အပြစ်အနာအဆာမျိုးရှိနေလို့ငြင်းတယ်ဆိုရင် သူ ဘာတတ်နိုင်တော့
မှာလဲ၊ လက်လျှော့သွားရမှာပေါ့"

စကားသံ ခေတ္တမျှတိတ်သွား၏။

ပြီးမှ ပေကျင်းနန်ထံမှစကားသံထွက်ပေါ်လာသည်။

"မိတ်ဆွေကြီးရဲ့အကြံကကောင်းပါတယ်... ဒါပေမယ့် သူ့

အကြောင်းကို ဘယ်သူသိလို့လဲ၊ သူ့ရဲ့အပြစ်အနာအဆာကိုဘယ်လို
လုပ်ပြီးဖော်ထုတ်နိုင်မှာတဲ့လဲဗျာ"

ပေကျင်းနန်က ညည်းတွားပြောဆိုလိုက်ခြင်းဖြစ်သည်။

ယင်စန်းလည်းငြိမ်ကျသွား၏။

သိုင်းလောကအလျှို့ဝှက်ဆုံးလူတစ်ယောက်၏ အပြစ်အ
နာအဆာကိုဖော်ထုတ်ဖို့ဆိုသည်မှာ မဖြစ်နိုင်သည့်ကိစ္စဖြစ်၏။

မှော်လင့်ချက်ရှိမလိုနှင့် ကွယ်ပျောက်သွားရပြန်သည်။

ပေကျို့ဝါးမလှုပ်မယှက်ရပ်နေ၏။ အရေးအကြီးဆုံးအချိန်
ရောက်နေပြီဖြစ်ကြောင်း သူမ နားလည်ထားလေသည်။

ဝဝဝဝ



အခန်းအတွင်း၌တိတ်ဆိတ်နေ၏။

ဝန်းကျင်ပါတိတ်ဆိတ်သွားပြီး အပ်ကျသံ ကြားရလောက်
သည်ဟုပင်ထင်ရလေသည်။

ပေကျို့ဝါးသည် အောင့်အည်းသည်းခံ၍ စောင့်ဆိုင်းနေရ
သည်ကိုမခံမရပ်နိုင်ဖြစ်လာ၏။

သူမသည် တံခါးကိုတွန်းဖွင့်၍ အခန်းထဲပြေးဝင်လိုစိတ်များ
ပင်ဖြစ်ပေါ်လာလေသည်။

ထိုစဉ်....

"ကျုပ် တစ်ခုသတိထားမိတယ်ဗျ"

ပေကျင်းနန်၏အသံထွက်ပေါ်လာသည်ကိုကြားရသည်။

ယင်စန်းက....

"ပြောပါဦး"

ဟုဆိုလိုက်ရာ ပေကျင်းနန်က....

"ကျောက်စိမ်းမင်းသားဆိုတဲ့နာမည် သိုင်းလောက
ထွက်ပေါ်လာခဲ့တာ နှစ်ပေါင်းအတော်ကြာပြီမဟုတ်လား"

ယင်စန်းက....

"ဟုတ်သားပဲ... ဒါကို လူတိုင်းသိကြပေမယ့် သတိမထား
မိကြဘူး၊ ကျောက်စိမ်းမင်းသားဆိုတဲ့နာမည် သိုင်းလောကမှာထွက်
ပေါ်လာခဲ့တာ ကျုပ်မှတ်မိသလောက်ဆိုရင် နှစ်ပေါင်းလေးဆယ်လော
ရှိနေပြီ"

ပေကျင်းနန်က....

"နာမည်ထွက်လာတာ နှစ်ပေါင်းလေးဆယ်လောက် ရှိ
ဆိုရင် သူမွေးဖွားတဲ့အချိန်နဲ့ သိုင်းပညာသင်ယူမယ့်အချိန်ကိုပေါင်း
လိုက်ရင် သူ့အသက်ဟာခြောက်ဆယ်လောက်ရှိနေရမှာပေါ့"

ယင်စန်းက....

"တွက်ကြည့်ရင် ခင်ဗျားပြောသလိုဖြစ်နိုင်တယ်၊ အင်းလေ
ကျောက်စိမ်းမင်းသားဆိုတဲ့နာမည်ဟာ တစ်ချိန်က နာမည်ကြီးခဲ့တဲ့
အရူးသိုင်းသမားနဲ့ ခေတ်ပြိုင်ကျော်ကြားခဲ့တာပဲ၊ အရူးအဘိုးအိုဟာ
သိုင်းလောကကပျောက်ကွယ်သွားတာကြာပြီ... သေသွားပြီလို့
ပြောကြတယ်... သူသာအသက်ရှင်လျက်ရှိနေဦးမယ်ဆိုရင် အသက်



ခြောက်ဆယ်ကျော်ရောပေါ့"

ပေကျို့ဝါး လက်ဖျောက်တီးလိုက်သည်။

"ဒါဟာကျုပ်တို့အတွက်မျှော်လင့်ချက်ပဲဗျ၊ သူဟာ အသက်
ကြီးတဲ့အဘိုးကြီးတစ်ယောက်ဖြစ်နေလို့ ကျုပ်သမီးနဲ့သဘောမတူနိုင်
ဘူးလို့ငြင်းလို့ရတာပဲ"

ယင်စန်းခေါင်းညိတ်လိုက်သည်။

"ဒါတော့ ဟုတ်တယ်... သိုင်းလောကမှာ နာမည်ထွက်လာ
တဲ့အချိန်နဲ့တွက်ရင် သူဟာအသက်ခြောက်ဆယ်ကျော်အဘိုးကြီးတစ်
ယောက်ဖြစ်နေမှာအသေအချာပဲ... ဒါပေမယ့်...."

ယင်စန်းက စကားတစ်ပိုင်းတစ်စဖြင့်ရပ်ထားလိုက်၏။

ပေကျင်းနန်က....

"ဒါပေမယ့် ဘာဖြစ်သလဲဗျ"

ဟုမေးလိုက်၏။

"သိုင်းလောကမှာထွက်ပေါ်နေတဲ့သတင်းတွေအရ သူဟာ
ရုပ်ရည်ချောမောခန့်ညားပြီး မင်းညီမင်းသားလေးလိုယောကျ်ားပီ
သတဲ့လူငယ်တစ်ယောက်လို့ဆိုပြန်တယ်"

ပေကျင်းနန်သက်ပြင်းချလိုက်ပြန်၏။

"အင်း... သိုင်းလောကမှာ ကျောက်စိမ်းမင်းသားဆိုတာ နှစ်ဦးတော့ မရှိလောက်ပါဘူးနော်"

ယင်စန်းခေါင်းခါလိုက်၏။

"မရှိနိုင်ပါဘူး"

ပေကျင်းနန်က....

"ဒါဖြင့် ဟိုတုန်းကတည်းက နာမည်ထွက်ခဲ့တဲ့ကျောက်စိမ်းမင်းသားနဲ့ အခုမင်းသားဟာ တစ်ဦးတည်းပဲဖြစ်နိုင်တာပေါ့"

ယင်စန်းက....

"ဒါလဲဖြစ်နိုင်တာပဲ"

ပေကျင်းနန်က....

"ကျုပ်တစ်ခုစဉ်းစားမိတယ်"

"ဘာများလဲဗျ"

"ကျောက်စိမ်းမင်းသားနဲ့ အရူးသိုင်းသမားဟာ ခေတ်ပြိုင်ကျော်ကြားခဲ့ကြတာပဲမဟုတ်လား"

"ဟုတ်တယ်လေ"

"သူတို့ရဲ့ရှေ့မှာ မြောက်ကျွန်းသိုင်းပါရဂူက နာမည်ကြီးခဲ့တယ်"



ယင်စန်းခေါင်းညိတ်လိုက်သည်။

"ခင်ဗျားက သိုင်းလောကရေစာဝင်ကို တော်တော်လေ့လာထားတာပဲ"

ပေကျင်းနန်က....

"အဲဒီအချိန်က ကျွန်တော်ဟာ နန်းတွင်းမှာအမှုထမ်းနေခဲ့တယ်လေ... သိုင်းလောကသားတွေဟာ နန်းတွင်းကိုထိပါးလာနိုင်တဲ့လူတွေမို့ သိုင်းလောကကိုမျက်ခြည်မပြတ်စောင့်ကြည့်ဖို့ ကျုပ်တာဝန်ယူခဲ့ရတယ်၊ ဒါကြောင့် ဒီအကြောင်းတွေကိုသိနေတာပါဗျာ"

ယင်စန်းက....

"မြောက်ကျွန်းသိုင်းပါရဂူဟာ သိုင်းလောကအကျိုး အများအကျိုးဆောင်ရွက်တဲ့အဖြူရောင်သိုင်းသမားကြီးတစ်ယောက်ပါဗျာ၊ သူဟာသိုင်းပညာအသစ်အဆန်းတွေကိုတွင်တယ်၊ ဆေးဝါးတွေဖော်စပ်တယ်... ဒီလိုနဲ့ပဲ မြောက်ကျွန်းမှာကွယ်လွန်တဲ့အထိနေသွားတာမဟုတ်လား"

ပေကျင်းနန်က....

"ဟုတ်ပါတယ်ဗျာ... ကျုပ်သိရသလောက်တော့ မြောက်ကျွန်းသိုင်းပါရဂူဟာ မကွယ်လွန်မီမှာထူးခြားတဲ့ဆေးတစ်မျိုးနဲ့သိုင်း

ပညာတစ်မျိုးကိုတီထွင်ဖော်စပ်သွားနိုင်ခဲ့တယ်ဆိုပဲ"

"သိုင်းပညာက ဘယ်လိုရှိတယ်မဆိုနိုင်ဘူး၊ နောက်ဆုံးဖော်စပ်ခဲ့တဲ့ဆေးဝါးကတော့ အိုခြင်းနာခြင်းဆိုတဲ့ဇရာကိုတားဆီးနိုင်တဲ့ဆေးလို့ပြောကြတယ်"

ယင်စန်းမျက်မှောင်ကုပ်သွားသည်။

"အင်း… ခင်ဗျားပြောသလိုဆိုရင် တစ်ခုနဲ့တစ်ခုဆက်စပ်နေပြီထင်တယ်"

ပေကျင်းနန်က….

"ကျုပ်လဲ ဒီအတိုင်းတွေးမိတယ်… မြောက်ကျွန်းသိုင်းပါရဂူကွယ်လွန်သွားပြီးမှ အရူးသိုင်းသမားနဲ့ကျောက်စိမ်းမင်းသားတို့ ပေါ်ထွက်လာခဲ့ကြတာမဟုတ်လား၊ သူတို့ဟာ ပြိုင်ဘက်ကင်းတဲ့လူတွေဆိုတော့ သိုင်းပါရဂူနဲ့ပတ်သက်နေနိုင်တယ်"

ယင်စန်းခေါင်းညိတ်လိုက်သည်။

"ကျွန်တော်သဘောပေါက်ပြီ… ကျောက်စိမ်းမင်းသားဟာ သိုင်းပါရဂူတီထွင်ခဲ့တဲ့ဇရာကိုတားဆီးနိုင်တဲ့ဆေးဝါးကိုရရှိခဲ့လိမ့်မယ်လို့ ခင်ဗျားယူဆနေတာမဟုတ်လား"

ပေကျင်းနန်ခေါင်းညိတ်ဝန်ခံလိုက်လေသည်။



"ဟုတ်တယ်… အမှန်တကယ် အသက်ခြောက်ဆယ်ကျော်အတိုးအိုအရွယ်ရှိရမယ့်လူဟာ လူငယ်လေးတစ်ယောက်လိုဖြစ်နေတယ်ဆိုတော့…."

ပေကျင်းနန်က စကားကိုတစ်ပိုင်းတစ်စဖြင့်ရပ်ထားလိုက်သည်။ ယင်စန်းက….

"အင်း… အရူးသိုင်းသမားဟာ ခုချိန်ထိ အသက်ရှင်နေသေးရင် သိပ်ကောင်းမှာပဲ၊ ဒီအခက်အခဲတွေကို သူကပဲ ဖြေရှင်းပေးနိုင်လိမ့်မယ်"

ပေကျင်းနန်က….

"ဘာပဲဖြစ်ဖြစ်… ကျုပ်ကတော့ ကျောက်စိမ်းမင်းသားကိုပြောလိုက်တော့မယ်"

"နေဦး"

ယင်စန်းကဟန့်တားလိုက်သည်။

ပေကျင်းနန်ကမျက်မှောင်ကုပ်ကာ….

"ဘာဖြစ်လို့လဲ"

ဟုပြန်မေးသည်။

ယင်စန်းက….

"သူ့ကိုငြင်းလိုက်တာထက် အချိန်ဆွဲထားတာကပိုကောင်း
လိမ့်မယ်၊ သူ့ရဲ့နောက်ကြောင်းရာဇဝင်ကို ဖော်ထုတ်ရမယ်၊ သူဟာ
သိုင်းပါရဂူနဲ့ပတ်သက်နေတယ်ဆိုရင် ကျုပ်တို့ဘက်က ပြတ်ပြတ်
သားသားငြင်းလို့ရပြီပေါ့"

ပေကျင်းနန်ခေါင်းညိတ်လိုက်သည်။

"အင်းလေ... ခုချိန်မှာတော့ အချိန်ဆွဲထားတာအကောင်း
ဆုံးပဲဖြစ်မှာပါ၊ ဒါပေမယ့် အဖြစ်မှန်ကိုမဖော်ထုတ်နိုင်ဘူးဆိုရင်
တော့...."

သူ စကားတစ်ပိုင်းတစ်စဖြင့်ရပ်သွား၏။

ထို့နောက် ဘာသံမှထပ်မကြားရတော့ပေ။

ပေကျို့ဝါးလည်း ဆက်လက်နားထောင်နိုင်စွမ်းမရှိတော့သ
ဒရောသောပါးပြေးထွက်ခဲ့လေတော့၏။

၀၀၀၀



ညဥ့်နက်ပြီဖြစ်သည်။

ထမင်းဆိုင်ထုတ်တန်းတွင် ချိတ်ထားသည့်မီးအိမ်မှဝါကျင့်
ကျင့်မီးရောင်သည် ဆိုင်ထဲ ဖြာကျနေ၏။ ထို့ကြောင့် ဆိုင်အတွင်း
ဘက်၌မှောင်မိုက်နေခြင်းမရှိပေ။

ဆိုင်လုလင်များအိပ်ငိုက်နေကြ၏။

သို့သော် ထမင်းဆိုင်ကိုပိတ်မည်တော့မဟုတ်ပါ။

ခရီးသွားများသည် ညဘက်၌ပါရောက်လာတတ်သဖြင့်
ညလုံးပေါက်ဖွင့်ထားခြင်းဖြစ်၏။

ပိုးဟပ်ဖြူနှင့်လိဝမ်ရိတို့သည် မျက်နှာချင်းဆိုင်ထိုင်လျက်ရှိ
နေကြသည်။

ပိုးဟပ်ဖြူသည်....

သူမ၏သခင်မနှင့် ပတ်သက်သည့်အကြောင်းအရာများကို
ရှည်လျားစွာပင် ပြောဆိုခဲ့သည်။

ယခု စကားဆုံးသွားပြီဖြစ်သည်။

စိတ်ဝင်စားစွာနားထောင်နေခဲ့သောလိဝမ်ရိသည် သူမ၏ စကားဆုံးသည့်အခါ သက်ပြင်းရှည်ကြီးချလိုက်၏။

နှုတ်မှလည်း....

"အင်း... အတော်ကိုနားထောင်ကောင်းတဲ့ပုံပြင်တစ်ပုဒ်ပဲ"

ဟုမှတ်ချက်ချလိုက်လေ၏။

ပိုးဟပ်ဖြူက သူ့အားမျက်လုံးပြူး၍ကြည့်ကာ....

"ဒါ ပုံပြင်မဟုတ်ဘူးရှင့်"

ဟုမကျေမနပ်လေသံဖြင့်ပြောလိုက်လေသည်။

လိဝမ်ရိကပခုံးတွန့်လိုက်၏။

ပိုးဟပ်ဖြူက ရှည်ရှည်ဝေးဝေးပြောမနေတော့ပါ။

"ကဲ... ရှင်ကူညီမယ် မကူညီဘူးဆိုတာပြောပါ"

ဟုခပ်ပြတ်ပြတ်မေးလိုက်လေသည်။

လိဝမ်ရိကပိုးဟပ်ဖြူကိုပြန်ကြည့်ကာ....

"ကျုပ် ဘယ်လိုကူညီရမယ်ဆိုတာပြောပါ"

ဟုမေးလိုက်သည်။

ပိုးဟပ်ဖြူက....



"ကောင်းပြီ... ရှင် ဘယ်လိုကူညီရမလဲဆိုတော့ ကျောက်စိမ်းမင်းသားအဖြစ် အယောင်ဆောင်ပေးဖို့ပဲ"

"ဗျာ...."

လိဝမ်ရိ၏နှုတ်မှလွှတ်ခနဲအသံထွက်သွားသည်။

ပိုးဟပ်ဖြူက....

"ရှင် ဝမ်ကျက်မြို့မှာတောင် ကျောက်စိမ်းမင်းသားအဖြစ် ဟန်ဆောင်ခဲ့သေးတာပဲမဟုတ်လား"

လိဝမ်ရိခေါင်းခါလိုက်သည်။

"ဒါ... ဒါက ဟန်စင်းကျေးရွာကိုကူညီချင်လို့ အရဲစွန့်ပြီးလုပ်လိုက်တာပါ"

ပိုးဟပ်ဖြူက သူ့ကိုစေ့စေ့ကြည့်ကာ....

"ဒီတစ်ခါ ရှင်ဟန်ဆောင်ရင် ဟန်စင်းကျေးရွာသာမကဘူး ဟွမ်ဟိုပြည်နယ်တစ်ခုလုံးကိုပါကူညီနိုင်ဆေရမယ်"

လိဝမ်ရိမျက်လုံးပြူးသွားသည်။

"ဟာ... မဖြစ်နိုင်တာဘဲ"

"ဘာကြောင့်မဖြစ်နိုင်ရမှာလဲ... ပေကျို့ဝါးရဲ့အဖေဟာ နန်းတွင်းအထိပေါက်ရောက်တဲ့လူတစ်ယောက်ရှင့်... သူကကူညီမှာ

သေချာတယ်၊ ဟွမ်ဟိုနယ်မှာကြုံနေရတဲ့အခက်အခဲတွေကို နန်းတွ
ကသိသွားရင် လိုအပ်တာတွေအားလုံး ချက်ချင်းထောက်ပံ့ပေး
သေချာတယ်"

လိဝမ်ရိခေါင်းခါလိုက်သည်။

"ကျုပ် ဒီလောက်ကြီးကြီးကျယ်ကျယ်မမျှော်မှန်းပါဘူး"

ပိုးဟပ်ဖြူက....

"ကဲပါ... ရှင်ကူညီမလား မကူညီဘူးလား ပြောပါ"

"နေပါဦး... ကျောက်စိမ်းမင်းသားအဖြစ်ဟန်ဆောင်ပြီ
ကျုပ်ကဘာတွေလုပ်ပေးရမလဲ"

"မဟုတ်တာတွေအကုန်လုပ်ပေါ့"

"ဗျာ... မဟုတ်တာတွေ၊ ဟုတ်လား"

ပိုးဟပ်ဖြူခေါင်းညိတ်လိုက်သည်။

"မကောင်းပါဘူးလို့ လူတွေကသတ်မှတ်ထားတဲ့ကိစ္စ
အကုန်လုပ်ဖို့ပဲ"

လိဝမ်ရိခေါင်းကုပ်လိုက်သည်။

"လက်စသတ်တော့... မင်းက ကျောက်စိမ်းမင်းသား
နာမည်ဖျက်ချင်နေတာကိုး"



ပိုးဟပ်ဖြူခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

လိဝမ်ရိက....

"ဒါ ဘယ်သူ့အကြံလဲ... တော်တော်ဆိုးပါလား"

"မင်းသားဆိုးတာကိုတော့ ရှင်ဘာမှမပြောဘူးလား"

လိဝမ်ရိပခုံးတွန့်လိုက်၏။

ပိုးဟပ်ဖြူကလိဝမ်ရိကိုလှမ်းကြည့်ကာ....

"ဘယ်လိုလဲ... ရှင် ကျွန်မပြောတဲ့အတိုင်းလုပ်ပေးမယ်မ
ဟုတ်လား"

"ကျုပ်က...."

လိဝမ်ရိ၏စကားမဆုံးမီမှာပင် ....

"ဘာလဲ ရှင်ကငြင်းမလို့လား"

ပိုးဟပ်ဖြူကကြားဖြတ်မေးလိုက်သည်။

"ကျုပ်ကငြင်းမယ်လို့ မင်းထင်နေတယ်မဟုတ်လား"

လိဝမ်ရိက ပြုံးဖြီးဖြီးဖြင့်ပြန်လည်မေးလိုက်ရာ ပိုးဟပ်ဖြူ
မှာပါးစပ်ပိတ်ထားလိုက်လေတော့၏။

လိဝမ်ရိကဆက်ပြောလိုက်သည်။

"လူတစ်ယောက်ကိုနာမည်ဖျက်ရတဲ့အလုပ်ဟာ အဖေ ကိုဆိုးတဲ့အလုပ်ပဲ... ဘယ်သူမှလုပ်ချင်ကြမှာမဟုတ်ဘူးဆိုတာ မ မတွေးမိဘူးလား"

ပိုးဟပ်ဖြူ ဘာမျှပြန်မပြောပါ။

လိဝမ်ရိက....

"အင်း... ကျုပ်ကလဲဘယ်သူမှမလုပ်ချင်တဲ့အလုပ်ကို စိတ် ပါလက်ပါလုပ်ချင်တာဗျ"

ထိုစကားကို မမျှော်လင့်ဘဲကြားလိုက်ရသည့်အခါ ပိုးဟ ဖြူသည် ထိုင်ရာမှဝုန်းခနဲထရပ်လိုက်၏။

သူမသည် ကြားရသည့်စကားကိုမယုံနိုင်ဟန်ဖြင့် မျက် ကြီးပြူးကျယ်နေလေသည်။

သူမသည် မျက်လုံးပြူးကြီးဖြင့်လိဝမ်ရိကိုစိုက်ကြည့်ရင်း

"ရှင်... ရှင် တကယ်လုပ်ပေးမယ်ဟုတ်လား"

ဟု မယုံမရဲဖြင့်ပြန်မေးလိုက်သည်။

လိဝမ်ရိကရယ်မောရင်း....

"စိတ်ချ... မင်းခိုင်းတဲ့အလုပ် ကျုပ်လုပ်ပေးပါ့မယ်ဗျာ"

ဟုရှင်းရှင်းလင်းလင်းပြောလိုက်၏။



ပိုးဟပ်ဖြူ၏ခန္ဓာကိုယ် မသိမသာတုန်ယင်နေသည်။

ဟန်မူရာကင်းမဲ့သည့်မျက်နှာထားကား ပြောင်းလဲမသွား ပါ။ သို့သော် သူမ၏မျက်လုံးများက တုန်ယင်လှိုက်လှဲစွာဝမ်းသာနေ ကြောင်း ဖော်ပြလျက်ရှိနေပေသည်။

သူတို့သည် သိုင်းလောက၏အလျှို့ဝှက်ဆုံးလျှို့ဝှက်ချက်ကို ဖော်ထုတ်ကြတော့မည်ဖြစ်ပေသည်။

၀၀၀၀

လူဝကြီးသည် မျှော်လင့်ချက်အပြည့်ဖြင့် ရတနာကုန်သည် ကြီးဝိရှောင်ထံသို့ရောက်ရှိလာ၏။

ဝိရှောင်ကခရီးဦးကြိုပြုသည်။

"ဘယ်လိုလဲ... ခင်ဗျားပျောက်ချက်သား ကောင်းနေတာ ကြာပြီ... အပေါင်ဆိုင်လုပ်ငန်းကအဆင်မပြေဘူးလား"

လူဝကြီးက....

"အပေါင်ဆိုင်လုပ်ငန်းကအဆင်ပြေပါတယ်၊ ကျုပ် တခြား လုပ်ငန်းတွေတိုးချဲ့နေတာနဲ့ မအားမလပ်နိုင်အောင် ဖြစ်နေလို့ပါဗျာ"

ဝိရှောင်ကသူ့အားတစ်ချက်အကဲခတ်ရင်း....

"ဒါနဲ့ အခုလာခဲ့တာက...."

လူဝကြီးကလည်းမဆိုင်းမတွပင်....

"ခါတိုင်းလိုပဲ အပေါင်ဆုံးတဲ့ရတနာပစ္စည်းတွေကို လာ တာပါ"



ဝိရှောင်ပြုံးလိုက်သည်။

"အင်း... ခင်ဗျားဆီကရတနာပစ္စည်းဆိုရင် ကျုပ်ကလဲစိတ် ဝင်စားပြီးသားပါ... ကဲ... ကဲ... ဘယ်လိုပစ္စည်းတွေပါသလဲဆိုတာပြ စမ်းပါဦး"

လူဝကြီးက....

"ပစ္စည်းကတော့သိပ်မများပါဘူး... ငါးမျိုးလောက်ပဲရှိပါ တယ်၊ တခြားလုပ်ငန်းတွေမှာ အရင်းအနှီးထပ်ထည့်ချင်လို့သာထုတ် ရောင်းရတာပါ၊ ပစ္စည်းကောင်းလေးတွေမို့ ထုတ်ရောင်းရမှာ နှမြော သားဗျ"

ဝိရှောင်ကအသာအယာပြုံးကာ.....

"အပေါင်ဆုံးပစ္စည်းတွေပဲဗျာ... သံယောဇဉ်ထားမနေ စမ်းပါနဲ့၊ နောက်လဲရနိုင်သေးတာပဲမဟုတ်လား"

ဟုဖျောင်းဖျောင်းဖျဖျလေသံဖြင့်ပြောလိုက်သည်။

လူဝကြီးက....

"အင်း... ဟုတ်ပါတယ်လေ၊ လုပ်ငန်းတိုးချဲ့ဖို့အရင်းအနှီးက ပိုအရေးကြီးတာပဲ"

ဝိရှောင်ကလက်ဖြန့်ကာ....

"ကဲ... ပြစမ်းပါဦး"

ဟုပြောလိုက်၏။

"ဟောဒီမှာ"

လူဝကြီးက အင်္ကျီအိတ်ထဲ၌သေချာစွာသိမ်းဆည်းထားသည့်ကတ္တီပါအိတ်ကလေးကိုထုတ်ယူလိုက်၏။ ပြီးနောက် အိတ်ထဲမှ ရတနာပစ္စည်းငါးမျိုးကိုထုတ်ပြလိုက်သည်။

လူဝကြီးက သေချာစွာစစ်ဆေးကြည့်ရှုလိုက်၏။

ရတနာပစ္စည်းများကား တန်ဖိုးမသေးပါ။

အကောင်းဆုံးအရည်အသွေးမီ ပစ္စည်းများဖြစ်ကြောင်းသိလိုက်၏။

သို့သော်.... ထိုပစ္စည်းများကို လူဝကြီးကကာလတန်ဖိုးထက်လျှော့၍ ဈေးနှိမ်ရယူထားခြင်းဖြစ်ကြောင်းကိုလည်း သဘောပေါက်ထားလေသည်။

ထို့ကြောင့် သူကလည်း လူဝကြီးလာရောက်ရောင်းချသည့်ပစ္စည်းများကို အမြဲတမ်းလိုလိုဈေးနှိမ်ပြီးဝယ်နေကျမဟုတ်ပါလား။

ဝိရှောင်သည် လူဝကြီး၏ရတနာပစ္စည်းများကိုသေချာစွာစစ်ဆေးကြည့်ရှုပြီးနောက်....



"ပစ္စည်းတွေကတော့မဆိုးပါဘူး၊ ဒါနဲ့ ခင်ဗျားက ဘယ်ဈေးနဲ့ရောင်းမှာလဲ"

ဟုမေးလိုက်၏။

လူဝကြီးက ရေးကြီးခွင်ကျယ်မဟုတ်ဟန်ဖြင့်....

"ဖောက်သည်တွေပဲဗျာ... ခင်ဗျားပဲဈေးဖြတ်ပါ"

ဟု ခပ်ပေါ့ပေါ့ပြန်ပြောလိုက်၏။

ဝိရှောင်က ရယ်မောကာ...

"ကျုပ်ဈေးဖြတ်လိုက်ရင် ခင်ဗျားက နည်းတယ် များတယ် ပြောနေဦးမယ်"

"ဟာ... ခင်ဗျားက ကျုပ်ထက်ပိုပြီး ရတနာအကြောင်းကို နားလည်တဲ့လူပါ၊ ခင်ဗျားပေးတဲ့ဈေး ကျုပ်မငြင်းရဲပါဘူး"

ဝိရှောင်ကျေနပ်သွားသည်။

ဆတ်ခနဲခေါင်းညိတ်လိုက်ပြီး....

"ကောင်းပြီ... ဒါဆို ကျုပ်ပဲဈေးဖြတ်လိုက်မယ်၊ ဒီပစ္စည်းတွေအားလုံးကို ကျုပ် ငွေတစ်သိန်းပေးမယ်"

"တစ်သိန်း....."

"ဟုတ်တယ်"

လူဝကြီးက....

"ဟာ... မနည်းဘူးလားဗျာ၊ ကျုပ်က ဒီပစ္စည်းတွေအတွက် ငွေရှစ်သောင်းကျော်ရင်းထားရတာဗျ"

ဝိရှောင်က....

"ဒါဖြင့် ခင်ဗျားဘယ်လောက်လိုချင်သလဲ"

လူဝကြီးက....

"တစ်သိန်းခွဲတော့ပေးဗျာ"

အမှန်တော့... ထိုပစ္စည်းများအတွက် လူဝကြီး၏အမှန်တကယ်ကုန်ကျငွေများမှာ သုံးသောင်းခန့်သာရှိသည်။ ဈေးပိုရအောင် တမင်ပိုပိုသာသာပြောလိုက်ခြင်းဖြစ်သည်။

ဝိရှောင်ကခေါင်းခါလိုက်၏။

"တစ်သိန်းခွဲတော့မရဘူး... တစ်သိန်းနှစ်သောင်းပေးမယ် ဒါ နောက်ဆုံးဈေးပဲ"

လူဝကြီးက....

"ဒီထက်နည်းနည်းလောက် မပိုနိုင်ဘူးလား"

မျှော့သွေးစမ်းသလိုပြောလိုက်သည်။

ဝိရှောင်ကလည်း ခပ်ပြတ်ပြတ်ပြောသည်။



"နောက်ဆုံးဈေးလို့ ကျုပ်ပြောပြီးပြီလေ"

လူဝကြီးသည် ထို့ထက်ပို၍ မရနိုင်တော့မှန်း နားလည်ထားပုံရသည်။

ထို့ကြောင့် လေသံလျှော့ကာ....

"ကဲ... ကဲ... ထားလိုက်ပါတော့ဗျာ"

ဝိရှောင်သည် တစ်သိန်းနှစ်သောင်းကိုရေတွက်၍ပေး၏။

လူဝကြီးကဝမ်းသာအားရယူလိုက်၏။

ငွေစေ့မစေ့ ကျွမ်းကျင်စွာတွက်ချက်ကြည့်၏။

ထိုစဉ် ဝိရှောင်သည် လူဝကြီး၏လက်တွင် စွပ်ထားသည့် မြွေပါအသွင်ထုလုပ်ထားသည့်လက်စွပ်ကို သတိပြုမိသွား၏။

ထိုလက်စွပ်သည် အဖိုးတန်လက်စွပ်တစ်ကွက်ဖြစ်ကြောင်း ချက်ချင်းသတိပြုမိလိုက်၏။

ထို့ကြောင့်....

"ခင်ဗျားရဲ့လက်စွပ်က တယ်ကောင်းပါလား... မရောင်းဘူးလား"

ဟုမေးလိုက်၏။

လူဝကြီးကရယ်မောရင်း....

"ဒါ ကျုပ်မိတ်ဆွေတစ်ယောက်ရဲ့ လက်စွပ်ပါဗျာ... ရောင်းလို့ မဖြစ်ပါဘူး"

ဝိရှောင်က....

"ခင်ဗျားရောင်းမယ်ဆိုရင် ကျုပ်ကဈေးကောင်းပေးမှာပါ"

လူဝကြီးက....

"ခင်ဗျားဘယ်လောက်ပေးမှာမို့လဲ"

"ပြစမ်းပါဦး"

လူဝကြီးကလက်စွပ်ကိုချွတ်ပြ၏။

ဝိရှောင်ကလက်စွပ်ကိုသေချာစစ်ဆေးကြည့်ပြီး....

"ငါးသောင်းပေးမယ်"

ဟုပြော၏။

လူဝကြီးအံ့သြသွား၏။

အကြောင်းမှာ.... သူသည် ထိုလက်စွပ်ကို လီဝမ်ရိထံမှငွေတစ်သောင်းဖြင့်ယူထားခြင်းကြောင့်ဖြစ်သည်။

ယခု ငါးသောင်းပေးနေသည်။

ထို့ကြောင့်....

"တစ်သိန်းပေးလဲ မရောင်းနိုင်ပါဘူးဗျာ"



ဟုပြော၏။

ဝိရှောင်ကတည်ကြည်သောမျက်နှာထားဖြင့်....

"နှစ်သိန်းပေးမယ်ဆိုရင်ကော"

"ဟင်...."

လူဝကြီးမှာ အံ့အားတသင့်ဖြင့် ပါးစပ်အဟောင်းသားဖြစ်သွားရလေတော့၏။ ဝိရှောင်ကထပ်ပြောလိုက်သည်။

"ခင်ဗျားရောင်းမယ်ဆိုရင်နှစ်သိန်းပေးမယ်... တခြားမှာသွားရောင်းကြည့်ပါ၊ အဲဒီလက်စွပ်ကို ဘယ်သူကမှတစ်သောင်းထက်ပိုပေးမှာမဟုတ်ဘူး"

မှန်သည်။

ထိုလက်စွပ်သည် တစ်သောင်းထက်ပို၍တန်မည်မဟုတ်ကြောင်း လူဝကြီးနားလည်ထားသည်။ ထိုလက်စွပ်သည် မြွေပါရုပ်ထုလုပ်ထားခြင်းကြောင့်သာ ထူးခြားမှုရှိနေခြင်းဖြစ်၏။

ထို့ထက်ပို၍ ဘာမျှပြောပလောက်အောင် တန်ဖိုးရှိသည်မဟုတ်ချေ။

ထို့ကြောင့် လူဝကြီးက....

"ခင်ဗျားတကယ်ပေးမှာလား"

ဟုသေချာအောင်ထပ်မေးလိုက်သည်။

ဝိရောင်ကလည်းခေါင်းညိတ်ပြကာ....

"တကယ်ပေါ့"

ဟုပြောလိုက်လေသည်။

လူဝကြီးကြိတ်၍ဝမ်းသာသွားသည်။

"ကောင်းပြီလေ... ကိုယ့်အချင်းချင်းတွေဆိုတော့ ကျုပ်က မရောင်းချင်ပေမယ့် ရောင်းရတော့မှာပေါ့ဗျာ"

ဝိရောင်က မဆိုင်းမတွပင် မြေပုံလက်စွပ်အတွက် နောက်ထပ်နှစ်သိန်းထုတ်ပေးလိုက်၏။

လူဝကြီးသည် လက်စွပ်ပိုင်ရှင်ဖြစ်သည့်လိဝမ်ရှိကိုဂရုမစိုက်နိုင်တော့ပါ။ ငွေထုပ်ပိုက်ကာ ဝိရောင်၏အိမ်မှပြန်လည်ထွက်ခွာခဲ့လေတော့၏။

oooo



လိန်ကျိသည် အသက်သုံးဆယ်ခန့်ရှိပြီးချောမောလှပသည့် အမျိုးသမီးတစ်ဦးဖြစ်သည်။ သူမသည် ရတနာကုန်သည်ကြီးဝိရောင်၏ဆယ့်သုံးဦးမြောက်ဇနီးလည်းဖြစ်၏။

ဝိရောင်၏ဇနီးများအနက်... အသက်အငယ်ဆုံးဖြစ်သလို ဝိရောင်၏အချစ်ဆုံးဇနီးလည်းဖြစ်ပေသည်။

အခြားသော ဇနီးသည်များထက်ပို၍ ဝိရောင်၏အလိုလိုက်ခြင်းခံရသူလည်းဖြစ်၏။

ယခု လိန်ကျိသည် အလွန်အကျွံအလှပြင်ထားသည်။

သူမသည် ကနွဲ့ကလျဖြင့် ဝိရောင်အနီးသို့ရောက်လာပြီး....

"အစ်ကိုကြီး... ဒီကနေ့ ရတနာပစ္စည်းတွေဝယ်ထားလိုက်တယ်ဆို"

ဟုခပ်ချွဲချွဲလေသံဖြင့်မေးလာ၏။

ဝိရောင်က....

"ဟုတ်တယ်... အားလုံး ခြောက်မျိုးပဲ၊ ဈေးအချောင်ရလို့ ဝယ်ထားလိုက်တာ၊ ပြန်ရောင်းရင် အမြတ်နှစ်ဆလောက်ရနိုင်တယ် ဒါပေမယ့် မင်းလိုချင်တယ်ဆိုရင် ငါးမျိုးယူထားလိုက်လေ"

လိန်ကျိကမျက်မှောင်ကုပ်ကာ....

"ငါးမျိုးဟုတ်လား...."

"ဟုတ်တယ်"

"ဒါနဲ့ အစ်ကိုကြီးဝယ်ထားလိုက်တာခြောက်မျိုးဆို"

"ဟုတ်တယ်လေ"

လိန်ကျိနှုတ်ခမ်းစူလိုက်ပြီး....

"ဒါဖြင့် ကျန်တဲ့တစ်မျိုးကိုဘာကြောင့်မပေးချင်ရတာလဲ"

ဝီရှောင်က....

"မပေးချင်လို့မဟုတ်ဘူးကွယ်... သူများမှာထားတဲ့ပစ္စည်း ဖြစ်နေလို့ပါ"

"ရှင်... သူများမှာထားတာဟုတ်လား"

"ဟုတ်တယ်"

"ဒါဖြင့် ဒီပစ္စည်းဟာအတော့်ကိုတန်ဖိုးရှိမှာပေါ့"

ဝီရှောင်ခေါင်းခါလိုက်၏။



"ဟင့်အင်း.. တကယ်တမ်းပြောရရင် ဒီပစ္စည်းရဲ့တန်ဖိုးဟာ တစ်သောင်းလောက်ပဲတန်တာပါ"

လိန်ကျိကအံ့ဩသွားဟန်ဖြင့်....

"တစ်သောင်းပဲတန်တယ်ဟုတ်လား"

"ဟုတ်တယ်"

လိန်ကျိသည် အထင်သေးသည့်သဘောဖြင့် နှာခေါင်း တစ်ချက်ရှုံ့လိုက်ပြီး...

"တစ်သောင်းတန်လက်စွပ်ကို ဘာလုပ်ရမှာလဲ"

ဝီရှောင်၏မျက်လုံးထဲ၌ လိန်ကျိဘာလုပ်လုပ်ကောင်းသည် ဟုချည်းထင်သူဖြစ်သည်။

ဘာလုပ်လုပ်လှသည်ထင်၏။

သူကရယ်မောလိုက်ပြီး....

"တစ်သောင်းတန်လက်စွပ်ဆိုလို့ အထင်မသေးနဲ့... ကျုပ် ကနှစ်သိန်းပေးပြီးဝယ်လိုက်ရတာ"

ထိုစကားကြောင့်... လိန်ကျိသည် မျက်လုံးကလေးဝိုင်းသွား လေသည်။

သူမသည် တအံ့တဩဖြင့် ဝီရှောင်ကိုကြည့်ကာ....

“ဟင်… တစ်သောင်းတန်လက်စွပ်ကို နှစ်သိန်းပေးပြီးဝယ်
လိုက်တယ်ဟုတ်လား… အစ်ကိုကြီးရူးနေပြီလား”

ဝိရောင်က သဘောကျသွားဟန်ဖြင့် ရယ်မောလိုက်လေ
သည်။

“ဟား… ဟား… ဟား… ကျုပ်မရူးပါဘူး၊ ဒီလက်စွပ်က
မှာထားတဲ့လူရှိတယ်လေ၊ ကျုပ်ကကံကောင်းလို့ရလိုက်တာ၊
လက်စွပ်ကိုတွေ့တော့ ကျုပ်ကအငမ်းမရလိုချင်နေတဲ့အသွင်မျိုး
ဖြစ်အောင် မနည်းကိုဟန်ဆောင်ထားရတာ၊ ကျုပ်လိုချင်နေမှန်းသ
သိသွားရင် ဒီထက်ဈေးပိုပေးလိုက်ရမှာ”

လိန်ကျိကမျက်မှောင်ကုပ်ကာ….

“နေပါဦး… ဘယ်သူကအငမ်းမရလိုချင်နေတာလဲ၊ သူ
ကော ဈေးကောင်းပေးမှာမို့လား”

“ဟာ သေချာပေါက်ပေးမှာပေါ့”

ဝိရောင်ကဆက်၍ရှင်းပြလိုက်သည်။

“လွန်ခဲ့တဲ့ဆယ်နှစ်လောက်ကတည်းက လူထူးလူဆန်းတ
ယောက်ဟာ ရတနာကုန်သည်တွေနဲ့လိုက်တွေ့ပြီးလက်စွပ်တစ်ကွ
လိုချင်တဲ့အကြောင်း… အဲဒီလက်စွပ်သာရမယ်ဆိုရင် ငွေကိုတော



သလောက်ပေးမယ်ဆိုတဲ့အကြောင်း ပြောပြမှာကြားခဲ့တယ်လေ”

“သူလိုချင်တဲ့လက်စွပ်က….”

“သူလိုချင်တဲ့လက်စွပ်က တခြားဟာတော့မဟုတ်ဘူး၊ အ
ခု ကျုပ်ရထားတဲ့မြွေပါလက်စွပ်ပဲပေါ့”

“မြွေပါလက်စွပ်”

ဝိရောင်ခေါင်းညိတ်လိုက်သည်။

“ဟုတ်တယ်… လူထူးလူဆန်းက မြကျောက်နဲ့ထုလုပ်ထား
တဲ့မြွေပါလက်စွပ်ကိုလိုချင်တာပဲ၊ ခက်တာက တိုင်းပြည်နဲ့အဝှမ်းမှာ
ရှိကြတဲ့ ဘယ်ရတနာကုန်သည်မှ သူမှာထားတဲ့မြကျောက်မြွေပါ
လက်စွပ်ကိုရှာလို့မတွေ့ခဲ့ကြဘူး”

လိန်ကျိက….

“ခုတော့ အစ်ကိုကြီးရထားပြီပေါ့”

ဝိရောင်ခေါင်းညိတ်လိုက်သည်။

“ဟုတ်တယ်”

လိန်ကျိက….

“အစ်ကိုကြီးရထားတဲ့လက်စွက်ဟာ လူထူးလူဆန်းကြီး မှာ
တဲ့လက်စွပ်ဆိုတာကောသေချာရဲ့လား”

ဝိရှောင်ကပြုံးပြကာ....

"သေချာပါတယ်... ကျုပ်ဟာ ရတနာကုန်သည်တစ်ဦး၊
လူထူးလူဆန်းကြီးပြောပြထားတဲ့အချက်အလက်တွေနဲ့ ကိုက်ညီ
တာတွေ့လို့ဝယ်ထားလိုက်တာပါ"

လိန်ကျိက....

"ဒါဖြင့် ဒီလက်စွပ်ကိုပြန်ရောင်းရင်အမြတ်ရမှာပေါ့"

ဝိရှောင်ကရယ်မောလိုက်ပြန်သည်။

"ကျုပ်ကရှုံးမယ့်အလုပ်ကို ဘယ်တုန်းကလုပ်ဖူးလို့လဲ"

လိန်ကျိသည် တစ်ချက်တွေးလိုက်ပြီး....

"ရောင်းရင်ဘယ်လောက်ရမလဲ"

ဟုမေးလိုက်၏။

ဝိရှောင်ကတစ်ချက်စဉ်းစားလိုက်ပြီး....

"ကျုပ်က အနည်းဆုံး ဆယ်သိန်းလောက်တောင်းမယ်
စိတ်ကူးမိတယ်"

"ဆယ်သိန်း...."

"ဟုတ်တယ်"

လိန်ကျိမျက်လုံးပြူးသွားသည်။



ဝိရှောင်က....

"ဒီလက်စွပ်ကိုရောင်းဖို့ကျုပ်ခရီးထွက်ရဦးမယ်... ခရီးထွက်
ရာကပြန်လာမှ မင်းအတွက်လိုတာဝယ်ပေးမယ်"

ထိုစကားကြားသည့်အခါ... လိန်ကျိသည် ဝမ်းသာသွားပြီး
ဝိရှောင်ကိုသိုင်းဖက်ထားလိုက်လေတော့၏။

၀၀၀၀

ကုမင်းမြို့....

ဝိရှောင်သည် တောမြို့လေးတစ်မြို့ဖြစ်သောကုမင်းမြို့သို့ ရောက်ရှိလာပြီဖြစ်သည်။

ကုမင်းမြို့သို့ရောက်သည့်အခါ ရတနာကုန်သည်များအား လိုက်လံဆက်သွယ်ခဲ့သောလူထူးဆန်းကိုရှာဖွေလိုက်လေသည်။

လူထူးဆန်းက မြကျောက်မြေပါလက်စွပ်ကိုရလျှင် ကုမင်း မြို့ရှိ ကျောက်စိမ်းရတနာဆိုင်သို့ဆက်သွယ်ရန် မှာကြားခဲ့သည် ဟုတ်ပါလား။

ထိုလူထူးဆန်းသည် လွန်ခဲ့သောဆယ်နှစ်ခန့်မှစ၍ တစ်နှ တစ်ကြိမ်ထွက်ပေါ်လာကာ ရတနာကုန်သည်များနှင့်လာရော တွေ့ဆုံတတ်သည်။

သူရောက်လာသည့်အခါတိုင်းပင် မြကျောက်လက်စွပ်အ ကြောင်းစုံစမ်းတတ်လေသည်။



လက်စွပ်ရဖို့သာအရေးကြီးကြောင်း ဈေးကိုမမှုဟုဆို၏။

အကယ်၍ လက်စွပ်ကိုရအောင်ရှာဖွေပေးမည်ဟု တာဝန်ယူမည်ဆိုပါက ငွေငါးသိန်းကြိုတင်စရံပေးထားမည်ဟု ပြောခဲ့လေသည်။

ထိုလူထူးဆန်းသည် မြကျောက်မြေပါလက်စွပ်ကို အငမ်းမရလိုချင်နေမှန်းသိသဖြင့် ရတနာကုန်သည်တိုင်းကသဲကြီးမဲကြီးရှာဖွေကြလေသည်။

ထိုလက်စွပ်သာရလျှင် မိမိတို့စိတ်ကြိုက်ဈေးဖြင့်ရောင်းချနိုင်မည်ဖြစ်ကြောင်း ကောင်းစွာနားလည်ထားကြသောကြောင့်ဖြစ်သည်။ ယခုထိုလက်စွပ်ကို ဝိရှောင်က မမျှော်လင့်ဘဲရလိုက်ခြင်းဖြစ်ရာ လွန်စွာကံကောင်းလှသည်ဟု သူ့ကိုယ်သူထင်မှတ်ယုံကြည်မိလေသည်။ ဝိရှောင်သည် ကုမင်းမြို့ရှိလူထူးဆန်းအားဆက်သွယ်နိုင်မည့်နေရာသို့ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာပြီဖြစ်သည်။

လူထူးဆန်းရှိနေသောနေရာမှာ ဟောင်းနွမ်းအိုမင်းနေပြီဖြစ်သော ရှေးဟောင်းပစ္စည်းရောင်းဝယ်ရေးဆိုင်လေးဖြစ်လေသည်။ ထိုဆိုင်လေး၏အသွင်အပြင်ကိုမြင်လိုက်ရသည်နှင့် ဝိရှောင်မှာအကြီးစိတ်ပျက်သွားရတော့၏။

ကိုယ့်ကိုယ်ကိုကံကောင်းလှသည်ဟု ထင်မှတ်နေသည်ကိုလည်းသံသယဝင်လာမိသည်။ ယခုအခါ ကံကောင်းသည်လား၊ ကံဆိုးသည်လားဆိုသည်ကို သူဝေခွဲနိုင်ခြင်းမရှိတော့ပါ။

အိမ်မှထွက်လာစဉ်ကလောက် တက်ကြွမှုမရှိတော့သည်ကအမှန်ပင်။

"ဒုက္ခပဲ... ပြောတဲ့အတိုင်းမဟုတ်ရင်တော့ ငွေနှစ်သိန်း အချောင်ဆုံးရတော့မယ့်ကိန်းပါလား"

ဝိရှောင် စိတ်ထဲမှကြိတ်၍ညည်းတွားလိုက်မိသည်။

သူသည် စိတ်လေးလေးနှင့်ပင် ရှေးဟောင်းပစ္စည်းရောင်းသည့်ဆိုင်ထဲသို့လှမ်းဝင်လိုက်၏။ ထိုအခါ လူထူးဆန်းကို ဆိုက်ဆိုက်မြိုက်မြိုက်ပင်တွေ့ရလေ၏။

မြကျောက်မြေပါလက်စွပ်ကိုရှာဖွေခိုင်းခြင်းကြောင့် ရတနာကုန်သည်လောကတွင် လူထူးဆန်းဟုသတ်မှတ်ထားကြသော်လည်း အမှန်တော့ ထိုလူမှာ လူထူးဆန်းတစ်ယောက်မဟုတ်ပါ။

သာမန်အဘိုးအိုတစ်ယောက်မျှသာဖြစ်ပါသည်။

အဘိုးအိုက ဝိရှောင်အားခရီးဦးကြိုပြုလိုက်သည်။

ဝိရှောင်ကလာရင်းကိစ္စကိုတဲ့တိုးပင်ပြောလိုက်၏။



"ကျုပ်က မြကျောက်လက်စွပ်ကြောင့်လာခဲ့တာပါ"

"ဟာ...."

ဝိရှောင်၏စကားကြောင့် အဘိုးအိုမှာပျာပျာသလဲဖြစ်သွားလေသည်။

"လက်စွပ်ကိုရှာလို့တွေ့ပြီလား ပြစမ်းပါဦး"

ဣန္ဒြေပင်မဆည်နိုင်ဘဲ အလောတကြီးမေးလေသည်။

ဝိရှောင်က....

"ဟောဒီမှာပါ... ခင်ဗျားလိုချင်တဲ့ပစ္စည်း ဟုတ်မဟုတ် စစ်ဆေးကြည့်ပါဦး"

အဘိုးအိုသည် ဝိရှောင်လှမ်းပေးသည့်လက်စွပ်ကိုယူကာ စစ်ဆေးကြည့်လိုက်လေသည်။ သူ၏မျက်နှာချက်ချင်းပြုံးရွှင်သွား၏။

နှုတ်မှလည်း....

"ဟုတ်တယ်... ဒီလက်စွပ်ပဲ"

စိတ်လှုပ်ရှားသံနှင့်ပြောလိုက်လေသည်။

ဝိရှောင်က....

"ခင်ဗျားလိုချင်တဲ့လက်စွပ်ကိုရအောင် ကျုပ်ကရှာဖွေပေးခဲ့တယ်ဆိုတော့"

"စိတ်ချ... မင်းကိုထိုက်ထိုက်တန်တန်ချီးမြှင့်မှာပါ"

ဝိရှောင်က....

"ကျုပ်က အနည်းဆုံးငွေဆယ်သိန်းလိုချင်တယ်"

အဘိုးအိုက....

"ရမယ်... ဒါပေမယ့် ငွေသားယူသွားရင် အများကြီးသယ်နေရမယ်၊ ကျောက်မျက်ရတနာတစ်ခုခုယူသွားပါလား"

ဝိရှောင်ကျေနပ်သွားသည်။

ကျောက်မျက်ရတနာကိုလက်ခံယူပြီး ပြန်ရောင်းချခြင်းဖြင့် အမြတ်ငွေရနိုင်မည်မဟုတ်ပါလား။

"ကောင်းသားပဲဗျ"

ယင်းသို့ဖြင့် ဝိရှောင်သည် အဘိုးအိုပေးသည့်ကျောက်မျက်ရတနာများကိုစိစစ်လက်ခံယူလိုက်လေသည်။

အဘိုးအိုက....

"ကဲ... ဒီမြကျောက်မြွေပါလက်စွပ်ကို ဘယ်ကဘယ်လိုလာခဲ့တယ်ဆိုတာလဲပြောပြပါဦး"

ဟုမေးလိုက်၏။ ဝိရှောင်က မည်သို့မည်ပုံရလာခဲ့ကြောင်းပြောပြလိုက်သည်။



လှုဝကြီးထံတွင်တွေ့ရှိရသဖြင့် မရမကဝယ်ယူခဲ့ရကြောင်းရှင်းပြလိုက်သည်။ အဘိုးအိုကလှုဝကြီးအကြောင်းမေးသည်။

ဝိရှောင်ကရှင်းပြသည်။

ထို့နောက် အဘိုးအိုဧည့်ခံကျွေးမွေးသည့်နံနက်စာကိုစားသောက်ပြီးနောက် အပြန်ခရီးကိုနှင်လိုက်၏။ အပြန်ခရီးတွင် သူ၏မျက်နှာပြုံးရွှင်နေ၏။

အကယ်၍... မြကျောက်လက်စွပ်ကြောင့် ပြဿနာပေါ်ပေါက်လာမည်ဆိုသည်ကိုသိမည်ဆိုပါက ဝိရှောင်အနေဖြင့် ယခုကဲ့သို့ပြုံးနိုင်လိမ့်မည်မဟုတ်ချေ။

ဝဝဝဝ

နိုင်ဖုံးမြို့....

နိုင်ဖုံးမြို့သည် အလွန်စည်ကားသိုက်မြိုက်သည့်မြို့ကြီးတစ်မြို့ဖြစ်၏။

အနယ်နယ်အရပ်ရပ်မှ ဝင်ထွက်သွားလာသူများပြားလှသဖြင့် လမ်းကြီးလမ်းငယ်အသွယ်သွယ်တွင် စားသောက်ဆိုင်များ တည်းခိုခန်းများစသည်တို့ဖြင့် ပြည့်လျှက်ရှိနေပေသည်။

စားသောက်ဆိုင်များအနက်... ရွှေလမင်းစားသောက်ဆိုင်သည် နိုင်ဖုံးမြို့၏အကျော်ကြားဆုံးစားသောက်ဆိုင်များတွင် တစ်ဆိုင်အပါအဝင်ဖြစ်၏။

ထိုဆိုင်သို့... သူဌေးသူကြွယ်များ ကုန်သည်ပွဲစားများနှင့် ထိပ်တန်းသိုင်းသမားများသာ လာရောက်စားသောက်လေ့ရှိကြပေသည်။

ရွှေလမင်းစားသောက်ဆိုင်မှဟင်းလျာများသည်....



အလွန်ချေးကြီးလှပြီး တော်ရုံတန်ရုံလူများ အနားမကပ်နိုင်အောင်ရှိသောကြောင့်ဖြစ်ပေသည်။

ယနေ့ ရွှေလမင်းစားသောက်ဆိုင်သို့ အစိမ်းရောင်ဝတ်ထားသည့် လူရွယ်တစ်ယောက်နှင့် မိန်းကလေးတစ်ယောက်တို့ရောက်ရှိလာကြလေသည်။

လူရွယ်မှာလိဝမ်ရှိဖြစ်သည်။

မိန်းကလေးမှာ ပိုးဟပ်ဖြူဖြစ်ကြပေသည်။

oooo

လိဝမ်ရှိနှင့်ပိုးဟပ်ဖြူတို့သည် အလွန်တရာစည်ကားလှ
သောခိုင်ဖုံးမြို့ကြီးသို့ရောက်ရှိလာကြပြီဖြစ်သည်။

သူတို့နှစ်ယောက်သည် ကျောက်စိမ်းမင်းသားကိုနာမည်
ဖျက်ရန်ရည်ရွယ်ချက်ဖြင့် ရောက်ရှိလာကြသူများဖြစ်သည်။

နှစ်ယောက်သား ဟိတ်နှင့်ဟန်နှင့်ရောက်လာခြင်းကြော
ဆိုင်လုလင်များက သူတို့နှစ်ယောက်အား ပျာပျာသလဲကြိုဆိုလိုက်
ကြလေသည်။

နေရာထိုင်ခင်းပေး၍ဧည့်ခံကြသည်။

လိဝမ်ရှိက အကောင်းဆုံး ဈေးအကြီးဆုံး စားသောက်ဖွယ်
ရာများ မှာယူစားသောက်လေသည်။

ပိုးဟပ်ဖြူကသူ၏နောက်ကျောဌာရပ်နေ၏။

သူမသည် လိဝမ်ရှိ၏ကိုယ်ရံတော်ပမာရှိနေသည်။

လိဝမ်ရှိကအားရပါးရစားသောက်ရင်း....



"မင်းကော... စားဦးမလား"

ဟု ပိုးဟပ်ဖြူကိုတီးတိုးမေးလိုက်သည်။

ပိုးဟပ်ဖြူကခေါင်းခါပြလိုက်၏။

သူမသည် လိဝမ်ရှိစားသောက်နေသည်ကိုကြည့်၍....

"သိပ်လဲ မစားနဲ့ဦး... နောက်တစ်ဆိုင်ပြောင်းပြီး စားရဦး
မယ်မဟုတ်လား"

ဟုသတိပေးလေသည်။

လိဝမ်ရှိကခေါင်းညိတ်ကာ....

"စိတ်ချ"

ပြောရင်း စားလက်စအရှိန်သပ်လိုက်လေသည်။

စားသောက်ပြီးသွားသည့်အခါ... ထိုင်ရာမှထပြီးထွက်ခွာ
သွားရန်ဟန်ပြင်လိုက်သည်။

ထိုအခါ....

"ဆရာလေး... စားသောက်ခကျသင့်ငွေပေးခဲ့ဦးလေ"

ဆိုင်လုလင်များက ကမန်းကတမ်းပင် ကျသင့်ငွေတောင်း
လာကြသည်။

ဤတွင် လိဝမ်ရှိကခါးထောက်လိုက်ပြီး....

ပိုးဟပ်ဖြူသင်ကြားပေးထားသည့်အတိုင်း...

မျက်နှာထားတင်းတင်းဖြင့်....

“ဘာ... ပြောတယ်ကွ၊ ကျသင့်ငွေဟုတ်လား”

ဆိုင်လုလင်ကြောင်အမ်းအမ်းဖြစ်သွားကာ....

“ဟုတ်... ဟုတ်ပါတယ်ခင်ဗျာ”

လိဝမ်ရိကဆိုင်လုလင်ကိုစိုက်ကြည့်လိုက်ပြီး....

“နေပါဦး... ငါ့ဆီကငွေတောင်းရအောင် ငါ့ကိုဘယ်သူမှာ မှတ်နေလို့လဲ... သိုင်းလောကတစ်ခုလုံးက ရှိသေလေးစားကြရ ကျောက်စိမ်းမင်းသားဆိုတာငါပဲ... မင်းမသိဘူးလား”

“ဗျာ....”

“ဟေ့... အူကြောင်ကြောင်လုပ်မနေနဲ့... ငါစိတ်ဆိုးလာ လွယ်မှာမဟုတ်ဘူးနော်”

လိဝမ်ရိကပြောရင်း....

ဟိတ်ဟန်အပြည့်ဖြင့် စားပွဲကိုဒုန်းခနဲမြည်အောင်ထုချလို လေသည်။

ဆိုင်လုလင်များလန့်ဖျန့်သွားကြကုန်၏။

လိဝမ်ရိက....



“ကျုပ်ကိုကြို့ဖို့ပျက်ကွက်ခဲ့တဲ့ မင်းတို့ဆိုင်ရှင်ကိုပြောလိုက်၊ နောက်တစ်ခါဆိုရင် မင်းတို့တစ်ဆိုင်လုံးကိုမီးရှို့ပစ်မယ်လို့”

စကားဆုံးသည်နှင့် သူသည်ပိုးဟပ်ဖြူဘက်လှည့်၍....

“လာ... သွားကြစို့”

ဟုပြောကာထွက်သွားရန်ဟန်ပြင်လိုက်၏။

ထိုအချိန်တွင်.... ဆူဆူညံညံအသံများကြောင့် ဆိုင်ထဲရှိနေသူများကလှမ်းကြည့်လာကြသည်။

ထိုလူများမှာ....

သူဌေးသူကြွယ်များ၊ ကုန်သည်ပွဲစားများဖြစ်ကြ၏။

သိုင်းသမားအချို့လည်းပါရှိကြလေသည်။

ကျောက်စိမ်းမင်းသားဆိုသည့်အမည်ကြောင့်....

အားလုံး စိတ်ဝင်စားသွားကြသည်။

မင်းသားအကြောင်းမသိသူမှာ မကြာသေးမီကမှ အလုပ်ဝင်လာသည့်ဆိုင်လုလင်တစ်ယောက်သာရှိသည်။

ထိုဆိုင်လုလင်သည် ကျောက်စိမ်းမင်းသားဆိုသည် ဆိုင်ရှင်ကိုပို၍ကြောက်ရွံ့သူဖြစ်သည်။

စားသောက်ခမရလျှင်....

ဆိုင်ရှင်က သူ့အားအပြစ်တင်မည်ကိုစိုးရိမ်၏။

ထို့ကြောင့်....

ကျသင့်ငွေကို ဇွတ်အတင်းတောင်းလေသည်။

"ကျောက်စိမ်းမင်းသားမကလို့ ဘယ်သူပဲဖြစ်ဖြစ်ဗျာ... စ
သောက်ပြီးရင်တော့ ပိုက်ဆံပေးရမှာပဲဗျ"

ဆိုင်လုလင်ကပြောလိုက်၏။

ဤတွင်....

"အာ... မင်းသားလေးကိုခံပြောတယ်ပေါ့လေ၊ ဟုတ်လား
သေချင်ပြီထင်တယ်"

ပိုးဟပ်ဖြူကအော်ငေါက်၍ ဆိုင်လုလင်ကိုပါးရိုက်လိုက်၏

"ဖြန်း....."

"အား...."

ဆိုင်လုလင်မှာဒယီးဒယိုင်ဖြင့်နောက်ဆုတ်သွား၏။

"ဟား... ဟား... ဟား"

လိဝမ်ရိကဟားတိုက်ရယ်မောလိုက်၏။

"ကဲ... ဘယ်လိုလဲ၊ ကျောက်စိမ်းမင်းသားအကြောင်းကို
ပြီမဟုတ်လား"



တစ်ဆိုင်လုံးကြားအောင် လိဝမ်ရိက အသံကျယ်ကျယ်ဖြင့် ပြောလိုက်ခြင်းဖြစ်၏။

ဆိုင်ထဲ၌ရှိနေသူများသည် ကျောက်စိမ်းမင်းသားဟူသည့် အမည် ကြောင့် ထိတ်လန့်အံ့သြနေကြ၏။

အချို့ကကျောက်စိမ်းမင်းသားကိုတွေ့လိုက်ရပြီဖြစ်၍ ဂါရဝ ပြုမိတ်ဖွဲ့လိုစိတ်များဖြစ်ပေါ်လာကြသည်။

အချို့ကမူ ကျောက်စိမ်းမင်းသား၏လုပ်ရပ်ကြောင့် မကျေ မနပ်ဖြစ်သွားကြ၏။

မကျေနပ်သူများတွင် ဆိုင်ထဲ၌ရောက်နေကြသည့်သိုင်း သမားများကအဆိုးဆုံးဖြစ်၏။

"တောက်... တော်တော်လူပါးဝတာပဲ"

"ကျောက်စိမ်းမင်းသားရဲ့လုပ်ရပ်က ရိုင်းစိုင်းလွန်းတယ်"

"သူက ဘယ်သူ့ကိုမှအရေးမစိုက်တဲ့သဘောပဲ"

"ခိုင်ဖုံးမြို့မှာ ဒီလိုမတရားလာလုပ်လို့မရဘူးကွ"

တစ်ယောက်တစ်ပေါက် တီးတိုးဝေဖန်ပြောဆိုလာကြလေ သည်။ ထိုစကားသံများကိုကြားရသည့်အခါ လိဝမ်ရိသည် အလွန်ပင် ကျေနပ်သဘောကျသွား၏။

သူတို့၏အကြံအောင်ပြီမဟုတ်ပါလား။

သူတို့ဖြစ်စေချင်သည်မှာ....

သိုင်းလောကသားများက ကျောက်စိမ်းမင်းသားကို
မုန်းတီးသွားစေရန်ဖြစ်သည်။

ယခု... သူတို့ဖြစ်စေချင်သလို သိုင်းလောကသားမျ
ကျောက်စိမ်းမင်းသားကိုရွံမုန်းသွားကြပြီဖြစ်သည်။

လိဝမ်ရိသည် ပိုးဟပ်ဖြူဘက်သို့လှည့်ကာ....

"လာ... သွားစို့"

ဟုပြောပြီးထွက်သွားရန်ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင်....

"ခဏနေပါဦးဗျာ"

လူတစ်ဦး၏ဟန့်တားသံထွက်ပေါ်လာလေသည်။

လိဝမ်ရိက ထိုသူ့အားကြည့်လိုက်ပြီး....

"ဒါကဘာသဘောလဲ"

ဟုမေးလိုက်၏။ ထိုလူက....

"မိတ်ဆွေကကျောက်စိမ်းမင်းသားလား"

လိဝမ်ရိကရင်ကော့ကာ....



"ဟုတ်တယ်... ဘာဖြစ်လို့လဲ၊ ခင်ဗျား ကျုပ်ကို ခုထိဂါရဝ
ပြုသေးဘူးလား"

လိဝမ်ရိကခပ်တည်တည်ဟိန်းဟောက်လိုက်ရာ ထိုလူသည်
မြင်းသွားပြီး....

"ကျုပ်က ဂါရဝပြုဖို့မဟုတ်ဘူးဗျ... ဆုံးမမလို့"

"ဘာ...."

ထိုလူကအံကြိတ်ကာ....

"ဒီလောက်မောက်မာရိုင်းစိုင်းတဲ့ ကျောက်စိမ်းမင်းသားကို
ကျုပ်ကဆုံးမ,မလို့"

"ဩော်...."

လိဝမ်ရိသည် ထိတ်ခနဲဖြစ်သွားသော်လည်း....

မင်သေသေဖြင့် ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

ပြီးနောက် ပိုးဟပ်ဖြူဘက်လှည့်ကာ....

"ကျုပ်ကိုဆုံးမမလို့တဲ့"

လိဝမ်ရိက ပိုးဟပ်ဖြူဘက်လှည့်၍စကားပြောရင်း တစ်
က်တည်းဆိုသလို ထိုလူ့ဘက်သို့ ချာခနဲလှည့်ကာ လက်ပြန်ရိုက်
ိုက်လေ၏။

သူထိုသို့ပြုလုပ်လိမ့်မည်ဟု ထိုလူကော ပိုးဟပ်ဖြူပါလုံးဝ ထင်မှတ်မထားချေ။

ထို့ကြောင့် ထိုလူမှာအငိုက်မိသွားပြီး....

"ဖြောင်း...."

"အား...."

ကျယ်လောင်သည့်အသံများနှင့်အတူ ထိုလူသည် တစ်ချက် မှုသာညည်းပြီး ကြမ်းပြင်ပေါ်ပုံလျက်သားလဲကျသွားတော့၏။

လိဝမ်ရိက ဆိုင်ထဲရှိလူများအားဝေ့ကြည့်လိုက်ပြီး....

"ကဲ... ဘယ်သူက ကျုပ်ကိုအပြစ်ပြောချင်သေးကြသေးသ လဲ"

ဟုကျယ်လောင်စွာပြောလိုက်၏။

ဆိုင်ထဲရှိလူအားလုံးမျက်နှာလွှဲသွားကြ၏။

တစ်ဆိုင်လုံးတိတ်ဆိတ်ငြိမ်သက်သွား၏။

လိဝမ်ရိကကြမ်းပြင်ပေါ်လဲကျနေသူအားငုံ့ကြည့်ပြီး....

"ကျုပ် သိုင်းလောကထဲဆင်းလာခဲ့တာ ငါးရက်မပြည့်သေး ဘူး... ကျုပ်ကိုဝေဖန်တဲ့လူ ငါးဆယ်လောက်ကိုဆုံးမပြီးပြီ၊ ဒီကနေ့ ကျုပ်စိတ်ကောင်းဝင်နေလို့ မင်းကံကောင်းသွားတယ်မှတ်ပါ... ဒါမှ



မဟုတ်ရင် မင်းအသက်ရှင်ဖို့မျှော်လင့်ချက်ရှိမှာမဟုတ်ဘူး"

လိဝမ်ရိသည် ခပ်တည်တည်ဟိန်းဟောက်လိုက်၏။

ပြီးနောက်....

"လာ... သွားစို့"

ပိုးဟပ်ဖြူလက်ကိုဆွဲကာ ဆိုင်ထဲမှထွက်ခွာသွားလေတော့ သည်။

oooo

"ဟား... ဟား... ဟား"

လိဝမ်ရိကဟားတိုက်ရယ်မောလိုက်၏။

လူရှင်းသည့်နေရာသို့ရောက်သည့်အခါမှ....

လိဝမ်ရိက သူပြုမူခဲ့သည့်လုပ်ရပ်ကို သဘောကျဟန်ဖြင့် ရယ်မောလိုက်ခြင်းဖြစ်လေသည်။

ထို့နောက် ပိုးဟပ်ဖြူကိုကြည့်ကာ....

"ဘယ်လိုလဲ... ကျုပ်အမူအရာမပီပြင်ဘူးလား"

ဟုမေးလိုက်၏။

ပိုးဟပ်ဖြူသက်ပြင်းချမိသည်။

"ပီပြင်ပါတယ်ရှင်... ကျောက်စိမ်းမင်းသားဆိုတဲ့နာမည်ကို ကြားတာနဲ့... လူတွေအားလုံးကမုန်းတီးသွားကြတော့မှာ သေချာပါတယ်"

လိဝမ်ရိက....



"မင်းကျေနပ်တယ်မဟုတ်လား"

"ကျွန်မ...."

ပိုးဟပ်ဖြူ၏သွင်ပြင်မှာ သိပ်ပြီးဟက်ဟက်ပက်ပက်ရှိပုံမရချေ။ ထို့ကြောင့် လိဝမ်ရိမျက်မှောင်ကုပ်သွားသည်။

"မင်း ဘယ်လိုဖြစ်နေတာလဲ"

ပိုးဟပ်ဖြူသည် မျက်စိမျက်နှာမကောင်းဖြစ်နေ၏။

နှုတ်မှလည်း....

"ကျွန်မမှားသွားပြီထင်တယ်"

ဟုပြောလိုက်သည်။ သူမ၏စကားကြောင့်....

"ဘာ.... ဘယ်လို"

ပိုးဟပ်ဖြူက....

"ကျောက်စိမ်းမင်းသားကိုသဘောမကျတာနဲ့ ခုလိုလိုက်ပြီး နာမည်ဖျက်နေတာမကောင်းဘူးထင်ပါတယ်"

"ဘာကွ...."

လိဝမ်ရိ အကြီးအကျယ်ဒေါပွသွားလေ၏။

"မင်း... မင်းက ဘယ်လိုသဘောလဲ... ခုတစ်မျိုး တော်ကြာ တစ်မျိုး ကျုပ်ကိုအရူးများထင်နေသလား"

လိဝမ်ရိမကျေမနပ်ပြောလိုက်သည်။

ပိုးဟပ်ဖြူက....

"ရှင့်ကိုဒုက္ခပေးမိသလိုဖြစ်သွားတာကို တောင်းပန်ပါတယ် ရှင်... ခုလိုနာမည်ဖျက်တဲ့လုပ်ရပ်တွေကိုရပ်တန်းကရပ်ဖို့ ကျွန်မ ဆုံးဖြတ်လိုက်ပါပြီ"

လိဝမ်ရိကနှာခေါင်းရှုံ့ကာ....

"ကောင်းတာပေါ့"

ဟုမဲ့ရွဲ့ပြောလိုက်၏။

ပိုးဟပ်ဖြူက....

"ရှင်ကူညီခဲ့တဲ့ကျေးဇူးကို ကျွန်မဘယ်တော့မှမမေ့ဘူးဆိုတာတော့ယုံပါရှင်"

လိဝမ်ရိသက်ပြင်းအသာချလိုက်သည်။

"ကောင်းပါပြီဗျာ... ကောင်းပါပြီ၊ ရှေ့ဆက်ပြီးမဟုတ်တာမလုပ်နိုင်းရင်ပဲ ကျုပ်ကကျေးဇူးတင်လှပါပြီ"

"မဟုတ်တာမလုပ်နိုင်းပါဘူးရှင်... ဒါပေမယ့်...."

"ဘာ... ဒါပေမယ့်ဆိုတော့ နောက်ထပ်ခိုင်းစရာရှိသေးတယ်ဆိုတဲ့သဘောပေါ့ဟုတ်လား"



ပိုးဟပ်ဖြူက....

"ကျွန်မအကူအညီတောင်းတာပါ"

"ဟား... ဟား... ဟား"

လိဝမ်ရိ ရယ်မောလိုက်၏။

ဟန်လုပ်ရယ်မောခြင်းသာဖြစ်ပါသည်။

ပိုးဟပ်ဖြူက....

"ကျောက်စိမ်းမင်းသားဟာ မြောက်ပိုင်းသိုင်းပါရဂူရဲ့ ရုပ်ပျိုဆေးကိုရခဲ့ပုံရှိတယ်၊ ရုပ်ပျိုဆေးကြောင့် အဘိုးအိုတစ်ဦးဖြစ်ပေမယ့် လူငယ်လေးတစ်ယောက်လို နုပျိုနေတယ်၊ ဒီအချက်ကိုဖော်ထုတ်ပြီး အခြေအနေမှန်ကိုရောက်အောင် လုပ်နိုင်ရင် ကျွန်မတို့အကြံအောင်ပြီပေါ့"

လိဝမ်ရိမျက်မှောင်ကုပ်လိုက်သည်။

"ကျောက်စိမ်းမင်းသားသောက်သုံးထားတဲ့ ရုပ်ပျိုဆေးအစွမ်းသတ္တိပျက်ပြယ်သွားအောင် လုပ်မယ်ဆိုပါတော့"

ပိုးဟပ်ဖြူခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ရှင်"

လိဝမ်ရိတစ်ချက်တွေးလိုက်သည်။

ပြီးမှ...

"အင်း... ဒါလဲမဆိုးဘူး"

ဟုပြောလိုက်လေသည်။

ပိုးဟပ်ဖြူကသူ့အားကြည့်ကာ....

"ရှင်ကူညီမယ်မဟုတ်လား"

ဟုမေးလိုက်၏။

လိဝမ်ရိမျက်လုံးပြူးသွားသည်။

"ဘာ... ကျုပ်ကူညီရမယ်ဟုတ်လား"

"ဟုတ်တယ်လေ"

"ဟာ... မင်းကတကယ်ကိုဒုက္ခပေးတာပါလား၊ ဒီလိုအလုပ်မျိုးကိုဘယ်သူလုပ်ဝံ့မှာလဲ၊ ဘယ်သူလုပ်နိုင်မှာလဲ"

"ဒီလောကမှာ ကျွန်မအတွက်တကယ်ကူညီလုပ်ဆောင်ပေးနိုင်သူဟာ ရှင်တစ်ယောက်ပဲရှိပါတယ်ရှင်"

"ဘာ... ကျုပ်ဟုတ်လား"

"ဟုတ်ပါတယ်ရှင်... ရှင်ကလွဲပြီး ဘယ်သူကမှ လုပ်နိုင်မှာမဟုတ်ပါဘူး"

"ဩော်... မင်းကကျုပ်ကိုအားကိုးတယ်ပေါ့ဟုတ်လား"



"ဟုတ်ပါတယ်ရှင်"

"ကောင်းကွာ"

လိဝမ်ရိမျက်နှာကြီးရှုံ့မဲ့သွားသည်။

"ကျွန်မကိုကူညီမယ်မဟုတ်လား"

ပိုးဟပ်ဖြူကမေးလာသည်။ လိဝမ်ရိက....

"ကျုပ်ကလွဲပြီး ကူညီမယ့်လူမရှိဘူးဆိုတော့ ကျုပ်ကမကူညီဘဲနေလို့ဖြစ်ပါတော့မလား"

ပိုးဟပ်ဖြူကျေနပ်သွားသည်။

"ရှင့်ကျေးဇူးကိုမမေ့ပါဘူးရှင်"

"ကျေးဇူးတင်တာအသာထားဦး... ကျောက်စိမ်းမင်းသားအသုံးပြုတဲ့ ရုပ်ပျိုဆေးရဲ့အစွမ်းအာနိသင် ပျက်ပြယ်သွားအောင်ဘယ်လိုလုပ်မယ်ဆိုတာ ပြောပါဦး"

ပိုးဟပ်ဖြူခေါင်းခါလိုက်သည်။

"ဘယ်လိုလုပ်ရမယ်ဆိုတာ ကျွန်မလဲအခုထိ ဘာမတွေးလို့မရသေးဘူးရှင့်"

လိဝမ်ရိစိတ်ပျက်သွားပုံရသည်။

"ဘာလုပ်ရမှန်းမသိတော့... ကျုပ်...."

သူ စကားတစ်ပိုင်းတစ်စဖြင့်ရပ်ထားလိုက်၏။

ပိုးဟပ်ဖြူက....

"ကျောက်စိမ်းမင်းသားဟာ မကြာခင် သိုင်းလောကထဲကို ဆင်းလာပါလိမ့်မယ်၊ ကျွန်မတို့က သူ့အခြေအနေကိုကြည့်ပြီးမှ ဘာလုပ်ရမယ်ဆိုတာစဉ်းစားကြတာပေါ့"

လိဝမ်ရိသည် ပိုးဟပ်ဖြူကိုကြည့်ကာမျက်နှာကြီးရှုံ့မဲ့လိုက်လေသည်။ နှုတ်မှလည်းခပ်ညည်းညည်းပြောလိုက်၏။

"မင်းက ကျုပ်ကိုကျားရဲတွင်းထဲဆင်းခိုင်းမယ့်သူပဲ"

ပိုးဟပ်ဖြူက သူ့ကိုပြုံးဖြီးဖြီးဖြင့်ကြည့်ကာ....

"ရှင် ကျွန်မကိုမကူညီချင်ဘူးလား"

"ကျုပ်ကမကူညီချင်ဘူးပြောလို့လား"

"ဒါဖြင့် ကူညီမယ်ပေါ့"

"ကျုပ်ပြောပြီးပြီမဟုတ်လား... လောကပေါ်မှာ ဘယ်သူမှမလုပ်ရဲတဲ့အလုပ်မျိုးမှကျုပ်ကစိတ်ဝင်စားတာလို့"

ပိုးဟပ်ဖြူကနှုတ်ခမ်းစူကာ....

"ရှင်ဟာတကယ့်လူရွှစာပါပဲ"

ဟုပြောလိုက်လေသည်။



ယခု သူတို့အစီအစဉ်ပြောင်းသွားကြပြီဖြစ်သည်။

ကျောက်စိမ်းမင်းသား သိုင်းလောကထဲဆင်းလာမည့်အချိန်ကိုစောင့်ရတော့မည်။

သူ့ကိုတွေ့ရမှ မည်သို့ဆောင်ရွက်ရမည်ကို စဉ်းစားနိုင်မည်မဟုတ်ပါလား။

ကျောက်စိမ်းမင်းသားသည် ပိုးဟပ်ဖြူတို့မျှော်လင့်ထားသလို သိုင်းလောကသို့အမှန်တကယ်ပင်ဆင်းလာပါမည်လော။

oooo

နေခြစ်ခြစ်တောက်ပူပြင်းနေသည်။

နေမွန်းတည့်ချိန်ကို ကျော်လွန်သွားပြီဖြစ်ရာ စားသော ဆိုင်ထဲ၌လူရှင်းနေသလို လမ်းမပေါ်၌လည်းလူရှင်းနေလေသည်။

ထိလင်းသည် နဖူးပေါ်မှစီးကျလာသောချွေးများကိုသု ပစ်လိုက်၏။ စားသောက်ဆိုင်ထဲ၌လူရှင်းနေပြီဖြစ်၏။

ထိလင်းတစ်ယောက်တည်းသာရှိနေပေသည်။

ထိလင်းသည် အရက်တစ်ခွက်ငှဲ့သောက်လိုက်သည်။

သူသည် ကျန်စွေ့နှင့်ရှမ်ကျောင်းတို့အားစောင့်ဆိုင်းနေ ဖြစ်သည်။ ကျောက်စိမ်းမင်းသားအဖြစ်ဟန်ဆောင်ထား လိဝမ်ရှိသည် သူတို့အားတစ်ပတ်ရိုက်သွားခဲ့သည်။

ထိုအကြောင်းကို သိုင်းလောကသားများသာသိရှိသွား သူတို့သုံးယောက်စလုံး အကြီးအကျယ်အရှက်ကွဲကြရတော့မည် သည်။



သိုင်းလောကသားများအကြား မျက်နှာမဖော်ဝံ့အောင် အရှက်တကွဲဖြစ်ကြရတော့မည်ဖြစ်သည်။

ထို့ကြောင့် သူတို့သည် လိဝမ်ရှိနှင့်ပိုးဟပ်ဖြူတို့အား သုတ်သင်ရှင်းလင်းပစ်ရန်ဆုံးဖြတ်ထားကြလေသည်။

ထိလင်းသည် ကျန်စွေ့၊ ရှမ်ကျောင်းတို့နှင့် တိုင်ပင်ရန် ဤနေရာ၌ချိန်းဆိုထားခြင်းဖြစ်သည်။

ထိလင်းက ကျန်စွေ့တို့အားစောင့်ဆိုင်းနေစဉ်မှာပင်....

"ခွပ်ခွပ်... ခွပ်ခွပ်"

မြင်းခွာသံများ၊ မြင်းလှည်းဘီးလိမ့်သံများ ထွက်ပေါ်လာသည်ကိုကြားလိုက်ရသည်။ ထိလင်းအံ့သြသွား၏။

"ဒီလောက်နေပူကျဲတဲထဲမှာ ဘယ်သူတွေကများ ခရီးသွားနေကြပါလိမ့်"

ထိလင်းစိတ်ထဲမှရေရွတ်ရင်း ပြတင်းပေါက်မှနေ၍ လမ်းမပေါ်သို့လှမ်းကြည့်လိုက်သည်။ ထိုအခါ အစိမ်းရောင်ဝတ်ဆင်ထားသောမြင်းစီးသမားတစ်စုသည် မင်းလမ်းမကြီးအတိုင်း မြင်းလှည်းတစ်စီးကိုခြံရံလျက် ခရီးနှင်လာကြသည်ကိုတွေ့မြင်ရလေသည်။

ထိလင်းမျက်မှောင်ကုပ်သွားသည်။

ထိုလူများ၏ အစိမ်းရောင်အဝတ်အစားများ တောက်ပြောင်သစ်လွင်နေသည်။ သူတို့ကိုင်ဆောင်ထားသည့်ဓားလှံလက်နက်များသည် အရောင်တဖိတ်ဖိတ်ဝင်းလက်တောက်ပြောင်နေသည်။

မြင်းစီးသမားများသည် အသက်နှစ်ဆယ်ကျော်လူငယ်လူရွယ်များချည်း ဖြစ်ကြသည်။

ငယ်ရွယ်နုပျို၍ရုပ်ရည်ချောမောသည်။

ဝင့်ဝင့်ကြွားကြွားရှိသဖြင့် မြင်ရသူတိုင်းအားကျနိုင်လောက်ပေသည်။ မြင်းလှည်းမှာ မြင်းဖြူခြောက်ကောင်ဆွဲသည့်မြင်းလှည်းဖြစ်၏။ လှည်းအိမ်ကို အဖိုးတန်ကျောက်စိမ်းတို့ဖြင့်မွမ်းမံထား၏။ လှည်းပေါ်တွင် ဩဂိုဏ်သဏ္ဌာန်အလံတစ်ခုရှိ၏။ အလံပေါ်တွင်....

"ကျောက်စိမ်းနန်းတော်...."

ဟူသည့်ရွှေရောင်စာလုံးများကို အတိုင်းသားတွေ့မြင်ရ၏။

ထိလင်းမျက်မှောင်ကုပ်သွားသည်။

"ကျောက်စိမ်းနန်းတော်ကလူတွေပါလား"

ထိလင်း၏နှုတ်မှလွှတ်ခနဲရေရွတ်လိုက်မိသည်။

သူသည် ထိုလူစုကို မျက်တောင်မခတ် သေချာစိုက်ကြည့်နေမိတော့၏။



ယခု... သူတွေ့မြင်ရသည့်ကျောက်စိမ်းနန်းတော်မှလူများသည် အစစ်လောအတုလောဆိုသည်ကို ဝေခွဲမရဖြစ်သွားသည်။

အတုဆိုလျှင် အရှက်ခွဲခဲ့သည့်အတွက် မှတ်လောက်သားလောက်အောင်ဆုံးမရမည်ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ အစစ်ဖြစ်နေသည်ဆိုပါက သူမည်သို့ပြုလုပ်ရမည်နည်း။

ထိလင်းစိတ်လှုပ်ရှားလာသည်။

"သူသာ ကျောက်စိမ်းမင်းသားအစစ်ဖြစ်ရင် ကောင်းတာပေါ့... သူ့ကိုငါကအနိုင်ယူလိုက်ရင် ဘယ်သူကဘာပြောနိုင်တော့မှာလဲ"

ထိုသို့တွေးပြီးနောက် ထိလင်းသည် ချက်ချင်းပင် ထိုင်ရာမှထလိုက်လေ၏။ ထို့နောက် ဓားကိုဆွဲထုတ်ကာပြတင်းပေါက်မှတစ်ဆင့်အပြင်ဘက်သို့ခုန်ထွက်လိုက်၏။

သူ၏ခန္ဓာကိုယ်သည် မြားတစ်စင်းပမာ ထိုးထွက်သွားပြီးလမ်းမပေါ်သို့ရောက်ရှိသွားလေသည်။

တစ်ဆက်တည်းမှာပင်... သူသည် ကျောက်စိမ်းနန်းတော်အလံလွှင့်ထူထားသည့်လူအုပ်စုကို ဟန့်တားပြီးသားဖြစ်သွားသည်။

"ဟေး...."

မြင်းလှည်းသမားက မြင်းများကိုအော်ငေါက်၍ရပ်တန့်၏။ ထိလင်းက လမ်းပေါ်တွင် မားမားမတ်မတ်ရပ်ရင်း သူတို့အားဟန့်တားလိုက်သည်မဟုတ်ပါလား။

မြင်းစီးသမားတစ်ယောက်ကမြင်းပေါ်မှခုန်ဆင်းပြီး....

"ဒါကဘာသဘောလဲ"

ဟုမေးလိုက်သည်။ ထိလင်းက....

"မင်းတို့ကျောက်စိမ်းနန်းတော်ကလူတွေမဟုတ်လား"

အစိမ်းရောင်ဝတ်ဆင်ထားသည့်လူရွယ်က....

"ဟုတ်တယ်... ခင်ဗျား ကျောက်စိမ်းနန်းတော်ကလူတွေကို လမ်းပိတ်ထားတာအပြစ်ဖြစ်နေပြီ၊ မင်းသားလေးစိတ်အနှောင့်အယှက်ဖြစ်အောင်လုပ်တာမို့ ခင်ဗျားအတွက် သေဒဏ်အပြစ်ကလွဲပြီး တခြားဘာမှမရှိတော့ဘူး"

ဟုအေးစက်စက်လေသံဖြင့်ပြောလိုက်လေသည်။

"ဟား... ဟား... ဟား"

ထိလင်းကဟားတိုက်ရယ်မောလိုက်ပြီး...

"ကျုပ်ကကျောက်စိမ်းနန်းတော်ကိုဂရုစိုက်ရမှာလား"

လူရွယ်က....



"ခင်ဗျား တော်တော်စော်ကားနေပါလား"

ထိလင်းကနှာခေါင်းရှုံ့ကာ....

"မင်းတို့မင်းသားလေးကိုခေါ်လိုက်စမ်း"

လူရွယ်ကနှုတ်ခမ်းမဲ့လိုက်ပြီး....

"မင်းသားလေးဟာ ခင်ဗျားကိုထွက်တွေ့စရာအကြောင်းမရှိဘူးဗျ"

ထိုစဉ်....

"အမှတ်ငါး...."

လှည်းအိမ်ထဲမှတီးတိုးစကားသံထွက်ပေါ်လာသည်။

ထိလင်းနှင့်ရင်ဆိုင်နေသည့်လူရွယ်သည် လှည်းအိမ်ဘက်လှည့်၍ဦးညွှတ်ဂါရဝပြုသည်။

"အမိန့်ရှိပါမင်းသားလေး"

လှည်းအိမ်ထဲမှစကားသံထွက်ပေါ်လာသည်။

"မင်းအတော်စကားများတာပဲ၊ မင်းမှာအပြစ်ရှိနေပြီ"

အမှတ်ငါးမျက်နှာပျက်သွား၏။

"အပြစ်ကိုခံယူပါ့မယ်မင်းသားလေး"

စကားဆုံးသည်နှင့်....

အမှတ်ငါးသည် ခါးမှဓားကိုဆွဲထုတ်၍ မိမိရင်ဝသို့မိမိ ပြန်လည်ထိုးသွင်းလိုက်လေသည်။

"အွန့်..."

"ဂုန်း..."

ထိုလူရွယ် မြေပေါ်မှခွေခနဲလဲကျသွားလေသည်။

မြင်းလှည်းအိမ်ထဲမှအသံထွက်လာပြန်၏။

"အမှတ်ခြောက်... မင်းဆက်ပြီးတာဝန်ယူပါ"

"အမိန့်အတိုင်းပါမင်းသားလေး"

အမှတ်ခြောက်ဟုအခေါ်ခံရသော မြင်းစီးလူရွယ်သည် မြင်းပေါ်မှလွှားခနဲခုန်ဆင်းလာ၏။ သူသည် ထိလင်းရှေ့သို့ ရုတ်တရက်ရောက်ရှိလာပြီး....

"ခြွမ်း...."

ခါးမှဓားကိုဆွဲထုတ်၍တိုက်ခိုက်လိုက်သည်။

ဝင်းလက်တောက်ပသည့်ဓားရောင်များ ဖြာထွက်လာ၏။ ထိလင်း ရင်ထိတ်သွားသည်။ လူငယ်၏တိုက်ခိုက်မှုသည် ကြောက်မက်ဖွယ်ကောင်းအောင်ပြင်းထန်နေသည်။

ထိလင်း ကပျာကယာနောက်ဆုတ်လိုက်၏။



ယာဘက်လက်ကဓားရှည်ဆွဲထုတ်၍ ဝဲဘက်လက်က ဓားမြှောင်တစ်လက်ဆွဲထုတ်၍ပစ်လိုက်သည်။

"အား...."

လူငယ်ထံမှမသဲမကွဲညည်းသံထွက်ပေါ်လာ၏။ ထိလင်း ပစ်ပေါက်လိုက်သည့်ဓားသည် သူ၏ဓားကိုင်ထားသောလက်မောင်းကိုထိမှန်သွားသည်မဟုတ်ပါလား။

လူငယ်လက်ထဲမှဓားလွတ်ကျသွားပြီး နောက်ဆုတ်ရ၏။

လှည်းအိမ်ထဲမှတီးတိုးစကားသံထွက်ပေါ်လာသည်။

"အမှတ်ခြောက်... မင်းလဲအပြစ်ရှိနေပြီ"

အမှတ်ခြောက်ဆိုသည့်လူငယ်သည် လက်မောင်းတွင်စိုက်ဝင်နေသောဓားမြှောင်ကိုဆွဲထုတ်၍ မိမိကိုယ်ကိုအဆုံးစီရင်လိုက်လေသည်။

"ဟား... ဟား... ဟား"

ထိလင်းကဟားတိုက်ရယ်မောလိုက်ပြီး....

"ဒီလိုသာ တစ်ယောက်ပြီးတစ်ယောက် အပြစ်ပေးခံနေကြရမယ်ဆိုရင်တစ်ယောက်မှကျန်တော့မှာမဟုတ်ဘူး၊ ဒါကြောင့် သတိလဲထားဦး၊ မြင်းလှည်းပေါ်ကဆင်းပြီး ခြေလျင်လျှောက်ရလိမ့်မယ်"

ဟုလှောင်ပြောင်ပြောလိုက်သည်။

ထိုအချိန်တွင် လှည်းအိမ်တံခါးပွင့်သွား၏။

ကျောက်စိမ်းရောင်ဝတ်ဆင်ထားသော လူရွယ်တစ်ဦး လှည်းအိမ်ထဲမှဆင်းလာ၏။ ထိုလူရွယ်သည် မင်းညီမင်းသားလေး ပမာ အလွန်ချောမောခန့်ညားသောလူရွယ်တစ်ယောက်ဖြစ်၏။

ထိုလူရွယ်ကား...

ကျောက်စိမ်းမင်းသားလေးပင် ဖြစ်ပေတော့သည်။

သူသည် ထိလင်းထံသို့လှမ်းလာ၏။

ထိလင်းက သူ့အားစိုက်ကြည့်ကာ....

"မင်းကကျောက်စိမ်းမင်းသားလား"

ဟုမေးလိုက်လေသည်။

လူရွယ်ကဘာမျှမပြောဘဲရှေ့ဆက်လျှောက်လာ၏။

သူ၏မျက်လုံးများက ဝတ်ဆင်ထားသောအဝတ်အစားနှင့် အပြိုင် ကျောက်စိမ်းရောင်တဖိတ်ဖိတ်တောက်ပနေလေသည်။

သေချာကြည့်လိုက်သည့်အခါမှ....

ထိုလူရွယ်သည် အလွန်ရက်စက်ကြမ်းကြုတ်သည့် သားရဲ တိရစ္ဆာန်တစ်ကောင်နှင့်တူနေသည်ဟုခံစားလိုက်ရဦး၏။



ထိလင်း အနည်းငယ်ရှိန်သွားလေသည်။

လူရွယ်ကဘာကိုမျှအရေးထားဟန်မရှိပါ။

ပကတိတည်ငြိမ်အေးစက်စွာဖြင့် လျှောက်မြဲလျှောက်လာ လေသည်။ ထိလင်းက....

"မင်း သေချင်ပြီထင်တယ်"

အော်ဟစ်ငေါက်ငမ်းရင်း ဓားကိုဝှေ့ယမ်းလိုက်၏။

လူရွယ်က ရှောင်တိမ်းခြင်းမပြုပါ။

လက်ကိုသာ တစ်ချက်ဆန့်ထုတ်လိုက်၏။

ယင်းသို့လက်ဆန့်ထုတ်လိုက်သည်နှင့် ထိလင်း၏လက်ထဲ မှဓားသည် လူငယ်၏လက်ထဲသို့ရောက်သွားရှိသွားလေတော့၏။

လူရွယ်သည် ထိလင်း၏ဓားကိုလုယူပြီးသည်နှင့် ထိလင်း၏ ရင်ဝကိုပြန်လည်ထိုးစိုက်ချလိုက်သည်။

ထိလင်းမှာမည်သို့မျှမရှောင်နိုင်ဘဲ....

"အား...."

စူးရှစွာအော်ဟစ်၍မြေပေါ်လဲကျသွားလေသည်။

လူရွယ်သည် ထိလင်းကိုဂရုမစိုက်တော့ဘဲမြင်းလှည်းရှိရာ သို့ပြန်လည်လျှောက်သွားလေသည်။

လှည်းပေါ်တက်၍တံခါးပိတ်လိုက်သည်နှင့် လှည်းသမားကလည်း အလိုက်သိစွာဖြင့်မောင်းနှင်ထွက်ခွာသွားလေသည်။

ခြံရုံလိုက်ပါလာသည့်လူငယ်များလည်း တစ်ပါတည်းလိုက်ပါသွားကြလေသည်။

လမ်းပေါ်တွင်မူ...

ထိလင်းသည် အသက်ပျောက်လျက်ကျန်ရစ်ခဲ့လေသည်။

ခွေးသေတစ်ကောင်ကဲ့သို့ မည်သူကမျှအရေးမစိုက်ချေ။

၀၀၀၀

သိုင်းလောကတွင် သတင်းထူးတစ်ခုထွက်ပေါ်လာသည်။

ထိုသတင်းမှာ သိုင်းလောက၏အလျှို့ဝှက်ဆုံးလူဟု သတ်မှတ်ထားသည့်ကျောက်စိမ်းမင်းသားသည် သိုင်းလောကသို့ဆင်းလာနေပြီဟူသောသတင်းဖြစ်သည်။

ထို့ပြင် ကျောက်စိမ်းမင်းသားသည် ရှိကျန်းမြို့သို့ရောက်ရှိနေပြီဖြစ်ကြောင်း။ ထိုမြို့ရှိ သူဌေးကြီးကျိ၏အိမ်တွင် တည်းခိုလျက်ရှိကြောင်း။ ကျောက်စိမ်းမင်းသားသည် သိုင်းလောကသားများနှင့်တွေ့ဆုံရန်စီစဉ်လျက်ရှိကြောင်းစသည့်သတင်းများသည်...

သိုင်းလောကအတွင်း တောမီးပမာပျံ့လွင့်သွားလေသည်။

၀၀၀၀

ရှိကျန်းမြို့....

ရှိကျန်းမြို့သည် နှစ်ပေါင်းနှစ်ဆယ်ကျော်ကာလအတွင်း အ
စည်ကားဆုံးဖြစ်လာသည်ဟုဆိုနိုင်လေသည်။ သူဌေးကြီးကျိကား
အလုပ်များလျက်ရှိပေသည်။ ကျောက်စိမ်းမင်းသားကို လိုလေသေး
မရှိ ပြုစုစောင့်ရှောက်ခံနေရသည်မဟုတ်ပါလား။

ကျောက်စိမ်းမင်းသားသည် သူဌေးကြီးကျိစီစဉ်ပေးသည့်
သီးသန့်အိမ်လေးတွင်နေထိုင်ပြီး သိုင်းလောကသားများနှင့်တွေ့ဆုံ
ရန်စီစဉ်ခဲ့လေသည်။

oooo



သီးသန့်ခန်း....

သူ၏သီးသန့်အခန်းသို့မည်သူမှဝင်ခွင့်မရပေ။

ပိုင်ရှင်ဖြစ်သည့်သူဌေးကျိသည်ပင် ခွင့်တောင်းပြီးမှဝင်ခွင့်ရလေသည်။ သီးသန့်အခန်းတွင် ကျောက်စိမ်းမင်းသားတစ်ဦးတည်းရှိ၏။ သူသည် ပန်းချီကားတစ်ချပ်ကိုစိတ်ဝင်စားစွာကြည့်နေ၏။

သူဌေးကြီးရောက်လာသည့်အခါ ပန်းချီကားချပ်ကိုချလိုက်ပြီး....

"ကိစ္စရှိသလား"

ဟုမေးလေသည်။

သူဌေးကြီးကအရိုအသေပြု၍....

"မင်းသားလေးကိုသတင်းတစ်ခုပေးချင်လို့ပါ"

"ပြောပါ"

သူဌေးကြီးကျိက....

"မင်းသားလေးခင်ဗျာ… လွန်ခဲ့တဲ့တစ်လလောက်က ကျုပ်တို့ဆီကို ကျောက်စိမ်းမင်းသားအဖြစ်ဟန်ဆောင်ထားတဲ့လူလိမ်လူညာတစ်ယောက်ရောက်လာခဲ့ပါတယ်"

"ဘာ…."

ကျောက်စိမ်းမင်းသား၏အသံ ကျယ်လောင်စွာထွက်ပေါ်လာသည်။

သူဌေးကြီးက….

"သူ့ရဲ့အကြောင်းကိုစုံစမ်းကြည့်လိုက်တော့ သူဟာလိမ်ရိဆိုတဲ့လူဖြစ်တယ်လို့သိရပါတယ်… သူဟာ…."

ကျောက်စိမ်းမင်းသားကကြားဖြတ်ပြောလိုက်၏။

"လိမ်ရိဘယ်မှာလဲ"

"ကျုပ်…."

"ကျောက်စိမ်းမင်းသားအဖြစ်ဟန်ဆောင်တဲ့လူ ရှိခဲ့တာကို ကျုပ်ရောက်ရောက်ချင်းဘာကြောင့်မပြောတာလဲ"

"ဟို… ဟို…"

ကျောက်စိမ်းမင်းသားက….

"အမှတ်တစ်…."



ဟုခေါ်လိုက်လေ၏။

မရှေးမနှောင်းမှာပင် အခန်းတံခါးပွင့်သွားပြီး လူငယ်တစ်ယောက်ဝင်ရောက်လာသည်။ ကျောက်စိမ်းမင်းသားက….

"မကြာခင်က သိုင်းလောကမှာ ကျောက်စိမ်းမင်းသားအဖြစ်ဟန်ဆောင်ခဲ့တဲ့လိမ်ရိဆိုတဲ့လူတစ်ယောက် ပေါ်ပေါက်ခဲ့တယ်၊ သူ့အကြောင်းစုံစမ်းပါ၊ သူ့ကိုငါ့ရှေ့ရောက်အောင်ခေါ်လာခဲ့ပါ"

ဟုအမိန့်ပေးလိုက်၏။

တစ်ဆက်တည်းမှာပင် သူဌေးကြီးကိုညွှန်ပြကာ….

"သူ့ကိုခေါ်သွား… သေသေချာချာမေးပြီးရင် ကျောက်စိမ်းနန်းတော်သိက္ခာကျရမယ့်အဖြစ်နဲ့ပတ်သက်ခဲ့သူအားလုံးကို အပြစ်ပေးလိုက်"

"ကောင်းပါပြီမင်းသားလေး"

အမှတ်တစ်ဆိုသောလူငယ်သည် သူဌေးကြီးအားခပ်ကြမ်းကြမ်းပင်ဆွဲခေါ်သွားလေတော့၏။

oooo

ကျောက်စိမ်းမင်းသားသည် သူဌေးကျိုအိမ်သို့ရောက်လာသောအခါ စီးပွားရေးတစ်ခုတည်းကိုသာကြည့်ပြီး သူဌေးကျိုက လက်ခံခဲ့လေသည်။

သို့သော် ကျောက်စိမ်းမင်းသားသည် သူဌေးကျိုအားဖယ်ရှားပြီး စံအိမ်တစ်ခုလုံးကိုအပိုင်စီးလိုက်သည်။

အမှတ်တစ်သည် သူဌေးကျိုအားခေါ်သွားကာ လီဝမ်ရှိနှင့်ပတ်သက်သောကိစ္စများကိုမေးမြန်းလိုက်၏။

ထို့နောက် လီဝမ်ရှိအား ကျောက်စိမ်းမင်းသားအမှတ်ဖြင့်လက်ခံကြသူများကို အားပေးအားမြှောက်ပြုသူများအဖြစ်သတ်မှတ်ကာအပြစ်ပေးရန်စီစဉ်လိုက်လေသည်။

သူဌေးကျိုကို မြေတိုက်ခန်းတစ်ခုတွင် ဖမ်းဆီးချုပ်နှောင်ထားလိုက်ပြီး အလုပ်သမားများ၊ အခိုင်းအစေများ၊ အစောင့်အကြပ်များကိုမောင်းထုတ်ပစ်လိုက်လေသည်။



ထိုလုပ်ရပ်များကြောင့်ပင်....

ကျောက်စိမ်းမင်းသားနှင့်ပတ်သက်သော အချို့ကိစ္စရပ်များသည် သိုင်းလောက၌ဖြစ်ပေါ်နေသော သတင်းများနှင့်ကိုက်ညီသည်ဟုဆိုနိုင်ပေတော့သည်။

oooo

လိဝမ်ရိသည် သစ်ပင်ကိုကျောမှီကာခြေဆင်းထိုင်နေ၏။ နေခြစ်ခြစ်တောက်ပူလောင်ကာ အပူရှိန်ပြင်းပြနေသဖြင့် အရိပ်အောက်တွင်နေရသည့်တိုင် တစ်ကိုယ်လုံး ချွေးများစိုနေလေသည်။ လိဝမ်ရိသည် ဟိုဟိုသည်သည်ကြည့်လိုက်ပြီး....

"ပိုးဟပ်ဖြူ ခုထိရောက်မလာသေးပါလား"

ဟုရေရွတ်လိုက်၏။

သူတို့သည် ကျောက်စိမ်းမင်းသား ရှိကျန်းမြို့သို့ ရောက်ရှိနေပြီဟူသောသတင်းကိုကြားသိခဲ့ကြရပြီးဖြစ်သည်။

ထို့ကြောင့် ရှိကျန်းမြို့သို့လိုက်လာခဲ့ကြခြင်းဖြစ်သည်။

ရှိကျန်းမြို့အနီးသို့ရောက်သည့်အခါ ပိုးဟပ်ဖြူက လိဝမ်ရိကိုမြို့ပြင်၌နေရစ်စေခဲ့ပြီး သူမကသတင်းစုံစမ်းရန် မြို့ထဲဝင်ရောက်သွားခြင်းဖြစ်သည်။ အချိန်အတော်ကြာသည်အထိ ပိုးဟပ်ဖြူ ပြန်ရောက်မလာသဖြင့် လိဝမ်ရိကညည်းတွားလိုက်မိခြင်းဖြစ်သည်။



သူ ညည်းတွားနေစဉ်မှာပင် ပြေးလွှားလာသည့်လူရိပ် တစ်ရိပ်ကိုတွေ့မြင်လိုက်ရသည်။

လိဝမ်ရိလှမ်းမျှော်ကြည့်နေစဉ်မှာပင် ထိုပြေးလွှားလာသောလူရိပ်သည် သူ့အနီးသို့ရောက်ရှိလာလေသည်။

သူမျှော်လင့်နေသည့်ပိုးဟပ်ဖြူပင်ဖြစ်ပါသည်။

သူမလက်ထဲတွင် စားသောက်ဖွယ်ရာများယူဆောင်လာသည်ကိုတွေ့ရ၏။

"ရှင်ဆာနေမယ်ဆိုတာသိလို့ဝယ်လာတာ"

ပိုးဟပ်ဖြူကပြောရင်း စားသောက်ဖွယ်ရာများကို လိဝမ်ရိထံလှမ်းပေးလိုက်သည်။

"ကျေးဇူးပဲ"

လိဝမ်ရိသည် စားသောက်ဖွယ်ရာများကိုယူကာ အားပါးတရပင်စားသောက်လိုက်၏။ စားသောက်နေရင်းမှပင်....

"ကဲ... ဘာတွေထူးသလဲ... ပြောစမ်းပါဦး"

ဟုမေးလိုက်လေသည်။ ပိုးဟပ်ဖြူက....

"ထူးတာတော့မပြောနဲ့... ကျောက်စိမ်းမင်းသားဟာ သိုင်းလောကကိုခြေချလာတာနဲ့ပြဿနာစလာပြီ"

ထိုစကားကြားသည့်အခါ… လိဝမ်ရိသည် ဆက်လက်စား သောက်နိုင်ခြင်းမရှိတော့ဘဲ….

"ဘယ်လိုပြဿနာစလာတာလဲ… ပြောစမ်းပါဦး"

ဟု စိတ်ဝင်စားစွာလှမ်းမေးလိုက်လေသည်။

ပိုးဟပ်ဖြူက….

"သူ သူ့ဒွေးကျိုရဲ့အိမ်ကိုအပိုင်စီးထားလိုက်ပြီ၊ သူ့ဒွေးကျိုလဲ ပျောက်နေတယ်၊ ရှင်တည်းခိုခဲ့ဖူးတဲ့ ဝမ်ကျက်မြို့ကထိပ်တန်းတည်းခိုခန်းပိုင်ရှင်လဲပျောက်နေတယ်၊ ပြီးတော့ ဓားသမားထိလင်းလဲ သေသွားပြီ"

လိဝမ်ရိသက်ပြင်းချလိုက်သည်။

"အင်း… ဒီအတိုင်းဆို သူဟာရက်စက်ကြမ်းကြုတ်တဲ့လူ တစ်ယောက်ဆိုတာမှန်နေပြီပေါ့"

ပိုးဟပ်ဖြူခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ရှင်ကျောက်စိမ်းမင်းသားအဖြစ်ဟန်ဆောင် ခဲ့တာကိုမသိတဲ့လူတွေကယုံကြည်ခဲ့ကြတယ်၊ ဒီလိုယုံကြည်ရတဲ့ လားဆိုပြီး အဲဒီလူတွေကိုသူက ရန်ရှာတာပါပဲ"

လိဝမ်ရိ မကျေမနပ်ဖြစ်သွားသည်။



"ဒီလိုလုပ်ဖို့တော့မကောင်းပါဘူး… ကျုပ်ကဟန်ဆောင်ခဲ့ တဲ့လူပဲ၊ အပြစ်ရှိတယ်ဆိုရင် ကျုပ်နဲ့ပဲဖြေရှင်းသင့်တာပေါ့"

ပိုးဟပ်ဖြူခေါင်းယမ်းလိုက်သည်။

"သူကကျောက်စိမ်းမင်းသားလေ"

"တော်စမ်းပါ… သူ့ဖာသာ ဘာကောင်ကြီးပဲဖြစ်ဖြစ် ဒီလို နည်းလမ်းမကျတဲ့လုပ်ရပ်ကိုတော့ ကျုပ်လက်မခံနိုင်ဘူး၊ ကျုပ် သူ နဲ့သွားပြီးရင်ဆိုင်မယ်"

"ရှင်သူနဲ့သွားရင်မဆိုင်ခင် ကျွန်မပြောတာနားထောင်ဦး"

"ဘာပြောစရာရှိသေးလို့လဲ"

"အများကြီးပဲ"

"ဒါဖြင့်ပြောလေ"

ပိုးဟပ်ဖြူက….

"သူဟာ အကြောင်းကိစ္စနှစ်ခုကြောင့် သိုင်းလောကထဲဆင်း လာတာလို့ကြေညာချက်ထုတ်ပြန်လိုက်တယ်၊ ပထမအချက်ကတော့ သူဟာ သိုင်းလောကအလှမယ်ပေကျို့ဝါးနဲ့ မင်္ဂလာကိစ္စဆင်နွှဲဖို့ဖြစ် တယ်တဲ့"

လိဝမ်ရိက….

"သူ ဒီလိုတစ်ဖက်သတ်ကြေညာလိုက်တာပဲလား"

"ဟုတ်တယ်... သူ့သဘောနဲ့သူကြေညာလိုက်တာ"

"ဒါဆို ပေခြံဝင်းကသခင်ကြီးပေကျင်းနန် ဘယ်လိုသဘောထားမလဲ"

ပိုးဟပ်ဖြူသက်ပြင်းချလိုက်၏။

"သခင်ကြီးပေကျင်းနန်အနေနဲ့ ဘယ်လိုမှသဘောကျမှာမဟုတ်ဘူး။ ဒီလိုကိစ္စမျိုးဟာ တစ်ဖက်သတ်ကိုယ့်သဘောနဲ့ကိုယ် လုပ်လို့ရတဲ့ကိစ္စမျိုးမှမဟုတ်တာ၊ သူ့ရဲ့လုပ်ပုံက ဂုဏ်သိက္ခာကိုစော်ကားလိုက်သလိုဖြစ်နေတယ်၊ ဒါကြောင့် သခင်ကြီးပေကျင်းနန်ဟာ သူ့ကို ထိပ်တိုက်ဖြေရှင်းဖို့ ရှီကျန်းမြို့ကိုလာလိမ့်မယ်"

"ကောင်းတယ်... ပြတ်ပြတ်သားသားရင်ဆိုင်လိုက်တာ အကောင်းဆုံးပဲ"

လိဝမ်ရီကထောက်ခံလိုက်သည်။

သို့သော် ပိုးဟပ်ဖြူကမူအသာခေါင်းယမ်းကာ....

"မကောင်းဘူးရှင့်"

"ဟင်... ဘာဖြစ်လို့လဲ"

ပိုးဟပ်ဖြူက....



"သခင်ကြီးပေကျင်းနန်အနေနဲ့ ကျောက်စိမ်းမင်းသားကို ဘယ်လိုမှရင်ဆိုင်နိုင်မှာမဟုတ်လို့ပါ၊ စိတ်လိုက်မာန်ပါလုပ်လိုက်ရင် ဒုက္ခရောက်မှာသေချာတယ်"

လိဝမ်ရီသက်ပြင်းချလိုက်သည်။

"ဒါဆို ကျောက်စိမ်းမင်းသားကိုဘယ်လိုတားဆီးမလဲ"

ပိုးဟပ်ဖြူမျက်နှာတစ်ချက်ရှုံ့သွားသည်။

"ဒါကြောင့်ခက်နေတာပေါ့"

"ကဲ... ဒါထားလိုက်ပါဦး... နောက်ထပ် ဘာတွေကြားခဲ့ရသေးလဲ၊ ပြောပါဦး"

ပိုးဟပ်ဖြူက....

"သူနောက်ထပ်ကြေညာလိုက်တာကတော့ သိုင်းလောကကို သူဆင်းလာတာဟာ အကွဲကွဲအပြားပြားဖြစ်နေတဲ့သိုင်းလောကသားတွေ ဂိုဏ်းအဖွဲ့အစည်းတွေကို တညီတညွတ်တည်းဖြစ်အောင် စုစည်းဖို့လို့ဆိုတယ်"

လိဝမ်ရီမျက်လုံးပြူးသွား၏။

"ဟင်... ဒါဟာ သိုင်းလောကတစ်ခုလုံးကိုစိန်ခေါ်လိုက်တာနဲ့အတူတူပဲပေါ့"

"ဟုတ်တယ်... သိုင်းလောကသားတွေဟာ အသက်သေရမယ်ဆိုရင်တောင်မှခေါင်းငုံ့ခံနေကြမှာမဟုတ်ဘူး၊ ကျောက်စိမ်းမင်းသားနဲ့ရင်ဆိုင်ဖို့ကြိုးစားကြမှာပဲ"

"ပွဲကြီးပွဲကောင်းပေါ့"

လိဝမ်ရိကအားပါးတရပြောလိုက်၏။

ပိုးဟပ်ဖြူက....

"သိုင်းလောကသားတွေက ရှိကျန်းမြို့ကိုလာနေကြပြီရှင့်"

လိဝမ်ရိကကျေနပ်အားရဟန်ဖြင့်....

"သိုင်းလောကသားတွေစုပေါင်းလိုက်ရင် သူ ဘာတတ်နိုင်မှာလဲ"

"နေဦး... သူဟာမသေချာဘဲနဲ့တော့ သိုင်းလောကကို စိန်ခေါ်မှာမဟုတ်ဘူး၊ သူ့နာမည် သိုင်းလောကမှာ ကျော်ကြားနေတာနှစ်ပေါင်းအတော်ကြာပြီ၊ သူက ခုမှဆင်းလာတာဆိုတော့ သူ့ဘက်ကသေချာနေလို့ပဲဖြစ်မယ်"

လိဝမ်ရိမျက်မှောင်ကုပ်သွားပြီး....

"အင်း... မင်းပြောသလိုဖြစ်နိုင်တာပဲ"

ဟုဝန်ခံလိုက်၏။



ပိုးဟပ်ဖြူက....

"မကြာခင်မှာ ကျောက်စိမ်းမင်းသားက သိုင်းလောကသားတွေနဲ့တွေ့လိမ့်မယ်၊ ကျွန်မတို့အတွက် အချိန်သိပ်မရှိတော့ဘူးရှင့်"

"မင်းဘာယ်လိုလုပ်ချင်သလဲ"

လိဝမ်ရိကမေးလိုက်သည်။ ပိုးဟပ်ဖြူက....

"သူ့ကိုယ်ရံတော်တွေ ရှိကျန်းမြို့ထဲမှာခြေရှုပ်နေကြတယ်၊ ကိုယ်ရံတော်တစ်ဦးလောက်ကိုဖမ်းပြီး သူ့အကြောင်းစုံစမ်းကြည့်ကြရင်မကောင်းဘူးလား"

လိဝမ်ရိခေါင်းညိတ်လိုက်သည်။

"မင်းသဘောပဲ"

"ဒါဖြင့်သွားကြမယ်"

"ကောင်းပြီ"

သို့ဖြင့်... နှစ်ယောက်သား သစ်ပင်အောက်မှကပျာကယာထွက်ခွာခဲ့ကြလေတော့သည်။

oooo

လူထူးဆန်း....

ရှေးဟောင်းပစ္စည်းဆိုင်ဖွင့်ထားသည့် လူထူးလူဆန်း၏ အမည်မှာရှိထင်းဖြစ်၏။ ရှိထင်းသည် ကျောက်စိမ်းနန်းတော်၌အရေးပါသူတစ်ယောက်ဖြစ်၏။

သူသည် သိုင်းလောကတွင် မထင်မရှားနေရင်း ကျောက်စိမ်းနန်းတော်အတွက်လိုအပ်သည့်ဆေးဝါးရိက္ခာနှင့် သိုင်းလောကသတင်းများကို ရှာဖွေစုဆောင်းပေးနေသူဖြစ်သည်။

သူ၏အဓိကတာဝန်မှာ မြကျောက်မြေပါရုပ်လက်စွပ်ကိုရှာဖွေရန်ဖြစ်၏။

ယခု သူသည်လက်စွပ်ကိုရရှိခဲ့ပြီဖြစ်သည်။

ထို့ကြောင့်...

ရှိကျန်းမြို့သို့ရောက်နေသည့် ကျောက်စိမ်းမင်းသားထံသို့ရောက်ရှိလာလေ၏။



ကျောက်စိမ်းမင်းသားသည် ယုန်ဖြူလေးတစ်ကောင်ကိုရင်ခွင်ထဲပွေ့ပိုက်ကာပွတ်သပ်ချော့မြှူနေ၏။

ထိုယုန်လေးသည် သူဌေးကျိုမွေးထားသည့်ယုန်များအနက်တစ်ကောင်ဖြစ်သည်။

ရှိထင်းရောက်ရှိလာသည့်အခါ ကျောက်စိမ်းမင်းသားက...

"ကျုပ်ရှိကျန်းမြို့ကိုရောက်တာ သုံးရက်ရှိသွားပြီ... ခင်ဗျားက ခုမှပဲရောက်လာတော့တယ်"

ဟုဆီး၍ပြစ်တင်ပြောဆိုလိုက်၏။

ရှိထင်းကပျာပျာသလဲပင်....

"အရေးကြီးတဲ့ကိစ္စတစ်ခုကြောင့် နောက်ကျသွားရတာပါသခင်လေး"

ဟုတောင်းပန်လိုက်၏။

"ကောင်းပြီ... ဘယ်လိုကိစ္စလဲဆိုတာပြောစမ်းပါဦး"

"ဟောဒီလက်စွပ်လေးကြောင့်ပါ"

ရှိထင်းကမြကျောက်လက်စွပ်ကိုပေးရင်း မည်သို့မည်ပုံရရှိခဲ့သည်ကိုပြောပြလိုက်သည်။

ကျောက်စိမ်းမင်းသားသည် လက်စွပ်ကိုကြည့်ရင်း....

မျက်နှာတစ်ခုလုံးခက်ထန်တင်းမာသွား၏။

"အင်း ဒီလက်စွပ်ဟာခုချိန်ထိရှိနေတုန်းပဲကိုး၊ သိုင်းလောကထဲကိုကျုပ်ဆင်းလာတဲ့အခါ ဒီလက်စွပ်ကိုတွေ့ရလိမ့်မယ်လို့မျှော်လင့်ထားတဲ့အတိုင်းဖြစ်လာတာပဲ၊ တကယ်တော့ ကျုပ်ဒီလက်စွပ်ကိုရှာဖွေနေတာဟာလက်စွပ်ပိုင်ရှင်ကိုတွေ့ချင်လို့ပါပဲ"

ရှိထင်းကမဆိုင်းမတွပင်......

"လက်စွပ်ပိုင်ရှင်ဟာလိဝမ်ရိဆိုတဲ့လူပါ"

"ဘာ...."

ကျောက်စိမ်းမင်းသားအံ့ဩသွားပြီး....

"လိဝမ်ရိ... လိဝမ်ရိ... သူက ကျုပ်အယောင်ဆောင်ပြီးဝမ်ကျက်မြို့မှာမွေးနောက်သွားခဲ့တာပဲ၊ သူဟာ လက်စွပ်ပိုင်ရှင်ဖြစ်နေတယ်ဟုတ်လား၊ အရှုးသိုင်းသမားနဲ့ဘယ်လိုပတ်သက်နေပါလိမ့်"

ကျောက်စိမ်းမင်းသားကရေရွတ်လိုက်၏။

ရှိထင်းက....

"သူဌေးကြီးဝိရှောင်နဲ့အပေါင်ဆိုင်ပိုင်ရှင်လူဝကြီးတို့ကို ကျုပ်နှတ်ပိတ်လိုက်ပါတယ်၊ နောက်ကြောင်းရှင်းသွားပါပြီ၊ လိဝမ်ရိကိုတော့ရှာမတွေ့သေးပါဘူး"



သူ့စကားမဆုံးမီပင် ကျောက်စိမ်းမင်းသားကလက်ကာပြလိုက်သည်။

"ရှာစရာမလိုဘူး၊ လိဝမ်ရိဟာကျုပ်အတွက်ပဲဖြစ်ရမယ်"

ကျောက်စိမ်းမင်းသားသည် အံကြိတ်ပြီး ပြတ်သားစွာပြောလိုက်လေသည်။

၀၀၀၀

ရှိကျန်းမြို့သည် သိုင်းလောကတစ်ခုလုံးသတိထားရသည့် မြို့တစ်မြို့ဖြစ်၏။ အကြောင်းမှာ ကျောက်စိမ်းမင်းသားရောက်ရှိလာပြီး သွားရောက်ယှဉ်ပြိုင်ကြသည့်သိုင်းလောကသားများမရှုမလှ ဇာတ်သိမ်းသွားကြခြင်းကြောင့်ဖြစ်၏။

ကျောက်စိမ်းမင်းသား၏လက်ချက်ကို ပထမဆုံးခံလိုက်ရသူမှာ ဓားသမားထိလင်းဖြစ်၏။

ထိလင်းပြီးနောက် ကျန်ဈေ့နှင့်ရှမ်ကျောင်းတို့ ဆက်တိုက်ဆိုသလိုသုတ်သင်ခံလိုက်ကြရသည်။ သူတို့က ကျောက်စိမ်းမင်းသားနှင့်သိုင်းပညာယှဉ်ပြိုင်ရန်ကြိုးစားရင်း အရေးနိမ့်ကာ လူ့လောကကိုကျောခိုင်းစွန့်ခွာသွားခဲ့ကြရခြင်းဖြစ်ပေသည်။

ထိုမျှမကသေး ကျောက်စိမ်းမင်းသား၏ကြေညာချက်ကို မကျေမနပ်ဖြစ်ပြီးရောက်လာကြသည့် သိုင်းလောကသားများသည်လည်း....



ကျောက်စိမ်းမင်းသားရှိနေသည့်သူဌေးကျို၏စံအိမ်သို့ ဝင်ရောက်သွားပြီးနောက် ပြန်လည်ထွက်လာနိုင်ခြင်းမရှိတော့ချေ။

သူဌေးကျို၏စံအိမ်သည် ၎င်းတို့အတွက်ခေါင်းချရာသုသာန်တစပြင်ပမာဖြစ်သွားလေသည်။

ထို့ကြောင့်လည်း သူဌေးကျို၏စံအိမ်သည် မိစ္ဆာအိမ်အဖြစ်သိုင်းလောကသားများကြားတွင် နေ့ချင်းညချင်းဆိုသလိုထင်ရှားလာခဲ့ပေတော့၏။

ထိုအချိန်တွင် ပေကျင်းနန်သည် မိစ္ဆာစံအိမ်ဟုကျော်ကြားသော သူဌေးကျို၏စံအိမ်တော်သို့ရောက်ရှိလာလေသည်။

oooo

ရှိကျန်းမြို့မှာ စည်ကားနေ၏။ အနယ်နယ်အရပ်ရပ်မှသိုင်းလောကသားများရောက်ရှိလာကြခြင်းကြောင့်ဖြစ်သည်။

သို့သော် ရှိကျန်းမြို့၏စည်ကားသိုက်မြိုက်ခြင်းသည် စိုးရွံ့ထိတ်လန့်စရာများပြည့်နှက်နေပေသည်။

ပျော်ရွှင်စရာကောင်းသည့်စည်ကားခြင်းမျိုး မဟုတ်ချေ။

သူဌေးကျို၏အိမ် သို့မဟုတ် မိစ္ဆာစံအိမ်....

မိစ္ဆာစံအိမ်သို့ ကျောက်စိမ်းမင်းသားနှင့်သိုင်းပညာယှဉ်ပြိုင်ရန်ရောက်လာသူများနှင့် သိုင်းလောကအပေါ်လွှမ်းမိုးလာခြင်းကိုလက်မခံနိုင်ကြောင်းသဘောထားတင်ပြရန် ဝင်ရောက်သွားကြသူများသည် စံအိမ်ထဲမှပြန်လည်ထွက်လာနိုင်ကြခြင်းမရှိတော့ပေ။

ကျောက်စိမ်းမင်းသား၏ကိုယ်ရံတော်များသည် ရှိကျန်းမြို့ထဲ ခြေရှုပ်နေကြသော်လည်း ကျောက်စိမ်းမင်းသားကမူ စံအိမ်ထဲတွင်သာ အခန်းအောင်းနေသဖြင့်....



မည်သူမျှ သူ့အားမြင်တွေ့ကြရခြင်းမရှိပေ။

သူ့အားတွေ့ဆုံရန် စံအိမ်ထဲသို့ဝင်ရောက်သွားကြသူများသည်လည်း အသက်နှင့်ခန္ဓာတွဲလျက် ပြန်ထွက်လာနိုင်ခြင်းမရှိ။

ထို့ကြောင့် ယခုအချိန်ထိ ကျောက်စိမ်းမင်းသားသည် သိုင်းလောကတွင် အလျှို့ဝှက်ဆုံးလူတစ်ယောက်အဖြစ်တည်ရှိနေခြင်းဖြစ်ပေတော့သည်။

သိုင်းလောကသားများသည် ရှိကျန်းမြို့သို့ရောက်ရှိလာကြပြီဖြစ်သည့်တိုင် မိစ္ဆာစံအိမ်ဟုခေါ်သော သူဌေးကျို၏စံအိမ်တော်သို့ ရုတ်တရက် မဝင်ရဲအောင်ဖြစ်နေကြသည်။

ကျောက်စိမ်းမင်းသားနှင့်ပတ်သက်သည့် သတင်းများကိုစုံစမ်းနားစွင့်ရင်း ထူးခြားသည့်သတင်းတစ်ခုကို ကြားသိလာရလေသည်။ ထိုသတင်းမှာ ကျောက်စိမ်းမင်းသားသည် လိဝမ်ရိဆိုသူကိုသဲကြီးမဲကြီးလိုက်ရှာနေသည်ဟူသောသတင်း ဖြစ်လေသည်။

ဤတွင် သိုင်းလောကသားများသည် လိဝမ်ရိအား စိတ်ဝင်စားလာကြကုန်တော့၏။ လိဝမ်ရိဟူသောအမည်ကို မည်သူမျှမကြားဘူးကြချေ။ ထိုအမည်သည် သိုင်းလောက၌ကျော်ကြားသည့်အမည်နာမလည်းမဟုတ်ချေ။

ယင်းသို့သော မထင်မရှားလူတစ်ယောက်ကို ကျောက်စိမ်းမင်းသားက အဘယ်ကြောင့် သဲကြီးမဲကြီးရှာဖွေနေရပါသနည်း။

သိုင်းလောကသားများသည် ချက်ချင်းဆိုသလို လိဝမ်ရိကို စိတ်ဝင်စားလာကြကုန်တော့၏။ လိဝမ်ရိဆိုသူမှာ မည်သူမည်ဝါဖြစ်ကြောင်း ပို၍သိလိုစိတ်ပြင်းပြလာကြကုန်တော့၏။

ထို့ပြင် လိဝမ်ရိကိုကျောက်စိမ်းမင်းသားက အဘယ်ကြောင့် သဲကြီးမဲကြီးရှာဖွေနေရသည်ကိုသိချင်လာကြလေသည်။

သို့ဖြင့် သိုင်းလောကသားများသည် မိစ္ဆာစံအိမ်ခေါ် သူဌေးကျိ၏စံအိမ်တော်သို့ဝင်ရောက်ရန်မကြိုးစားတော့ဘဲ အခြေအနေကို စောင့်ကြည့်နေလိုက်ကြကုန်တော့၏။

oooo



သူဌေးကျိ၏အိမ်သို့ ပေကျင်းနန်ရောက်ရှိလာသည်။

စံအိမ်တော်ရှေ့တွင် ကျောက်စိမ်းရောင်ဝတ်ဆင်ထားသည့် လူငယ်တစ်ယောက်ရှိနေ၏။ ထိုလူငယ်က ပေကျင်းနန်ကိုဟန့်တားလိုက်သဖြင့်ပေကျင်းနန်က....

"မင်း ငါ့ကိုဟန့်တားတာကိုသာ မင်းရဲ့သခင်သိသွားရင် အပြစ်ပေးခံရမှာသေချာတယ်"

ဟုပြောလိုက်၏။ လူငယ်က....

"ကျုပ်ကစစ်ဆေးမေးမြန်းခြင်းမပြုဘဲ ခင်ဗျားကိုသာ ဝင်ခွင့်ပေးလိုက်ရင် အပြစ်ပေးခံရမှာပိုပြီးသေချာတယ်၊ အထဲကိုဝင်ချင်တယ်ဆိုရင် ခင်ဗျားဘယ်သူလဲဆိုတာပြောပါ"

"ငါကပေကျင်းနန်ပဲ"

ထိုစကားကြားသည့်အခါ လူငယ်သည်ချက်ချင်းဆိုသလိုပင် ပျာပျာသလဲအရိုအသေပေးကာ....

"ဝင်ပါဗျာ"

ဟုပြော၍လမ်းပြခေါ်ဆောင်သွားလေသည်။

မကြာပါချေ။ ပေကျင်းနန်သည် ကျောက်စိမ်းမင်းသားရှိနေသည့်သီးသန့်အခန်းသို့ရောက်သွားသည်။

ကျောက်စိမ်းမင်းသားသည် အရက်သောက်ပြီး ယုန်ကင်စား နေ၏။ ပေကျင်းနန်ရောက်လာသည့်အခါပြုံးပြရင်း....

"ခင်ဗျားက မင်္ဂလာအရက်သောက်ဖို့လာတာလား"

ဟုပြောလေသည်။

ပေကျင်းနန်ကတည်ကြည်သည့်မျက်နှာထားဖြင့်....

"ကျုပ်သမီးနဲ့မင်းကို သဘောမတူနိုင်ဘူးဆိုတာ လာပြောတာပဲ"

ကျောက်စိမ်းမင်းသားကဟန်မပျက်ပင်...

"ကိစ္စမရှိပါဘူး... ခင်ဗျားသဘောမတူလဲ သူဟာကျုပ်ရဲ့သတို့သမီးဖြစ်ရမှာပဲ"

"မင်း...."

ပေကျင်းနန်ဒေါပွသွားသည်။

ကျောက်စိမ်းမင်းသားကထိုင်ရာမှထလိုက်ပြီး....



"ကျုပ်ဟာနှစ်ပေါင်းများစွာသိုင်းပညာလေ့ကျင့်ခဲ့ပြီး မကြာသေးခင်ကမှအောင်မြင်ပြီးဆုံးသွားခဲ့တယ်၊ ကျုပ် အပင်ပန်းခံခဲ့တာဟာ သိုင်းလောကရဲ့အတော်ဆုံးလူဖြစ်ချင်လို့ပဲ... ခုတော့ ကျုပ်ဆန္ဒပြည့်ဝသွားပါပြီ"

ကျောက်စိမ်းမင်းသားကပေကျင်းနန်ကိုကြည့်ကာ...

"သိုင်းလောကတစ်ခုလုံး ကျုပ်ခြေဖဝါးအောက်ကိုရောက်လာစေရမယ်၊ အဲဒီအခါမှာ သိုင်းလောကအလှမယ်ကို ကျုပ်ပိုင်ဆိုင်ရမှပိုပြီးပြည့်စုံလိမ့်မယ်မဟုတ်လား"

ပေကျင်းနန်က....

"သိုင်းလောကကိုလွှမ်းမိုးဖို့ကြိုးစားသူတွေဟာ ခေတ်အဆက်ဆက်မှာပေါ်ပေါက်ခဲ့ဖူးတာပဲ၊ ဒါပေမယ့် ဘယ်သူတစ်ဦး တစ်ယောက်ကများအောင်ပွဲခံနိုင်လို့လဲ... သိုင်းလောကရဲ့ဒဏ်ခတ်မှုကိုခံရပြီး နောက်ဆုံးမှာ ဇာတ်သိမ်းမကောင်းခဲ့ကြတာချည်းပဲမဟုတ်လား"

ကျောက်စိမ်းမင်းသားရယ်မောလိုက်သည်။

"ကျုပ်က တခြားလူတွေနဲ့မတူပါဘူးဗျာ"

ပေကျင်းနန်က....

"မင်းဟာ ဘယ်လိုလူစားမျိုးပဲဖြစ်ဖြစ် ကျုပ်ဂရုမစိုက်ဘူး။ ကျုပ်သမီးနဲ့သဘောမတူနိုင်ဘူး… တကယ်လို့ မင်းရဲ့လုပ်ရပ်တွေကို ရပ်တန်းကမရပ်ဘူးဆိုရင် ကျုပ်မင်းကိုဆုံးမရလိမ့်မယ်"

"ဟား… ဟား… ဟား"

ကျောက်စိမ်းမင်းသားက ဟားတိုက်ရယ်မောလိုက်ပြီး…

"ခင်ဗျားဘာတတ်နိုင်မှာမို့လဲ"

ပေကျင်းနန်က….

"ဘာတတ်နိုင်မလဲ… ကြည့်ကြသေးတာပေါ့"

စကားဆုံးသည်နှင့်စတင်တိုက်ခိုက်ရန်ဟန်ပြင်လိုက်၏။

ထိုစဉ်….

"ဒေါက်… ဒေါက်"

တံခါးခေါက်သံထွက်ပေါ်လာသည်ကိုကြားရသည်။

"ဝင်ခဲ့"

ဟုပြောလိုက်သည်။ ထိုအခါ တံခါးပွင့်သွားပြီး အမှတ်တစ်ဆိုသည့်လူငယ်ဝင်လာလေ၏။

ကျောက်စိမ်းမင်းသားက…

"ဘာကိစ္စလဲ"



ဟုမေးလိုက်သည်။ အမှတ်တစ်က….

"မင်းသားလေးခင်ဗျာ… မိန်းကလေးတစ်ယောက်က အရေးကြီးတဲ့ကိစ္စပြောစရာရှိတယ်လို့ တွေ့ခွင့်တောင်းနေပါတယ်"

ဟုအစီရင်ခံလိုက်သည်။

ကျောက်စိမ်းမင်းသားမျက်မှောင်ကုပ်သွားပြီး….

"ဘယ်လိုကိစ္စဆိုတာ မင်းမေးမကြည့်ဘူးလား"

အမှတ်တစ်က….

"မင်းသားလေးကိုစိန်ခေါ်တဲ့လူအကြောင်း ပြောပြချင်လို့ပါလို့ဆိုပါတယ်"

"ကောင်းပြီ ခေါ်ခဲ့"

အမှတ်တစ်ကဦးညွှတ်ပြီးထွက်သွား၏။

မကြာပါချေ။ မိန်းကလေးတစ်ယောက် အခန်းတွင်းသို့ဝင်ရောက်လာ၏။ ထိုမိန်းကလေးမှာပိုးဟပ်ဖြူဖြစ်လေသည်။

oooo

ကျောက်စိမ်းမင်းသားသည် ပိုးဟပ်ဖြူကို မျက်မှောင်ကုပ်၍ကြည့်လိုက်၏။ ပေကျင်းနန်က အခြေအနေစောင့်ကြည့်နေသည်။ စိန်ခေါ်သူတစ်ယောက်ပေါ်ပေါက်လာခြင်းကြောင့် ဝမ်းသာနေ၏။

စိန်ခေါ်သူသည် သူ့ကိုဆုံးမနိုင်ပါစေဟုလည်း ဆုတောင်းနေမိ၏။ ကျောက်စိမ်းမင်းသားက ပိုးဟပ်ဖြူကိုတစ်ချက်လှမ်းကြည့်ကာ....

"မင်းကကျုပ်ကိုစိန်ခေါ်ချင်လို့လား"

ဟုမေးလိုက်၏။

ပိုးဟပ်ဖြူကခေါင်းခါလိုက်၏။

"မဟုတ်ဘူး"

"ဒါဖြင့်ဘယ်သူကစိန်ခေါ်ချင်လို့လဲ"

"လိဝမ်ရိပါ"

"ဘာ...."



ကျောက်စိမ်းမင်းသားထံမှ ကျယ်လောင်သောအသံကြီးထွက်ပေါ်လာသည်။ ပိုးဟပ်ဖြူကိုမျက်လုံးပြူး၍ကြည့်ကာ....

"လိဝမ်ရိဟုတ်လား... သူဘယ်မှာလဲပြောစမ်း"

ဟုအလောတကြီးမေးလိုက်သည်။

ပိုးဟပ်ဖြူက....

"သူ ရှင့်ကိုစောင့်နေပါတယ်... ရှင်နဲ့တစ်ယောက်ချင်းယှဉ်ပြိုင်ဖို့စိန်ခေါ်လိုက်တယ်၊ ဘယ်လိုလဲ၊ ရှင်သူနဲ့ယှဉ်ပြိုင်ဝံ့ ပါ့မလား"

"တောက်...."

ကျောက်စိမ်းမင်းသား တက်ခေါက်လိုက်သည်။

ကြမ်းပြင်ကိုဒုန်းခနဲမြည်အောင်ခြေဆောင့်ရင်း....

"ကျုပ်က ဘာကြောင့်ရင်မဆိုင်ဝံ့ရမှာလဲ... လိဝမ်ရိဘယ်မှာလဲ၊ ပြောစမ်း"

"သူဟာ မနက်ဖြန်မနက် နေထွက်ချိန် မြို့ပြင်ကချယ်ရီပန်းတောင်ကုန်းမှာ ရှင့်ကိုစောင့်နေလိမ့်မယ်၊ သတ္တိရှိရင် ရှင်တစ်ယောက်တည်းလာခဲ့ပေါ့"

"စိတ်ချ... ကျုပ်လာခဲ့မယ်၊ လိဝမ်ရိကိုဆက်ဆက်စောင့်နေဖို့ပြောလိုက်ပါ"

"ရှင်သာရောက်အောင်လာခဲ့ပါ"

စကားဆုံးသည်နှင့် ပိုးဟပ်ဖြူသည် ချာခနဲလှည့်ကာထွက်သွားရန်ဟန်ပြင်လိုက်သည်။ သို့သော် ပေကျင်းနန်ကိုတွေ့မြင်လိုက်ရသည့်အခါ သူမ၏ခြေလှမ်းတို့ခနဲရပ်သွားလေသည်။

ပေကျင်းနန်သည် ပိုးဟပ်ဖြူကိုမျက်မှောင်ကုပ်၍ကြည့်နေ၏။ ပိုးဟပ်ဖြူက သူ့အားတစ်စုံတစ်ခုပြောရန်ဟန်ပြင်လိုက်သေးသည်။ သို့သော် မည်သို့စိတ်ကူးမိသည်မသိ။

ဘာမျှမပြောတော့ဘဲ ချာခနဲလှည့်ထွက်သွားလေသည်။

၀၀၀၀



ပိုးဟပ်ဖြူထွက်သွားပြီဖြစ်သည်။ လိဝမ်ရှိသည် ပိုးဟပ်ဖြူမှတစ်ဆင့် ကျောက်စိမ်းမင်းသားကိုစိန်ခေါ်လိုက်ပြီဖြစ်သည်။

ကျောက်စိမ်းမင်းသားက ပေကျင်းနန်ကိုကြည့်၍....

"ခင်ဗျားကိစ္စကို နက်ဖြန်မှဆက်ပြောတာပိုကောင်းမယ်"

ဟုပြောလိုက်၏။

ပေကျင်းနန်သက်ပြင်းချလိုက်သည်။

"ကောင်းပြီလေ... မနက်ဖြန်မှတွေ့ကြတာပေါ့"

ကျောက်စိမ်းမင်းသားကပြုံးလိုက်၏။

"ခင်ဗျား ချယ်ရီတောင်ကုန်းကိုလာတာပိုကောင်းမယ်"

"စိတ်ချ ကျုပ်လာခဲ့မယ်"

စကားဆုံးသည်နှင့် ပေကျင်းနန်လည်းခြေသံပြင်းပြင်းနှင်းကာအခန်းတွင်းမှထွက်သွားလေသည်။

၀၀၀၀

အခန်းတွင်း၌လူရှင်းသွားပြီဖြစ်၏။ ကျောက်စိမ်းမင်းသားကရှိထင်းကိုခေါ်ယူလိုက်သည်။

ရှိထင်း ချက်ချင်းရောက်လာပြီး ဦးညွှတ်လိုက်သည်။

"အမိန့်ရှိပါ... မင်းသားလေး"

ကျောက်စိမ်းမင်းသားက....

"ကျုပ်လိဝမ်ရိကိုတွေ့ပြီ"

"ကျုပ် သူ့ကိုဆုံးမလိုက်ပါ့မယ်"

ကျောက်စိမ်းမင်းသားခေါင်းခါလိုက်၏။

"မလိုဘူး၊ ကျုပ်သူ့နဲ့ရင်ဆိုင်မယ်"

ရှိထင်းသက်ပြင်းချလိုက်၏။ ကျောက်စိမ်းမင်းသားက....

"လိဝမ်ရိဟာ မြကျောက်မြေပါလက်စွပ်ပိုင်ရှင်ဖြစ်တယ်... သိုင်းလောကမှာ ကျုပ်ရဲ့တစ်ဦးတည်းသောပြိုင်ဘက်ဖြစ်လိမ့်မယ်၊ သူဟာ အရှုးသိုင်းသမားနဲ့ပတ်သက်နေမှာသေချာတယ်"



ရှိထင်းက....

"ဒါဆို ကျုပ်တို့ပါလိုက်ခဲ့ပြီး လိဝမ်ရိကိုတိုက်ပါရစေလား"

ကျောက်စိမ်းမင်းသားခေါင်းခါလိုက်၏။

"တစ်ယောက်မှမလိုက်ရဘူး"

"ဟင်...."

"လိဝမ်ရိဟာ ကျုပ်အတွက်ပဲဖြစ်ရမယ်"

"မင်းသားလေး...."

ရှိထင်းကစိုးရိမ်သည့်လေသံဖြင့်ခေါ်လိုက်သည်။

ကျောက်စိမ်းမင်းသားက....

"ကိစ္စမရှိဘူး၊ ကျုပ်တစ်ခုခုဖြစ်ခဲ့ရင် အားလုံး ကျောက်စိမ်းနန်းတော်ကိုပြန်ကြရမယ်၊ နောက်နောင် သိုင်းလောကထဲကို ဘယ်တော့မှဆင်းမလာကြရတော့ဘူး၊ ဒါကျုပ်အမိန့်ပဲ"

ဟုခပ်ပြတ်ပြတ်ပြော၏။

အမိန့်ဆိုသည့်စကားကြောင့် ရှိထင်း ဘာမျှမတတ်သာဘဲခေါင်းငုံ့ထားလိုက်လေသည်။

oooo

လိဝမ်ရီ....

သူသည် လူ့ချာစာတစ်ယောက်ဖြစ်၏။ သိုင်းလောကတွင်လည်း နာမည်ကြီးသည့်သိုင်းသမားတစ်ဦးမဟုတ်ချေ။ သို့ပါလျက် သိုင်းလောကတစ်ခုလုံးကြောက်ရွံ့နေကြသည့်ကျောက်စိမ်းမင်းသားအား အဘယ်ကြောင့် တစ်ယောက်ချင်းရင်ဆိုင်ရန် စိန်ခေါ်လိုက်ရပါသနည်း။

အကြောင်းရှိပါသည်။

လိဝမ်ရီနှင့်ပိုးဟပ်ဖြူတို့သည် ရှိကျန်းမြို့တွင်းသို့ဝင်ရောက်လာခဲ့ကြသည်။ သူတို့သည် လမ်းသွားလမ်းလာများနှင့်ရောနှော၍ ယောင်မလည်ဝင်ရောက်လာခဲ့ကြပြီး ကျောက်စိမ်းမင်းသား၏ကိုယ်ရံတော်များကိုရှာဖွေလိုက်၏။

မကြာပါချေ။ လမ်းကြားတစ်ခုအတွင်းသို့ဝင်ရောက်သွားသည့်ကိုယ်ရံတော်တစ်ဦးကိုတွေ့လိုက်ရ၏။



ထိုကိုယ်ရံတော်များသည် သိုင်းပညာထက်မြက်ကြသည့်အပြင် ကျောက်စိမ်းမင်းသား၏အရှိန်အဝါဖြင့် ထင်တိုင်းကျဲနေကြသူများဖြစ်၏။ သူတို့သည် လူစုခွဲကာ လိဝမ်ရီ၏သတင်းကိုလိုက်စုံစမ်းနေကြခြင်းဖြစ်၏။ လိဝမ်ရီနှင့်ပိုးဟပ်ဖြူတို့ တစ်ဦးကိုတစ်ဦးကြည့်လိုက်မိကြသည်။ ပိုးဟပ်ဖြူက....

"ရှင်သစ်ပင်အောက်မှာပြန်ပြီးစောင့်နေ"

လိဝမ်ရီ လည်းမယောင်မလည်ဖြင့် ထွက်လာခဲ့၏။ နှစ်ဦးသားချိန်းဆိုထားသည့်နေရာတွင် ပြန်လည်ဆုံတွေ့မိကြသည့်အခါ ပိုးဟပ်ဖြူက ကိုယ်ရံတော်အားဖမ်းဆီးခေါ်ဆောင်လာသည်ကိုတွေ့ရ၏။ သူတို့သည် ကိုယ်ရံတော်အား စစ်ဆေးမေးမြန်းကြ၏။

ကိုယ်ရံတော်သည် ပထမတွင်ဖွင့်မပြောဘဲ ငြင်းဆန်နေသော်လည်း ပိုးဟပ်ဖြူကထူးခြားသည့်စိတ်ညှို့ပညာအသုံးပြုလိုက်သည့်အခါ အမှန်အတိုင်း ဖွင့်ဟပြောဆိုလာတော့၏။

ဤတွင် ကျောက်စိမ်းမင်းသားသည် အလွန်ထူးခြားသည့်သိုင်းပညာတစ်ရပ်ကို လေ့ကျင့်တတ်မြောက်ထားကြောင်း သိလိုက်ရတော့သည်။

oooo

လေဝေ့ယမ်းတိုက်ခတ်လာသည်။ ရော်ရွက်များကြွေကျလာသည်။ ကိုယ်ရံတော်အား လိဝမ်ရိကလွှတ်ပေးလိုက်ပြီဖြစ်၏။

ပိုးဟပ်ဖြူက တွေဝေနေသည့်သူ့ကိုကြည့်ကာ....

"ကိုယ်ရံတော်ကတော့ ကျောက်စိမ်းမင်းသားအကြောင်းကိုပြောပြသွားတာပဲ... ဒါပေမယ့် ကျွန်မကတော့ ဘာမှထူးတယ်လို့ မထင်မိဘူး"

ဟုပြော၏။ လိဝမ်ရိက ပိုးဟပ်ဖြူအားမျက်လုံးလှန်ကြည့်လိုက်၏။ ပိုးဟပ်ဖြူက....

"ကျောက်စိမ်းမင်းသားနဲ့ပတ်သက်ပြီး သူ့ရဲ့ အားနည်းချက်ကိုမသိနိုင်ဘူးဆိုတော့ ကျွန်မတို့...."

သူမ၏စကားမဆုံးမီ လိဝမ်ရိကကြားဖြတ်ပြောလိုက်၏။

"မပူနဲ့... ကျူပ်တွေ့ထားပြီ"

ပိုးဟပ်ဖြူမျက်မှောင်ကုပ်သွားသည်။



"ရှင် ဘာကိုဆိုလိုတာလဲ"

လိဝမ်ရိက....

"သူဟာ မြွေသိုင်းကိုတတ်မြောက်ထားတယ်မဟုတ်လား"

"ဟုတ်တယ်လေ"

"သူက မြွေသိုင်းအောင်မြင်ထားတော့ မြွေတွေလိုအရေခွံလဲပြီး အသက်ဆက်နိုင်သလို အသက်ကြီးရင့်မသွားအောင် ရုပ်ရည်လဲ အိုစာမသွားအောင်မြွေသိုင်းနဲ့တားဆီးနိုင်တာကြောင့် နုပျိုပြီး အရွယ်တင်နေတာဖြစ်နိုင်တယ်"

ပိုးဟပ်ဖြူခေါင်းညိတ်လိုက်သည်။

"ရှင်ပြောတာဖြစ်နိုင်တယ်"

လိဝမ်ရိက....

"ဒါဆို သူ့ကိုကြောက်စရာမလိုတော့ဘူး"

"ဘာပြောတယ်ရှင့်"

လိဝမ်ရိကတည်ကြည်စွာဖြင့်...

"မြွေကိုမြွေပါကနိုင်တယ်မဟုတ်လား"

"ဟုတ်တယ်လေ"

"မြွေပါသိုင်းတတ်ထားတဲ့လူက သူ့ကိုဆုံးမနိုင်တာပေါ့"

ပိုးဟပ်ဖြူမကျေမနပ်ဖြစ်သွား၏။

"ရှင်က ဒီအချိန်ထိအောင်ရယ်စရာပြောနေနိုင်တုန်းလား"

လိဝမ်ရိခေါင်းယမ်းလိုက်သည်။

"ကျုပ်ကအတည်ပြောနေတာ"

"ရှင်... ရှင်"

"ကျုပ်ဟာ မိဘနှစ်ပါးကွယ်လွန်သွားတော့ ဇာတိရပ်ရွာကို စွန့်ပြီး ကုန်သည်တွေနဲ့လိုက်သွားခဲ့တယ်၊ လမ်းခရီးမှာဓားပြတွေနဲ့ တွေ့လို့ထွက်ပြေးရင်း တောကြီးမျက်မည်းထဲရောက်သွားပြီးထူးဆန်း တဲ့အဘိုးအိုတစ်ယောက်နဲ့တွေ့ခဲ့ရတယ်၊ သူဟာရူးသွပ်နေတယ်"

"ရူးသွပ်နေတယ်ဟုတ်လား"

လိဝမ်ရိက....

"ဟုတ်တယ်... ဒါပေမယ့် ကျုပ်ကိုကောင်းကောင်းမွန်မွန် ပြုစုစောင့်ရှောက်ထားပါတယ်၊ ခက်တာက သူဟာတစ်ချိန်လုံး မြွေ ဆိုးတွေကိုဖမ်းပြီး သူမွေးထားတဲ့မြွေပါတွေနဲ့ တိုက်ခိုက်ခိုင်းတာပဲ"

"နေ့တိုင်းပဲလား"

"ဟုတ်တယ်နေ့တိုင်းပဲ၊ မြွေတစ်ကောင်နဲ့မြွေပါတစ်ကောင် မြွေနှစ်ကောင်သုံးကောင်နဲ့ မြွေပါတစ်ကောင်၊ အဲဒီလိုလွှတ်ပေးပြီး



တိုက်ခိုက်နေတာကိုကြည့်တယ်၊ ပြီးတော့ မြွေတွေကိုမြွေပါက ဘယ် လိုမြှူဆွယ်တယ်၊ တိုက်ခိုက်တယ် ခုခံရှောင်တိမ်းတယ်ဆိုတာတွေ ကိုလေ့လာသုံးသပ်ပြီး ကျုပ်ကိုပြောပြတယ်... သင်ပေးတယ်၊ သူနဲ့ နေခဲ့ရတဲ့ဆယ့်ငါးနှစ်လုံး ကျုပ်ဟာ မြွေပါတစ်ကောင်လိုဖြစ်နေခဲ့ရ တာ"

ပိုးဟပ်ဖြူက....

"ဒါ သိုင်းပညာတစ်ရပ်တီထွင်ပြီး ရှင့်ကိုသင်ကြားပေးတာ ပဲဖြစ်လိမ့်မယ်"

"သိုင်းပညာ"

"ဟုတ်တယ်လေ"

လိဝမ်ရိကရယ်လိုက်သည်။

"သူသင်ပေးတာသိုင်းပညာဆိုရင် ကျုပ်တတ်ထားတာ မြွေပါသိုင်းပဲဖြစ်တော့မှာပါ... ဟား... ဟား... ဟား"

ပိုးဟပ်ဖြူကရယ်မောခြင်းမရှိပါ။

သူ့ကိုစိုက်ကြည့်လိုက်ပြီး...

"ဒါနဲ့ ရှင်ပြောတဲ့အဘိုးအိုရဲ့နာမည်ကဘယ်သူလဲ"

ဟုမေးလိုက်၏။ လိဝမ်ရိက....

"သူက အမြဲတမ်းရှုံးသွပ်နေတာတော့မဟုတ်ဘူး... တစ်ခါ တစ်ရံ စိတ်ကောင်းဝင်တတ်တယ်၊ အဲဒီလိုအချိန်ကျရင် သူ့နာမည် ဟာ တာ့လူလို့ခေါ်တဲ့အကြောင်းပြောပြဖူးတယ်"

"ရှင်... ရှင်... တကယ်ပြောတာလား"

ပိုးဟပ်ဖြူက လိဝမ်ရီ၏လက်မောင်းကိုဆွဲကိုင်လှုပ်ရင်းမေး သည်။ လိဝမ်ရီက....

"မင်း အလန့်တကြား ဘယ်လိုဖြစ်ရတာလဲ... သူ့နာမည်က တာ့လူလေ ဘာဖြစ်လို့လဲ"

ပိုးဟပ်ဖြူကအံ့အားသင့်ဟန်ဖြင့်....

"တာ့လူဆိုရင် ရှင်ဟာ သိုင်းလောကမှာပြိုင်ဘက်ကင်းတဲ့ အရူးသိုင်းသမားနဲ့တွေ့ခဲ့ရတာပဲ"

"ဖြစ်မှဖြစ်ရလေဗျာ... ဟား... ဟား... ဟား"

သူကဟားတိုက်ရယ်မောလိုက်၏။

ပိုးဟပ်ဖြူကထခုန်လိုက်၏။

"ရှင် ရယ်မနေနဲ့... သိုင်းလောကတစ်ခုလုံးရဲ့တာဝန်ဟာ ရှင့်ပခုံးပေါ်မှာကျရောက်လာပြီ"

"ဟင်...."



"ကျောက်စိမ်းမင်းသားကို ယှဉ်နိုင်တာ ရှင်တစ်ယောက်ပဲ တယ်"

လိဝမ်ရီက....

"မင်းဘာတွေလျှောက်ပြောနေတာလဲ"

"ကျောက်စိမ်းမင်းသားဟာ မြေသိုင်းကိုတတ်ထားတယ်၊ င်က မြေပါသိုင်းကိုတတ်ထားတယ်... မြေကိုနိုင်တာမြေပါပဲရှိတယ် ဟုတ်လား"

"ကျုပ်...."

"စကားမရှည်နဲ့... ကျောက်စိမ်းမင်းသားကို ရှင်သွားပြီး ဉ်ပြိုင်ရမယ်"

သို့ဖြင့် သူမသည် ချယ်ရီတောင်ကုန်းတွင်တစ်ယောက် းယှဉ်ပြိုင်ရန် ကျောက်စိမ်းမင်းသားအားသွားရောက်စိန်ခေါ်လိုက် းဖြစ်ပေသည်။

၀၀၀၀

နေရောင်ခြည်အောက်တွင် ဝန်းကျင်တစ်ခုလုံးသာယာလှ
နေ၏။ ချယ်ရီတောင်ကုန်းတွင် သိုင်းလောကသားများ စုရုံးရော
ရှိနေကြပြီဖြစ်၏။ ယနေ့... သိုင်းလောကတစ်ခုလုံးကြောက်ရွံ့နေ
သည့်ကျောက်စိမ်းမင်းသားနှင့် လှူခြစာလိဝမ်ရိတို့ ထိပ်တိုက်ယှဉ်ပြိ
ကြလိမ့်မည်မဟုတ်ပါလား။

လိဝမ်ရိသည် အမှန်ပင် လှူခြစာတစ်ဦးဖြစ်ပါသည်။ သို
လောကတစ်ခုလုံးက ကျောက်စိမ်းမင်းသားကိုကြောက်နေကြသေ
လည်း သူကတစ်စက်ကလေးမှကြောက်စိတ်မဖြစ်မိပေ။

ပိုးဟပ်ဖြူကယှဉ်ပြိုင်ရန်ပြောသည့်အခါလက်ခံမိ၏။

သို့ဖြင့် ကျောက်စိမ်းမင်းသားနှင့်လိဝမ်ရိတို့သည် ချယ
ပန်းတောင်ကုန်းတွင် ရင်ဆိုင်မိကြပြီဖြစ်သည်။ ကျောက်စိမ်းမင်းသ
သည် လိဝမ်ရိကိုခြေဆုံးခေါင်းဆုံးစိုက်ကြည့်လိုက်ပြီးလျှင်....

"ဟောဒီလက်စွပ်ဟာ မင်းရဲ့လက်စွပ်ဟုတ်လား"



မြကျောက်မြွေပါလက်စွပ်ကိုပြ၍မေး၏။

လိဝမ်ရိအံ့ဩသွားသည်။

"ဟုတ်တယ် ခင်ဗျားလက်ထဲဘယ်လိုရောက်နေတာလဲ"

ကျောက်စိမ်းမင်းသားက....

"ဒါကအရေးမကြီးပါဘူး၊ မင်းဟာအရှူးသိုင်းသမားတော့လူ
နဲ့ဘယ်လိုပတ်သက်နေသလဲ၊ ပြောပါ"

"သူဟာကျုပ်ရဲ့ကျေးဇူးရှင်ပါ၊ အဲဒီလက်စွပ်ဟာသူ့ပစ္စည်း
ပဲ၊ သူမကွယ်လွန်ခင် ကျုပ်ကိုပေးသွားတာ"

ကျောက်စိမ်းမင်းသားမဲ့ပြုံးပြုံးလိုက်၏။

"ငါထင်တဲ့အတိုင်းပဲ... မင်းဟာအရူးသိုင်းသမားရဲ့တပည့်
ဖြစ်နေတာကိုး"

လိဝမ်ရိက....

"ခင်ဗျား သူ့ကိုသိတယ်ဟုတ်လား"

ကျောက်စိမ်းမင်းသားက....

"သိတာပေါ့... သူနဲ့ကျုပ်ဟာ မြောက်ကျွန်းသိုင်းပါရဂူဆီမှာ
အတူတူပညာသင်ခဲ့ကြတာပေါ့၊ ဆရာကွယ်လွန်သွားတော့သူနဲ့ကျုပ်
သဘောထားချင်းမတိုက်ဆိုင်လို့ လမ်းခွဲခဲ့ကြတာ သိုင်းလောက

ကျုပ်ကိုဟန့်တားနိုင်မယ့်လူဆိုလို့ သူတစ်ယောက်ပဲရှိတယ်၊ အခု သူသေသွားပြီဆိုတော့ဘယ်သူကဟန့်တားနိုင်ဦးမှာလဲ၊ ဟား...ဟား ဟား..."

ပြောရင်း ဟားတိုက်ရယ်မောလိုက်၏။

လိဝမ်ရိခံပြင်းသွားပြီး....

"ကျုပ်တစ်ယောက်လုံးရှိသေးတယ်ဗျ"

ဟု ရင်ကော့ကာပြောလိုက်၏။

ကျောက်စိမ်းမင်းသားနှာခေါင်းရှုံ့လိုက်သည်။

"မင်းဘာတတ်နိုင်မှာမို့လဲ"

လိဝမ်ရိက....

"ခင်ဗျား လက်တွေ့သိရမှာပေါ့ဗျာ"

ကျောက်စိမ်းမင်းသား မျက်မှောင်ကုပ်သွားလေသည်။

"တာ့လူက မင်းကိုသိုင်းပညာသင်ပေးခဲ့တယ်ဟုတ်လား"

"မှန်လိုက်လေဗျာ"

"ဘယ်လိုသိုင်းပညာသင်ပေးခဲ့တယ်ဆိုတာ ပြောစမ်းပါဦး"

"ခင်ဗျား သူ့ရဲ့မြကျောက်မြွေပါလက်စွပ်တွေ့တာတောင် မရိပ်မိသေးဘူးလား"



ထိုစကားကြားသည့်အခါ... ကျောက်စိမ်းမင်းသား၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားလေသည်။

လိဝမ်ရိကိုကြည့်ရင်း....

"မြွေပါသိုင်းဟုတ်လား"

ဟုမေး၏။ လိဝမ်ရိကရယ်မောလိုက်၏။

"မြွေဆိုးတွေကိုနှိမ်နင်းတဲ့ပညာပါပဲဗျာ"

"မင်း... မင်း..."

ကျောက်စိမ်းမင်းသား အံတင်းတင်းကြိတ်လိုက်၏။

"တာ့လူနဲ့ကျုပ်ဟာ တစ်ချိန်က သုံးရက်နဲ့သုံးညတိတိယှဉ်ပြိုင်ခဲ့ဖူးကြတာပဲ၊ သူ ကျုပ်ကိုအနိုင်မယူနိုင်ခဲ့ပါဘူး၊ မင်းက ကျုပ်ကိုအနိုင်ရမယ်ထင်ရင်မှားသွားမှာပေါ့"

လိဝမ်ရိက....

"ခင်ဗျားက ကျုပ်ဆရာနဲ့ယှဉ်ဖူးတယ်ဆိုတော့ လူငယ်တစ်ယောက်မဖြစ်နိုင်တော့ဘူး၊ မြွေလိုအရေခွံလဲပြီး မအိုမနာအောင်သိုင်းပညာနဲ့ထိန်းထားတာမဟုတ်လား၊ ခင်ဗျားဟာ မြွေသိုင်းကိုလေ့ကျင့်ထားတာသေချာနေပြီပေါ့"

လိဝမ်ရိကရယ်မောရင်းဆက်ပြောလိုက်၏။

"ကျူပ်ကမြွေနိုင်တဲ့မြွေပါသိုင်းကိုကျင့်ထားတာဗျ၊ ခင်ဗျား ဘာတတ်နိုင်မှာလဲ"

ကျောက်စိမ်းမင်းသားဒေါပွသွား၏။

"ကောင်းပြီ... မင်းရဲ့မြွေပါသိုင်းကိုကြည့်ရသေးတာပေါ့"

စကားဆုံးသည်နှင့် လက်နှစ်ဖက်ဆန့်ထုတ်လိုက်၏။ လက်ချောင်းကလေးများကိုစုထားလိုက်ရာ မြွေဆိုးတစ်ကောင်ပါးပျဉ်းထောင်ထားသကဲ့သို့ဖြစ်သွား၏။

"ယား...."

ကျောက်စိမ်းမင်းသားက ဩသံပေးကာ စတင်တိုက်ခိုက်လိုက်၏။ လိဝမ်ရှိသည် ကြောက်ရွံ့စိတ်လုံးဝမရှိသဖြင့် ကိုယ့်ကိုယ်ကိုပင်အံ့သြမိလေသည်။

သို့သော် သူ့ကိုယ်သူ သိုင်းပညာတတ်မြောက်ထားသည်ဟု မထင်မိချေ။ သူက မြွေကိုဖမ်းသည့်မြွေပါ၏လှုပ်ရှားမှုများကိုသာတတ်ကျွမ်းနားလည်ထားသည်ဟုယုံကြည်၏။

ထို့ကြောင့် ကျောက်စိမ်းမင်းသား စတင်တိုက်ခိုက်သည့်အခါကပျာကယာနောက်ဆုတ်လိုက်၏။ ကျောက်စိမ်းမင်းသား၏တိုက်ကွက်သည် မြွေတစ်ကောင်နှင့်တူနေသည်ကိုသတိပြုမိလိုက်သည်။



မြွေ....

သူ၏မျက်လုံးထဲ၌ ကျောက်စိမ်းမင်းသားဟုမမြင်တော့ဘဲ မြွေတစ်ကောင်ဟုသတ်မှတ်လာသည့်အခါ သူ့ကိုယ်သူ မြွေပါတစ်ကောင်ကဲ့သို့ပြုမူလှုပ်ရှားလိုက်မိတော့၏။ ဤတွင် သူ၏တိုက်ကွက်သည် မြွေပါကမြွေကိုကိုက်ခဲလိုက်သည့်အလား မင်းသား၏ဦးခေါင်းဆီသို့တိုးဝင်သွား၏။

"အား...."

မင်းသား၏အော်သံနက်ကြီးထွက်ပေါ်လာလေ၏။ တိုက်ပွဲကား တစ်ခဏအတွင်းမှာပင် ပြီးဆုံးသွားပြီဖြစ်လေသည်။

၀၀၀၀

မင်းသား မရှုမလှအရေးနိမ့်သွားပြီဖြစ်၏။ သူ့အသွင်သည် လူငယ်တစ်ယောက်မှအဘိုးအိုတစ်ယောက်အဖြစ်သို့ ပြောင်းလဲသွားပြီဖြစ်သည်။ အားလုံး ထိတ်လန့်အံ့သြသွားကြသည်။

မည်သို့ဆိုစေ သိုင်း လောက၏အန္တရာယ်ဆိုးကိုနှိမ်နင်းနိုင်ပြီဖြစ်ကြောင်း သတိဝင်လာကြသည့်အခါ....

"ဟေး...."

ဝမ်းသာအားရအော်ဟစ်သံကြီး တစ်ခဲနက်ထွက်ပေါ်လာလေတော့၏။ လီဝမ်ရီဝမ်းသာနေသည်။ ကျောက်စိမ်းမင်းသားကို ဆုံးမနိုင်လိုက်သဖြင့်ကိုယ့်ကိုယ်ကိုကျေနပ်မိ၏။

"အစ်ကို...."

ခေါ်သံထွက်ပေါ်လာသဖြင့် လှည့်ကြည့်လိုက်ရာ အလွန်ချောမောလှပသည့်မိန်းကလေးတစ်ယောက် ပြေးလာနေသည်ကို တွေ့ရလေသည်။



"အစ်ကို...."

မိန်းကလေးကား အလှမယ်ပေကျို့ဝါးပင်ဖြစ်ပေ၏။

သူမက လီဝမ်ရီ၏လက်မောင်းကိုဆုပ်ကိုင်လိုက်၏။

လီဝမ်ရီ ကပျာကယာရုန်းထွက်လိုက်ပြီး....

"မင်း... မင်းဘယ်သူလဲ"

"ကျွန်မပေကျို့ဝါးလေ"

လီဝမ်ရီခေါင်းခါလိုက်သည်။

"မင်းကိုကျုပ်မသိဘူး"

ဟုခပ်ပြတ်ပြတ်ပြော၍ မည်သူ့ကိုမှအမှုမထားဘဲ ချယ်ရီပန်းတောင်ကုန်းပေါ်မှဆင်းသွားလေ၏။

ပေကျို့ဝါးသည်လည်းကောင်း...

သိုင်းလောကသားများသည်လည်းကောင်း...

အူကြောင်ကြောင်နိုင်လှသည့်လီဝမ်ရီကို နားမလည်နိုင်စွာငေးကြည့်ရင်းကျန်ရစ်ခဲ့ကြလေသည်။

၀၀၀၀

—

လိဝမ်ရိထွက်သွားပြီဖြစ်သည်။

ပေကျို့ဝါးငိုင်နေ၏။

“သမီး သူဘယ်လိုဖြစ်သွားတာလဲ”

အနီးသို့ရောက်လာသည့်ပေကျင်းနန်ကမေးလိုက်သည်။

ပေကျို့ဝါးခေါင်းခါလိုက်၏။

“သမီးလဲမသိဘူးဖေဖေ”

ပေကျင်းနန်က....

“အင်း... သမီးပြောတာမှန်တယ်... သူဟာအင်မတန်ခွကျတဲ့လူတစ်ယောက်ပါလား”

ဟုရေရွတ်လိုက်၏။

ပေကျို့ဝါးစိတ်မကောင်းဖြစ်နေ၏။

သူမ၏မျက်ဝန်းအစုံတွင် မျက်ရည်များရစ်ဝိုင်းနေ၏။

“သူ... သူက သမီးကိုဘာကြောင့်အသိအမှတ်မပြုတာလဲ”



သူမသည် ဖခင်၏ရင်ခွင်ထဲခေါင်းဝှက်၍ငိုကြွေး၏။

ပေကျင်းနန်က....

“သမီးဟာ ပိုးဟပ်ဖြူဖြစ်တယ်ဆိုတာ သူ မရိပ်မိလို့ဖြစ်မှာပေါ့သမီးရယ်”

ဟုပြောလေသည်။

“ဟင်....”

ပေကျို့ဝါးလှုပ်လှုပ်ရှားရှားဖြစ်သွား၏။

“ဒါ... ဒါ တကယ်ပဲလားဖေဖေ”

“ဖြစ်နိုင်တယ်သမီး”

ပေကျို့ဝါးဝမ်းသာသွား၏။

“သူ သမီးကိုမှတ်မိရမှာပေါ့”

သူမသည် မျက်နှာဖုံးတုတစ်ခုကိုစွပ်လိုက်၏။ ချက်ချင်းပင် ပိုးဟပ်ဖြူဆိုသည့်မိန်းကလေးအသွင်သို့ပြောင်းလဲသွားသည်။

“သမီးလိုက်သွားချင်တယ်ဖေဖေ”

ပေ့ကျင်းနန်ကရယ်မောလိုက်ပြီး....

“လိုက်သွားပါကွယ်... တော်ကြာ သူကပိုးဟပ်ဖြူကို ရေမြေဆုံးအောင်လိုက်ရှာနေမှာစိုးရိမ်ရတယ်”

သူမ ရက်သွား၏။

သို့သော် သူမသည် ဟန်မဆောင်နိုင်တော့ဘဲ....

"အစ်ကို...."

ဟုအော်ခေါ်၍ လိဝမ်ရှိနောက်သို့ပြေးလိုက်သွား၏။

ပေကျင်းနန်သက်ပြင်းချရင်း....

"တစ်ခါတလေတော့လဲ လူ့ခွစာတွေဟာ သဘောကျစရာ ကောင်းနေပါရောလား"

စိတ်ထဲမှတီးတိုးရေရွတ်လိုက်မိလေတော့၏။

ပြီး၏။

*တက္ကသိုလ်နေလင်းအောင်*